လယ်ယာ စီးပွား သတင်း

The Agri-Business News


**မျှော်မှန်းချက် (Vision)**

အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ် ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်။


နှစ်ပတ်တစ်ကြိမ် ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေသည် ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ (28-8-2019) အမှတ် (၇၆၂)

www.moai.gov.mm


# ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ ၂၃ ကြိမ်မြောက် အစည်းအဝေး ကျင်းပ၊ လယ်ယာမြေကို အကြောင်းမခိုင်လုံဘဲ လုပ်မြေအဖြစ် ထားရှိခြင်း၊ ခွင့်ပြုချက်မရှိဘဲ အခြားနည်းအသုံးပြုခြင်းတို့ကို ဥပဒေနှင့်အညီ ကြပ်မတ်မည်



နေပြည်တော် ဩဂုတ် ၇

**လယ်ယာမြေတွင် တောင်သူလယ်သမားများအတွက် အကျိုးရှိစေမည့် ရာသီသီးနှံများကို လွတ်လပ်စွာ စိုက်ပျိုးနိုင်ရေး စိစစ်ဆောင်ရွက်ကြရမည်ဖြစ်သော်လည်း လယ်ယာမြေများကို ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လုပ်မြေအဖြစ် ထားရှိခြင်း၊ ကြိုတင်ခွင့်ပြုချက်မရရှိမီ အခြားနည်းအသုံးပြုခြင်းများအပေါ် ဥပဒေနှင့်အညီ ထိန်းကျောင်းကြပ်မတ်ကြရန် လိုအပ်ကြောင်း ယနေ့နံနက် ၁၀ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ၂၃ ကြိမ်မြောက်အစည်းအဝေးတွင် အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။ (ပုံ)**

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ၂၃ ကြိမ်မြောက် အစည်းအဝေးသို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့်အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌက ဆွေးနွေးပြောကြားရာ၌ လယ်ယာမြေများ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းများနှင့် စပ်လျဉ်း၍ တည်ဆဲဝင်ငွေခွန်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ခြင်း၊ အခွန် စည်းကြပ်ခြင်းဖြင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်ငွေများ ရရှိစေရန်၊ လယ်ယာမြေဆိုင်ရာ ချုပ်ဆိုသည့်စာချုပ်စာတမ်းများအပေါ် မြန်မာနိုင်ငံတံဆိပ်ခေါင်းခွန်အက်ဥပဒေ၏ နောက်ဆက်တွဲပါ အခွန်နှုန်းထားများအတိုင်း တံဆိပ်ခွန်ထိုက်သင့်စေရန်၊ လယ်ယာမြေများ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းများကို အများဆုံးဆောင်ရွက်ကြမည့်သူများမှာ တောင်သူလယ်သမားများဖြစ်သည့်အတွက် ယင်းတို့လွယ်ကူစွာ လိုက်နာဆောင်ရွက်နိုင်သော ရိုးရှင်းသည့် လုပ်ငန်းစဉ်များဖြစ်စေရေး၊ လယ်ယာမြေ လွှဲပြောင်းခြင်းဆိုင်ရာကိစ္စများ နှောင့်နှေးကြန့်ကြာနေမှုများကြောင့် စိုက်ပျိုးရာသီချိန် ထိခိုက်မှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်ကြစေလိုကြောင်း၊

ထို့ပြင် မြေနုကျွန်းများခွဲဝေလုပ်ကိုင်ရာ၌ တာဝန်ခံဆောင်ရွက်ပေးရသည့် အဖွဲ့အစည်းများအနေဖြင့် တည်ဆဲဥပဒေ နည်းဥပဒေပါ စည်းမျဉ်းစည်းကမ်းများအတိုင်း တိကျစွာ ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ သက်ဆိုင်သည့်ဒေသခံ တောင်သူလယ်သမားများအနေဖြင့်လည်း သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာကြရန် လိုအပ်ပါကြောင်း၊ လယ်ယာမြေအခြားနည်းသုံးစွဲခွင့် ရရှိပြီးသူများကလည်း ဥပဒေပါ သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ သို့မှသာ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍဆိုင်ရာ လုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး ဦးသက်နိုင်ဦးက လယ်ယာမြေအခြားနည်း ခွင့်ပြုမိန့်ရရှိပြီးသောကိစ္စအပေါ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် နစ်နာကြေး၊ လျော်ကြေးပေးချေရန်ကိစ္စများအပါအဝင် အစည်းအဝေးက ဆွေးနွေးဆုံးဖြတ်ရမည့်လုပ်ငန်းစဉ်များကို ဖတ်ကြားတင်ပြရာ အစည်းအဝေး တက်ရောက်သူများက ဆွေးနွေးဆုံးဖြတ်ကြသည်။

ယနေ့ကျင်းပသည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ၂၃ ကြိမ်မြောက် အစည်းအဝေးတွင် နိုင်ငံတော်စီမံကိန်း လုပ်ငန်းများ၌ ပါဝင်ခဲ့သည့် လယ်မြေယာမြေများအတွက် နစ်နာကြေး၊ လျော်ကြေးနှင့် သီးနှံလျော်ကြေးပေးအပ်နိုင်ရေးကိစ္စရပ်များ၊ တိုင်းဒေသကြီး ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက အချက်အလက်ပြည့်စုံစွာဖြင့် စိစစ်ထောက်ခံပေးပို့လာသည့် လယ်ယာမြေအခြားနည်းအသုံးပြုခွင့်လုပ်ငန်းများနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ကြသည်။

**MOALI ပြန်ကြားရေး**

## ဂျပန်နိုင်ငံလှူဒါန်းသည့် အရန်ဆန်များ နေပြည်တော်ရောက်ရှိမှု စစ်ဆေးကြည့်ရှု

**မြန်မာနိုင်ငံသည် အာဆီယံ ၁၀ နိုင်ငံနှင့် ဂျပန်၊ ကိုရီးယား၊ တရုတ် အပေါင်း ၃ နိုင်ငံများဖြင့် ဖွဲ့စည်းထူထောင်ထားသော အာဆီယံ အပေါင်း ၃ အရေးပေါ် အရန်ဆန်ရိက္ခာအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံဖြစ်၍ မြန်မာနိုင်ငံ၌ သဘာဝဘေးအန္တရာယ်များကြုံတွေ့ရသည့် ပြည်သူများအား ထောက်ပံ့နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနသည် APTERR အတွင်းရေးမှူးချုပ်ရုံးနှင့်ဆက်သွယ်၍ Tier-3 အစီအစဉ်အရ ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ လှူဒါန်းထောက်ပံ့သည့်ဆန်များကို ဆက်သွယ်လျှောက်ထားခဲ့ရာ ယခုနှစ်တွင် ဂျပန်နိုင်ငံမှ ဆန်တန်ချိန် ၃၀၀၊ ကိုရီးယားသမ္မတနိုင်ငံမှ ဆန်တန်ချိန် ၅၀၀ အရန်ဆန်အဖြစ် သိုလှောင်ရန် ရရှိခဲ့သည်။** (အောက်ပုံ)

စာ - ၂ သို့





## သမဝါယမအသေးစားငွေကြေးဝန်ဆောင်မှုချေးငွေလုပ်ငန်းကြီးကြပ်မှု ဗဟိုအဆင့် လုပ်ငန်းကော်မတီအစည်းအဝေး နေပြည်တော်တွင် ကျင်းပ

နေပြည်တော် ဩဂုတ် ၁၄

**စုပေါင်းဆောင်ရွက်သည့် သမဝါယမအလေ့အထကောင်းများ အခြေခံပြီး အသေးစားနှင့်အလတ်စားကုန်ထုတ်မှုများ ဖွံ့ဖြိုးလာစေရေးအတွက် မူဝါဒလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်လျက်ရှိနေသကဲ့သို့ ချေးငွေများအပြည့်အဝပြန်လည်ရရှိရေး၊ အသင်းသားများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးကိုလည်း ထည့်သွင်းတွက်ချက်ပြီး သမဝါယမအသင်းများ၏ ငွေကြေးအရင်းအနှီးများ တောင့်တင်းစေရန်နှင့် သမဝါယမပုံရိပ်ကောင်းများ ဖော်ဆောင်နိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော် ရုံးအမှတ် ၁၆ အစည်းအဝေးခန်းမ၌ ကျင်းပသည့် သမဝါယမအသေးစားငွေကြေးဝန်ဆောင်မှုချေးငွေလုပ်ငန်းကြီးကြပ်မှု ဗဟိုအဆင့်လုပ်ငန်းကော်မတီ အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်က ပြောကြားသည်။** (ပုံ)

စာ - ၂ သို့

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ဖြစ်သူ Mr.Toshio Nishimura နှင့် တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၀

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၃ နာရီက ဂျပန်နိုင်ငံ အအိချိခရိုင်တွင် ခန့်အပ်ထားသည့် မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် Mr.Toshio Nishimura ဦးဆောင်သည့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (ပုံ)



တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်မှု၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ ဂျပန်နိုင်ငံမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စိုက်ပျိုးရေးသွင်းအားစုမြေဩဇာကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးစေရေး ကောင်းမွန်တိုးတက်စေသည့် မဟာဗျူဟာများ၊ ကျေးလက်ရေရရှိရေးလုပ်ငန်းများနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းတာဝန်များ ချမှတ်ဆောင်ရွက်နေမှုများကို ဆွေးနွေးကြသည်။

**MOALI ပြန်ကြားရေး**

# မြန်မာ-နော်ဝေ နှစ်နိုင်ငံအကြား ငါးလုပ်ငန်းနှင့်ငါးမွေးမြူရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း လက်မှတ်ရေးထိုး







နေပြည်တော် ဩဂုတ် ၁၃

**မြန်မာနိုင်ငံငါးလုပ်ငန်းဦးစီးဌာန (DoF) နှင့် နော်ဝေနိုင်ငံ အဏ္ဏဝါသုတေသနဌာန (IMR) တို့အကြား ပူးပေါင်းဆောင်ရွက်ရေးစာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဟီတန်ဟိုတယ်၌ ကျင်းပသည်။ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် နော်ဝေနိုင်ငံ သံရုံးတာဝန်ခံတို့ တက်ရောက်သည်။ ယခုအခမ်းအနားသည် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်မည့် မြန်မာနိုင်ငံနှင့် နော်ဝေနိုင်ငံတို့အကြား ငါးလုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းကနဦးဆောင်ရွက်မှုဖြစ်သည်။**

စီမံကိန်းကို နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန၏ ဌာနခွဲဖြစ်သော နော်ဝေဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ (Norad)၏ စီမံခန့်ခွဲမှုဖြင့် ငါးလုပ်ငန်းဖွံ့ဖြိုးရေးအစီအစဉ် (Fish for Development Programme) ရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး စီမံကိန်းကာလမှာ ငါးနှစ်သက်တမ်းဖြစ်ကာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်မည်ဖြစ်သည်။

စီမံကိန်းအနေဖြင့် မြန်မာနိုင်ငံငါးလုပ်ငန်းဦးစီးဌာန၏ ရေချိုငါးသယံဇာတများ စီမံခန့်ခွဲမှုနှင့် ရေချိုငါးမွေးမြူရေးလုပ်ငန်းများတွင် ခေတ်မီနည်းပညာများ ထောက်ပံ့ပေးရန် ရည်ရွယ်ကာ လုပ်ငန်းလေးရပ်ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းလုပ်ငန်းလေးရပ်မှာ

(၁) မြန်မာ့ငါးလုပ်ငန်းသတင်းအချက်အလက်စနစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊

(၂) ငါးမွေးမြူရေးနှင့်ငါးလုပ်ငန်းကဏ္ဍတို့တွင် စွမ်းဆောင်ရည်မြှင့်တင်ဆောင်ရွက်ရေး၊

(၃) စဉ်ဆက်မပြတ် ရေချိုငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အသိပညာများမြှင့်တင်ဆောင်ရွက်ရေး၊

(၄) ရေချိုငါးမွေးမြူရေးနှင့် ရေချိုငါးလုပ်ငန်းများနှင့်ပတ်သက်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ တိုးတက်အောင် ဆောင်ရွက်ရေးတို့ ပါဝင်သည်။

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နော်ဝေငါးလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာန အဏ္ဏဝါသုတေသနဌာနနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ နေပြည်တော်ရှိ ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်)၌ ရုံးခန်းဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် သုတေသနရေယာဉ်ဖြင့် လေ့လာတွေ့ရှိချက်အရ ရေအောက်ငါးပမာဏများပြားခြင်း၊ ဂေဟစနစ်ကို ထိခိုက်စေသော ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးလာခြင်းနှင့် အိမ်နီးချင်းနိုင်ငံများသို့ ရေထွက်ပစ္စည်းတင်ပို့နေသော အရေးပါသည့်ဒေသဖြစ်ခြင်းတို့ကြောင့် ဦးစားပေးဆောင်ရွက်သွားမည်ဟု သိရသည်။

**MOALI ပြန်ကြားရေး**

## ရှေ့ဖုံး – ဂျပန်နိုင်ငံ မှ

ကိုရီးယားသမ္မတနိုင်ငံမှ ရရှိသော ဆန်တန်ချိန် ၅၀၀ ကို ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့ရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် ဂိုဒေါင်တွင် စနစ်တကျသိုလှောင်ပြီး ဂျပန်နိုင်ငံမှ ဆန်တန်ချိန် ၃၀၀ မှာ ၃.၈.၁၉ ရက်က ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ၍ ထုတ်ယူကာ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် ဆန်သိုလှောင်ရုံသို့ အဆိုပါဆန်များ ၉.၈.၁၉ ရက်တွင်ရောက်ရှိ၍ သိုလှောင်နေမှုကို စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။

**MOALI ပြန်ကြားရေး**

## ရှေ့ဖုံး – သမဝါယမအသေးစား မှ

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေး၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်ငွေ၊ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သမဝါယမအသေးစားအရင်းအနှီးချေးငွေများ ထုတ်ချေးခြင်း၊ ပြန်ဆည်ပေးဆပ်ခြင်းဆိုင်ရာ အားသာချက်၊ အားနည်းချက်များ ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း၊ ချေးငွေထိရောက်မှုရှိစေရေး၊ အကြောင်းအမျိုးမျိုးကြောင့် ဆုံးရှုံးမှုမရှိစေရေးအတွက် ကြီးကြပ်မှုစနစ် ပိုမိုကောင်းမွန်ရေးတို့အတွက် ညှိနှိုင်းဆောင်ရွက်ခဲ့သည့်အပြင် အသင်းသားများချေးငွေပေးဆပ်ရာတွင် အဆင်ပြေစေရေးအတွက် မူလကခြောက်လတစ်ကြိမ် အတိုးအရင်းအားလုံးပေးဆပ်သည့်စနစ်ကျင့်သုံးရာမှ ပထမခြောက်လတွင် ထုတ်ချေးငွေ၏ ၁၆ ပုံတစ်ပုံအရင်းနှင့်ကျသင့်အတိုးကိုသာပေးဆပ်ခွင့်ပြုခြင်းနှင့် ဒုတိယခြောက်လ (တစ်နှစ်ပြည့်ချိန်)တွင် ထုတ်ချေးငွေအရင်း + အတိုးအားလုံးအပြေအကြေ ပေးဆပ်သည့်စနစ်ဖြင့် ဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**MOALI ပြန်ကြားရေး**



# ကန်ထရိုက်လယ်ယာစနစ်ဖြင့် မြေပဲစိုက်ပျိုးထုတ်လုပ်မည့် တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

မကွေး ဩဂုတ် ၁၆

**ကန်ထရိုက်လယ်ယာစနစ်ဖြင့် မြေပဲစိုက်ပျိုးထုတ်လုပ်မည့်တောင်သူများနှင့်တွေ့ဆုံဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ဝင်း၊ ခရိုင်၊ မြို့နယ်တာဝန်ရှိသူများ၊ MAPCO မကွေးတိုင်းတာဝန်ခံနှင့်ဝန်ထမ်းများ၊ NAG မှ တာဝန်ရှိသူများ၊ တိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ကျေးရွာလေးရွာမှ တောင်သူများ၊ မြို့နယ်ရုံးမှဝန်ထမ်းများ၊ စုစုပေါင်း ၅၀ ဦးခန့် တက်ရောက်ကြသည်။**

မြေပဲသီးနှံကို ကန်ထရိုက်လယ်ယာစနစ်ဖြင့် ကျေးရွာလေးရွာတွင် ဧက ၇၅၀၊ တောင်သူ ၁၄၇ ဦးဖြင့် စိုက်ပျိုးထုတ်လုပ်မည်ဖြစ်ပြီး မြန်မာ့ရွှေဆောင်ဘဏ်က တစ်ဧကလျှင် ကျပ်နှစ်သိန်းခွဲ ထုတ်ချေးပေးမည်ဟု သိရသည်။

**မော်မော်ဝင်း**
**(တိုင်းစိုက်ပျိုးရေး)**

စီးပွား သတင်း
The Agri-Business News

**အယ်ဒီတာချုပ်**
မြတ်စိုး(လှိုင်)

**အမှုဆောင်အယ်ဒီတာ**
တင်ကြည်လှိုင်

**သတင်းအင်အားစု**
ဆန်းညွန့် (ရေနံချောင်း)၊
သိန်းဖေ၊ အင်ပင်သန်းငွေးအောင်၊
မော်ကျွန်းမြင့်အောင်
မာမာတင့်(မြင်းခြံ)၊
ရွှေ (လှိုင်သာယာ)၊
ခင်မေကြည် (မန္တလေး)၊
ဇော်နိုင်ဝင်း (မုံရွာ)၊
တင်မလတ် (မော်လမြိုင်)၊
ညောင်ဦးဖိုး၊ အောင်နိုင် (ပခုက္ကူ)၊
ကြေးမုံယ်၊ ဖြူမာချို (ရန်ကုန်)၊
မြတ်သဉ္ဇာလှိုင် (ဘားအံ)၊

**ထုတ်ဝေသူ**
**ဦးမျိုးတင့်ထွန်း**
**မြဲ - ၀၀၄၁၀**

**ပုံနှိပ်သူ**
**ဦးမောင်နီ**
**မြဲ - ၀၀၂၆၉**
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက် ရန်ကုန်မြို့

**ဒေါင်းစီးအလုံး**
**သက်မော်**

**ဒီဇိုင်း**
**စိုးဟန်၊ နွယ်နီ**

**ဖလင်၊ ကာလာခွဲ**
**မြကျွန်းသာ**

**ကြော်ငြာ**
**လယ်ယာစီးပွားသတင်းအဖွဲ့**

**ဖြန့်ချိရေး**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်**
**ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများ**
**ရန်ကုန် – စာပေဗိမာန်အရောင်းဆိုင်**
**– ဝါမိုးအောင်စာပေ၊**
**စာပေဗိမာန်အနီး**
**မန္တလေး – မန္တလေးရုံးခွဲ**
**စီမံကိန်းဦးစီးဌာန**

**ဆက်သွယ်ရန်**
**လယ်ယာစီးပွားသတင်း**
**ကမ္ဘာအေးဘုရားလမ်း၊**
**စိမ်းလဲ့မေလမ်းသွယ်**
**ရန်ကင်းစာတိုက် ရန်ကုန်မြို့**
**ဖုန်း–၆၆၃၅၀၅**
Email:agribusinessnews2000@gmail.com

**အယ်ဒီတာ့အာဘော်**

# မြန်မာ့ဆီထွက်သီးနှံ ပိုမိုထုတ်လုပ်ရန် အချိန်တန်

နိုင်ငံတကာတွင် ပြောင်းလဲလာသောဈေးကွက်အခြေအနေအရ ဆီထွက်သီးနှံများသည် ရှေ့တန်းသို့ ရောက်ရှိလာသည်။

မြန်မာနိုင်ငံအနေဖြင့်မူ ဆန်စပါး၊ ပဲမျိုးစုံနှင့်ဆီထွက်သီးနှံများသည် အရေးပါလျက် ရှိသည်။

ထိုသီးနှံများကိုလည်း ပြည်တွင်းစားသုံးမှုမှ ပိုလျှံသမျှ ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချလျက် ရှိသည်။

မြန်မာနိုင်ငံ၏ဆီစားသုံးမှုမှာ တလစာ လူတစ်ဦးလျှင် ပျမ်းမျှ ၆၀ ကျပ်သားရှိသည်ဆို၏။ တစ်နည်းအားဖြင့် တစ်ကီလိုဂရမ်ခန့်စားသုံးသဖြင့် တစ်နှစ်စာ လူတစ်ဦးအတွက် ၁၂ ကီလိုဂရမ် လိုအပ်လျက်ရှိသည်။

ထို့ကြောင့် လက်ရှိလူဦးရေနှင့်တွက်လျှင် တစ်နှစ်အတွက် ပြည်တွင်းစားသုံးမှုလိုအပ်ချက်မှာ မက်ထရစ်တန် ခြောက်သိန်းခွဲခန့်ဖြစ်သည်။

ထို့ပြင် စက်မှုကုန်ကြမ်း စားသောက်ဆိုင်လုပ်ငန်းများနှင့် ကမ္ဘာလှည့်ခရီးသည် (ဧည့်သည်)များ၏ စားသုံးမှုလိုအပ်ချက်ကိုပါ တွက်ချက်သောအခါ တစ်နှစ်လျှင် မက်ထရစ်တန်လေးသိန်းကျော်ရှိနေသဖြင့် နိုင်ငံတစ်ခုလုံး၏ တစ်နှစ်စာစားသုံးဆီလိုအပ်ချက်မှာ မက်ထရစ်တန် ၁၀ သိန်းခွဲခန့်နှစ်စဉ်လိုအပ်လျက် ရှိနေသည်။

မြန်မာနိုင်ငံ၏စိုက်ပျိုးမြေဧကမှာ ၄၅ သန်းကျော်ရှိသည့်အနက် ဆီထွက်သီးနှံဧက ခုနစ်သန်းခွဲ (စိုက်ပျိုးမြေအားလုံး၏ ၁၆ ရာခိုင်နှုန်း)သာ စိုက်ပျိုးသဖြင့် ဆီထွက်သီးနှံ မက်ထရစ်တန် ၁၃ သိန်းကျော်သာ ထွက်ရှိသည်။

ထိုသို့ထွက်ရှိသည့်အနက်မှ ဆီထွက်သီးနှံလုံးဆန် မက်ထရစ်တန်သုံးသိန်းကျော်ကို ပြည်ပသို့နှစ်စဉ်တင်ပို့ရောင်းချနေသဖြင့် ဆီထွက်သီးနှံလက်ကျန်မက်ထရစ်တန် ၁၀ သိန်းကျော်သာ ဆီကြိတ်ခွဲနိုင်ပြီး စားသုံးဆီမက်ထရစ်တန် လေးသိန်းကျော်သာ ထွက်ရှိစားသုံးနိုင်သဖြင့် နှစ်စဉ်လိုအပ်ချက် တန်ခြောက်သိန်းခွဲခန့်ကို ပြည်ပမှတင်သွင်းနေရဆဲဖြစ်သည်။

မြန်မာ့ဆီစားသုံးမှုကို လက်ရှိအခြေအနေအရ တစ်နှစ်လျှင် လူတစ်ဦး ၁၂ ကီလိုဂရမ်နှုန်းဖြင့်သာ တွက်ချက်ထားသော်လည်း အိမ်နီးချင်း ထိုင်းနိုင်ငံတွင် ၄၂ ကီလိုဂရမ်၊ မလေးရှားတွင် ၃၈ ကီလိုဂရမ်ရှိနေကာ ကမ္ဘာတစ်ခွင် ပျမ်းမျှစားသုံးမှုသည်ပင် ၂၆ ဒသမ ၇ ကီလိုဂရမ်ရှိနေသည်ဟု လေ့လာသူများက တွက်ချက်ထားသဖြင့် မြန်မာနိုင်ငံသည်လည်း စားသုံးဆီလိုအပ်ချက် တစ်နှစ်ထက်တစ်နှစ် ပိုလာဖွယ်သာ ရှိနေသည်။

ယနေ့ ပြည်တွင်းပြည်ပဈေးကောင်းရနေသည့် ဆီထွက်သီးနှံမှာ မြေပဲနှင့်နှမ်းက ထိပ်ဆုံးမှဖြစ်နေကာ ဝယ်လိုအားကောင်းသဖြင့် ရောင်းသူဈေးကွက်လည်းဖြစ်နေရာ မြန်မာတောင်သူများအနေဖြင့် မြေပဲနှင့်နှမ်းကို အလေးထားကာ တိုးချဲ့စိုက်ပျိုးရန် အချိန်တန်နေပြီဖြစ်သည်။

လက်ရှိအခြေအနေ၌ပင် မြန်မာ့ဆီထွက်သီးနှံမှာ တစ်နှစ်လျှင် မက်ထရစ်တန် ၁၃ သိန်းကျော်ထွက်ရှိနေပြီး ဆီထွက်သီးနှံတစ်တန်၏ ယနေ့ပေါက်ဈေးမှာ အမေရိကန်ဒေါ်လာ ၁၈၀၀ ကျော်ရှိနေသဖြင့် လုံးဆန်အတိုင်း ရောင်းချသည့်တိုင် အမေရိကန်ဒေါ်လာသန်းပေါင်း ၃၀၀၀ နီးပါးဝင်ငွေရရှိလာမည်ဖြစ်၍ ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကို ယနေ့ပေါက်ဈေးဖြင့် ပြည်ပမှဝယ်ယူတင်သွင်းရသည့်တိုင် အမေရိကန်ဒေါ်လာသန်းပေါင်း ၂၀၀၀ ကျော် အကျိုးအမြတ်ရှိနေဦးမည်ဟု စီးပွားရေးကျွမ်းကျင်သူများက တွက်ချက်ခန့်မှန်းထားကြသည်။

၂၀၁၃ ခုနှစ်က FAO ၏ ထုတ်ပြန်ချက်အရ ဆီထွက်သီးနှံ မြေပဲတစ်ဧက ပျမ်းမျှအထွက်နှုန်းများမှာ မြန်မာတွင် တင်း ၄၀၊ ဗီယက်နမ်တွင် တင်း ၈၀၊ အိန္ဒိယက တင်း ၉၀ နှင့် တိုင်ပေက တင်း ၁၂၀ အထိ ထွက်ရှိနေသဖြင့် မြန်မာနိုင်ငံအနေဖြင့် စိုက်ဧကတိုးချဲ့ရုံသာမက တစ်ဧကအထွက်နှုန်းမြှင့်တင်ရန်လည်း နည်းလမ်းရှာကြံသင့်ပြီဖြစ်သည်။

သို့ဖြစ်၍ **"လိုလျှင်ကြံဆ၊ နည်းလမ်းရ"** ဆိုစကားနှင့်အညီ အထွက်နှုန်းရော စိုက်ဧကပါတိုးမြှင့်ကာ ဆီထွက်သီးနှံမှ ပြည်ပဝင်ငွေရရှိရေးနှင့် ပြည်တွင်းစားသုံးဆီဖူလုံရေးကို အလေးထားကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပေသည်။ ။



## ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဘားအံတွင် ဖွင့်လှစ်

ဘားအံ ဩဂုတ် ၂၀

**ငွေစာရင်း၊ စီမံခန့်ခွဲရေးဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း အမှတ်စဉ် ၂/၂၀၁၉ ဖွင့်ပွဲကို ၁၉.၈.၁၉ ရက် နံနက် ၉ နာရီက စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဦးစီးမှူး ဦးသန်းထိုက်နှင့် ပြည်နယ်တာဝန်ခံများ၊ စိုက်ပျိုးရေးသိပ္ပံ (ဖွဲ့ကပင်) ကျောင်းအုပ်ဆရာကြီးနှင့် သင်တန်းသား၊ သင်တန်းသူ ၆၀ ဦး တက်ရောက်ကြသည်။**

ရှေးဦးစွာ ပြည်နယ်ဦးစီးမှူး ဦးသန်းထိုက်က အဖွင့်အမှာစကားပြောကြားပြီး စီမံရေးရာနှင့် ငွေစာရင်းဆိုင်ရာ လုပ်ငန်းများ သုံးရက်ကြာ ပို့ချသည်။

**ရီရီစိန်**

— — — — — — — — —

## ရှမ်းပြည်နယ် သမဝါယမဦးစီးဌာနဝန်ထမ်းများ ငွေစု/ချေးသမအသင်း (လီမိတက်) ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အသစ်ရွေးချယ်ပွဲ ကျင်းပ

တောင်ကြီး ဇူလိုင် ၂၉

**သမဝါယမဦးစီးဌာနဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်းလီမိတက် ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အသစ်ရွေးချယ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**(သမဝါယမ)**

## စွမ်းအားမြင့်မျိုးစေ့များဖြန့်ဖြူးခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်လှစ်

အုတ်ဖို ဩဂုတ် ၅

**စိုက်ပျိုးရေးဦးစီးဌာန၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ (KOICA) နှင့် ကိုရီးယားရာသီဥတုပြောင်းလဲမှုဗဟိုဌာန (Korea CCC)တို့ ပူးပေါင်းဆောင်ရွက်သည့် စွမ်းအားမြင့်မျိုးစေ့များဖြန့်ဖြူးခြင်းစီမံကိန်း စတင်ခြင်းအလုပ်ရုံဆွေးနွေးပွဲနှင့် စီမံကိန်းအကောင်အထည်ဖော်မှု ညှိနှိုင်းဆွေးနွေးပွဲကို သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။**

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောသူရအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးထင်လင်းအောင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုဝင်းက သစ်တောပြုန်းတီးမှုကာကွယ်နိုင်ရေး၊ ထင်းသုံးစွဲမှုလျှော့ချနိုင်ရေး၊ ကာဗွန်ထုတ်လုပ်မှု လျှော့ချရေးတို့အတွက် ရည်ရွယ်ပြီး စွမ်းအားမြင့်မီးဖိုများကို ဖြန့်ဖြူးရခြင်းဖြစ်ကြောင်း၊ အုတ်ဖိုမြို့နယ်အတွင်းရှိ လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာ ၁၄၂ ရွာမှ အိမ်ထောင်စုပေါင်း ၁၆၄၇၀ အား အောက်တိုဘာတွင် စွမ်းအားမြင့်မီးဖိုများ ပေးအပ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



**အောင်သူဆွေ (ပြန်/ဆက်)**




# ဆန်စပါးအရည်အသွေးကောင်းစေရန် ရိတ်ရှာအခြေပြု အခြောက်ခံစက်နှင့် အသေးစားသိုလှောင်ရုံများ တည်ဆောက်ချိန်တန်ပြီ

**မြန်မာ** **နိုင်ငံ၏ အဓိကရိက္ခာသီးနှံဆန်စပါးကို နှစ်စဉ် မိုးစပါး၊ နွေစပါး စုစုပေါင်းဟက်တာ ၇ ဒသမ ၂၆ သန်းကျော်စိုက်ပျိုးလျက်ရှိပြီး စပါးမက်ထရစ်တန်သန်းပေါင်း ၂၈ ဒသမ ၀၉ သန်းထွက်ရှိနေသည်။ စပါးသည် မြန်မာနိုင်ငံစုစုပေါင်းသီးနှံစိုက်ပျိုးမှု၏ ၅၀ ရာခိုင်နှုန်းကျော် စိုက်ပျိုးလျက်ရှိသည်။**

စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် ရိတ်သိမ်းချိန်၊ ဆွတ်ခူးခြွေလှေ့ချိန်၊ သယ်ယူပို့ဆောင်ချိန်၊ သန့်စင်ချိန်၊ အခြောက်ခံချိန်၊ ကြိတ်ခွဲသိုလှောင်ချိန်၊ ထုပ်ပိုးချိန် အဆင့်တိုင်း၌ အရည်အသွေးရော အရေအတွက်များစွာ ကမ္ဘာတစ်ခွင် လေလွင့်ဆုံးရှုံးမှုများ ကြုံတွေ့ခံစားနေကြရသည်။ ဤသို့ ဆန်စပါးလေလွင့်ဆုံးရှုံးမှုများကိုသာ စနစ်တကျကာကွယ်ထိန်းသိမ်းနိုင်မည်ဆိုလျှင် လူဦးရေသန်းပေါင်း ၇၀၀ ကျော်ခန့်ကို ငါးနှစ်စာကျွေးရန် လုံလောက်သည်ဟု ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးက မီးမောင်းထိုးပြထားသည်။

မြန်မာနိုင်ငံတွင်မူ စပါးရင့်မှည့်ချိန်မှ ရိတ်သိမ်းသယ်ယူသိုလှောင်ချိန်အထိ ထုတ်လုပ်မှုပျမ်းမျှ၏ ၇ ဒသမ ၆ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းအထိ လေလွင့်ဆုံးရှုံးနေသည်။ စပါးရိတ်သိမ်းသယ်ယူစဉ်မှာ ၁ ဒသမ ၄ ရာခိုင်နှုန်း၊ သိုလှောင်စဉ်မှာ ၄ ဒသမ ၂ ရာခိုင်နှုန်းအဟောသိကံဖြစ်နေသည်ဟု ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနမှတ်တမ်းများက ထောက်ပြထားသည်။

မြန်မာနိုင်ငံတွင် ဤသို့ဆန်စပါးလေလွင့်ဆုံးရှုံးမှုများ ကြုံတွေ့ခံစားနေရခြင်းသည် ရိတ်သိမ်းချိန်လွန်နည်းပညာ (Post Harvest Technology) လိုက်နာကျင့်သုံးမှု အားနည်းခြင်းက အဓိကဖြစ်နေသည်ကို တွေ့ရသည်။ ရိတ်သိမ်းချိန်လွန်နည်းပညာ ကျင့်သုံးဆောင်ရွက်နိုင်မှုသည် ဆန်စပါးအရည်အသွေးကောင်းမွန်မှုကို ကြီးစွာလွှမ်းမိုးနေသည်။ ရိတ်သိမ်းချိန်လွန်နည်းပညာတွင် စပါးရိတ်ချိန်မှန်ကန်ခြင်း၊ ခြွေလှေ့သန့်စင်စနစ် မှန်ကန်ခြင်း၊ အခြောက်ခံစနစ်မှန်ကန်ခြင်း၊ သိုလှောင်စနစ် မှန်ကန်ခြင်း၊ အဆင့်မြင့်ဆန်စက်ကြီးများဖြင့် ကြိတ်ခွဲခြင်းစသည့်လုပ်ငန်းအဆင့်များပါဝင်ပြီး အဆိုပါအဆင့်များသည် ဆန်စပါး၏အရည်အသွေးကောင်းမွန်စေမှုအပေါ် အကျိုးသက်ရောက်မှု ကြီးမားလှသည်။

ဆန်စပါးအရည်အသွေးကောင်းစေရန် ရိတ်သိမ်းချိန်မှန်ကန်ရေးသည် အဓိကသော့ချက်ဖြစ်သည်။ စပါးမောင်းညီချိန် (အနှံထွက်ပြီး ရက် ၃၀) သည် ရိတ်သိမ်းရန် အသင့်တော်ဆုံးအချိန်ဖြစ်သည်။ ၎င်းအချိန်တွင် တိကျစွာရိတ်သိမ်းနိုင်ပါက အရည်အသွေးကောင်းဆန် ၅၅ ရာခိုင်နှုန်းရရှိပြီး ဆန်ထွက် ၆၅ ရာခိုင်နှုန်းအထိ ရရှိသည်ဟု ရေဆင်းစိုက်ပျိုးရေးသုတေသန၏ စပါးငါးမျိုးအပေါ် ငါးနှစ်တာသုတေသနစမ်းသပ်တွေ့ရှိချက်အရ ဆိုထားပါသည်။

တစ်ဖန်စပါးမောင်းညီချိန်တွင် ရိတ်သိမ်းပါက စပါးစေ့အတွင်း၌ အစိုဓာတ် ၂၀-၂၅ ရာခိုင်နှုန်းအထိ ပါရှိလာပါသည်။ ၎င်းအစိုဓာတ်သည် စပါး၏အရည်အသွေး၊ ဆန်၏အရည်အသွေးကို ထိန်းချုပ်ထားပါသည်။ ရိတ်သိမ်းချိန်လွန်နည်းပညာအရ စပါးအရည်အသွေးကောင်း၊ ဆန်အရည်အသွေးကောင်း ရရှိစေရန် ရိတ်သိမ်းပြီး ၂၄ နာရီအတွင်း စပါးစေ့၏ အစိုဓာတ်ကို ၁၈ ရာခိုင်နှုန်းအထိရောက်ရှိအောင် ၄၈ နာရီအတွင်း စပါးစေ့၏အစိုဓာတ် ၁၃ မှ ၁၄ ရာခိုင်နှုန်းအထိ ရောက်ရှိအောင် အခြောက်ခံရန် အထူးလိုအပ်ပါသည်။ စပါးစေ့အတွင်းရှိအစိုဓာတ်ကို သတ်မှတ်ချိန်အတွင်း သတ်မှတ်အစိုဓာတ်ရာခိုင်နှုန်းအထိ ရောက်ရှိအောင် အခြောက်မခံနိုင်ပါက အဆိုပါအစိုဓာတ်၏ ဒုက္ခပေးမှုကြောင့် အပူငွေ့တက်၊ မှိုတက်၊ အရောင်ပျက်၊ ဆန်သားအက်၊ အကျိုးအကြေများပြီး အရည်အသွေးကျသွားစေပါသည်။ တောင်သူလယ်သမားများ သမားရိုးကျနေလှန်းအခြောက်ခံခြင်းသည် သတ်မှတ်အချိန်အတွင်း သတ်မှတ်အစိုဓာတ်ရရှိအောင် မည်သို့မျှ မဆောင်ရွက်နိုင်ပါ။ သို့ပါ၍ စပါးစေ့အတွင်းရှိ အစိုဓာတ်ကို သတ်မှတ်ချိန်အတွင်း သတ်မှတ်အစိုဓာတ်ရာခိုင်နှုန်းထိရရှိရန် အခြောက်ခံစက်ဖြင့်သာ စွမ်းဆောင်နိုင်မည် ဖြစ်ပါသည်။

ရိတ်သိမ်းချိန်လွန်နည်းပညာအရ အပူချိန်သည် ၁၀၀ ဒီဂရီဖာရင်ဟိုက် (သို့မဟုတ်) ၆၅ ဒီဂရီစင်တီဂရိတ်ထက်ကျော်နေလျှင် စပါးအခြောက်မလှန်းသင့်ပေ။ နေလောင်ဒဏ်ခံရ၍ ဆန်ရောင်ပျက် ဆန်သားအက်စေပါသည်။ စပါးစေ့အတွင်းတွင် အစိုဓာတ်သုံးမျိုးတည်ရှိနေပါသည်။ (၁) ဖွဲ့စည်းအစိုဓာတ် (Bound Moisture)၊ (၂) စုပ်ယူထားသောအစိုဓာတ် (Absorbed Moisture)၊ (၃) ကင်းလွတ်အစိုဓာတ် (Free Water) ဖြစ်ပါသည်။ ဖွဲ့စည်းအစိုဓာတ်သည် ဒြပ်စင်များဖြင့် ဖွဲ့စည်းထား သဖြင့် ဆွဲထုတ်ယူရန် ခက်ခဲပါသည်။ စုပ်ယူထားသောအစိုဓာတ်သည် ဖွဲ့စည်းအစိုဓာတ်၏ အပေါ်ယံလွှာတွင်ရှိပြီး ဟိုက်ဒရော့ဆိုဒ်၊ အေမိုက်များပျော်ဝင်နေသဖြင့် အပူချိန်ကိုမြှင့်၍သာ ထုတ်ယူနိုင်ပါသည်။ ကင်းလွတ်အစိုဓာတ်သည် စပါးစေ့၏ တစ်သျှူးလွှာများအတွင်းတွင် လွတ်လပ်စွာ တည်ရှိနေသဖြင့် အပူချိန်နှင့် လွယ်လွယ်ဖယ်ရှားပစ်နိုင်ပါသည်။ ဤအစိုဓာတ်သည် သိုလှောင်စဉ်တွင် စပါး၊ ဆန်အရည်အသွေးကျစေရန် ဒုက္ခကြီးစွာပေးသော အစိုဓာတ်ဖြစ်သဖြင့် မဖြစ်မနေအခြောက်ခံဖယ်ထုတ်ရန် လိုအပ်ပါသည်။

ဤသို့စပါးစေ့အတွင်းရှိအစိုဓာတ်ကို ဖယ်ရှားရာ၌ စပါးစေ့ထဲတွင် သဘာဝအရ သာမန်အစိုဓာတ်ဆိုလျှင် အပူချိန်ပြင်းလွန်းပါက စပါးစေ့အတွင်းရှိ ဆန်စေ့၌ ဖြောင့်သောအက်ကြောင်းများ ဖြစ်ပေါ်စေပြီး စပါးအရည်အသွေးကျဆင်းစေပါသည်။ အကယ်၍ စပါးစေ့အတွင်းရှိသော အစိုဓာတ်သည် သဘာဝအရ မဟုတ်ဘဲ မှုလများပြားစွာတည်ရှိမှု၊ ရေစိုမိုးစိုခံရမှုကြောင့် ဖြစ်ပါက အပူချိန်ပြင်းပြင်းဖြင့် အခြောက်လှန်းလျှင် ဆန်စေ့၏အက်ကြောင်းများသည် ကွေ့ကွေ့ကောက်ကောက်ဖြစ်ပေါ်စေပြီး စပါးအရည်အသွေးကို ကျဆင်းသွားစေပါသည်။ စပါးကို အခြောက်ခံပြီးပါက အစေ့တွင်းအစိုဓာတ်သည် ၁၄ ရာခိုင်နှုန်းသာရှိရန် သေချာဖို့လိုအပ်ပါသည်။ အစိုဓာတ်ပါဝင်မှုမသေချာပါက အရည်အသွေးကျဆင်းမှုဒဏ်ခံရမည်မှာ မလွဲဧကန်ဖြစ်သည်။

စပါးကိုအခြောက်ခံရာတွင် အခြောက်ခံနေစဉ် အပူချိန် ၄၃ ဒီဂရီစင်တီဂရိတ် တစ်သမတ်တည်း ထိန်းထားပြီး စပါးတစ်စေ့ချင်းအပေါ် ကျရောက်သည့် အပူချိန်တူညီနေမှသာ စပါးအရည်အသွေး ကောင်းစေမည်ဖြစ်ပါသည်။ တောင်သူလယ်သမားများ မိရိုးဖလာနည်းဖြင့် နေလှန်းအခြောက်ခံခြင်းစနစ်သည် အပူချိန် ၄၃ ဒီဂရီစင်တီဂရိတ် တစ်သမတ်တည်း ထိန်းထားရန်မလွယ်ကူခြင်း၊ စပါးတစ်စေ့ချင်းအပေါ် ကျရောက်သည့် အပူချိန်သည်လည်း မတူညီနိုင်သဖြင့် အရည်အသွေးကောင်းစပါးရရှိရန် မလွယ်ကူပါ။ **သို့အတွက် အခြောက်ခံစက်ကိုသာ မလွဲမသွေ အသုံးပြုရန် လိုအပ်ပါသည်။**

**စပါးစေ့အတွင်း တည်ရှိနေသော အစိုဓာတ်သည် သိုလှောင်မှုသက်တမ်းကိုလည်း လွှမ်းမိုးနေပါသည်။ စပါးစေ့အတွင်း အစိုဓာတ် ၁၃ မှ ၁၄ ရာခိုင်နှုန်းရှိပါက နှစ်ဝက်သိုလှောင်ထားနိုင်ပါသည်။ အစိုဓာတ် ၁၀ မှ ၁၂ ရာခိုင်နှုန်းရှိပါက တစ်နှစ်သိုလှောင်ထားနိုင်ပါသည်။ အစိုဓာတ် ၉ မှ ၁၁ ရာခိုင်နှုန်းရှိပါက လေးနှစ်ထိသိုလှောင်ထားနိုင်ကြောင်း မျိုးစေ့နည်းပညာသုတေသနက ဆိုထားပါသည်။** သိုလှောင်ရုံအတွင်းရှိ စိုထိုင်းဆပမာဏသည် သိုလှောင်စဉ် ပိုးမွှားရောဂါကျရောက်မှုကိုလည်း ဖြစ်ပေါ်စေပါသည်။ စိုထိုင်းဆ ၅၀ ရာခိုင်နှုန်းအထက်ရှိနေပါက (များနေပါက) အင်းဆက်ပိုးမွှား၊ ရောဂါလှုပ်ရှားမှုများစေပါသည်။ စိုထိုင်းဆ ၅၀ ရာခိုင်နှုန်းအောက်နိမ့်ကျသွားပါက အင်းဆက်ပိုးမွှားရောဂါလှုပ်ရှားမှုနည်းစေပါသည်။ စိုထိုင်းဆ ၃၅ ရာခိုင်နှုန်းအောက်နိမ့်ကျသွားပါက လှုပ်ရှားမှုလုံးဝရပ်ဆိုင်းသွားစေပါသည်။ စပါးကိုအခြောက်ခံပြီး မသိုလှောင်မီ ဖုန်၊ ခဲ၊ သလဲ၊ အဖျင်း၊ အမှော်၊ အမှိုက်များပြောင်စင်အောင် သန့်စင်ရန် လိုအပ်ပါသည်။ **ရာခိုင်နှုန်းပြည့် သန့်စင်မှုမရှိပါက စပါးစေ့ကိုလိုအပ်သည့်အစိုဓာတ်အထိ မည်သို့ပင်အခြောက်ခံစေကာမူ ရောနှောပါလာသော အဖျင်း၊ အမှော်၊ အမှိုက်၊ ဖုန်၊ ခဲ၊ သလဲသီးနှံအပိုင်းအစများမှ ထွက်ပေါ်လာသည့် အစိုဓာတ်ကြောင့် စပါးအစိုပြန်ပြီး မှိုတက်၊ အရောင်ပျက်၊ ဆန်သားအက်၍ အရည်အသွေးကျဆင်းစေမည် ဖြစ်ပါသည်။**

ရိတ်သိမ်းချိန်လွန်နည်းပညာတွင် **စနစ်တကျသိုလှောင်ခြင်း**သည်လည်း စပါးအရည်အသွေးကောင်းမွန်မှုကို လွှမ်းမိုးထားပါသည်။ ဆန်စပါးကို စနစ်တကျသိုလှောင်ခြင်းမရှိပါက ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အရည်အသွေးနှင့်အလေးချိန်ပါ ဆုံးရှုံးမှုသည် ၂၅ မှ ၅၀ ရာခိုင်နှုန်းထိရှိကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏အစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ဆန်စပါးကို သိုလှောင်ခြင်းသည် ရိတ်သိမ်းခြွေလှေ့စဉ်ပါလာသော အရည်အသွေးကောင်းလက္ခဏာများကိုလည်းကောင်း၊ ထုထည်ပမာဏကိုလည်းကောင်း၊ မိမိအသုံးပြုလိုသောအချိန်တွင် ပျက်စီးခြင်း၊ လျော့ပါးခြင်းမရှိအောင် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းဖြစ်သည်။ ဤသို့သိုလှောင်ခြင်းသည် သီးနှံ၏မူလအရည်အသွေးထက်သာလွန်ကောင်းမွန်လာစေခြင်း၊ မူလထုထည်ပမာဏထက်ပိုမိုလာစေခြင်း၄ာ မစွမ်းနိုင်ပါ။ သို့သော် ပျက်စီးလေလွင့်ဆုံးရှုံးသွားပြီးသော သီးနှံ၏အရည်အသွေးနှင့်ထုထည်ပမာဏကို သိုလှောင်ခြင်းဖြင့် မကုစားနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

ဆန်စပါးသိုလှောင်ရာတွင် **စိုထိုင်းဆနှင့် အပူချိန်** တို့သည် အရည်အသွေးကို ဖန်တီးနိုင်ပါသည်။ မျိုးစေ့၏သက်တမ်းကိုလည်း ပြောင်းလဲစေနိုင်ပါသည်။ အပူချိန်နိမ့်သော်လည်း အစိုဓာတ်များနေပါက မြန်မြန်ပျက်စီးစေပါသည်။ တစ်ဖန်အပူချိန်လည်း မြင့်၊ စပါးဆန်စေ့၏ အစိုဓာတ်ကလည်းများနေပါက ပိုမိုပျက်စီးစေပါသည်။ ပတ်ဝန်းကျင်အပူချိန် မြင့်လာပါက စိုထိုင်းဆနိမ့်ကျပြီး အစေ့အဆန်၏အစိုဓာတ်လည်း နိမ့်ကျလာစေပါသည်။ ကောင်းစွာခြောက်သွေ့သောဆန်စပါးစေ့ကို အပူချိန် ၈၀ ဒီဂရီဖာရင်ဟိုက်တွင်လည်းကောင်း၊ အစိုဓာတ်များနေသော အခြေအနေတွင် ၅၀ ဒီဂရီဖာရင်ဟိုက်တွင်လည်းကောင်း သိုလှောင်နိုင်ပါသည်။ ဒေါက်တာဟယ်ရီတန်၏အဆိုအရ အပူချိန်နှင့် **အစိုဓာတ်နှစ်ခုပေါင်းခြင်းသည် ၁၀၀ ထက် မကျော်ပါက**

စာ - ၁၄ သို့

ရေးပြချင်တဲ့ အတွေးစတစ်မျှင်

# ကျေးဇူး

မြတ်စိုး(လှိုင်)



**အညာ နွေ၏အပူရှိန်မှာ ပြင်းထန်လှ၏။ ယခုညတွင် စတင်ဖျော်ဖြေရန် ရွှေမန်းဇာတ်သဘင်အဖွဲ့သားများ မွန်းတည့်ချိန်တွင် ဇာတ်ရုံကြီးသို့ ပွဲကူးရောက်ရှိလာကြသည်။**

နေ့လယ်စာစားပြီးနောက် အညာနေရှိန်ကို အကာအကွယ်ယူကာ အဖွဲ့သားများ ဇာတ်စင်ကြီးအောက်တွင် တရေးတမောအိပ်ရင်း ခေတ္တအနားယူနေကြသည်။

ဇာတ်မင်းသားကြီး အလင်္ကာကျော်စွာ ရွှေမန်း (ဦး) တင်မောင်ခမျာမှာတော့ ထိုညအတွက် တင်ဆက်မည့် အစီအစဉ်တွေကို တွေးတောရင်း အများသူငါလို အနားမယူနိုင်သေးရှာပေ။

ဟိုအဝေးမှာတော့ ညို့ညို့မှိုင်းမှိုင်း တောင်တန်းကြီးတွေ နောက်ခံပြုကာ နီတျာတျာ ပင်လုံးကျွတ်ပွင့်နေသော လက်ပံပင်ကြီးတွေ၊ ပတ္တမြားအသွေး ဖွေးဖွေးလှုပ်ပွင့်နေကြသော ပေါက်ပန်းပွင့်တွေက နွေအလှကို မှုန်းခြယ်နေကြသယောင်။

ပူပြင်းလွန်းသည့်နေပူရှိန်ကြောင့် တံလှပ်တွေတရိပ်ရိပ်ပြေးကာ ရိုးတံကျဲကျဲ ပင်ယံထက်ဆီမှ ဥဩသံနှဲ့ကလည်း လွမ်းဖွယ်ရာ။

ဟိုအဝေးရိုးပြတ်တောဆီတွင် ခြုံသံတလွင်လွင်နှင့် လှည်းတန်းကြီးက ဇာတ်ရုံကြီးဆီသို့ဦးတည်ကာ ဖုန်လုံးတွေ တလိပ်လိပ်ထရင်း တရွေ့ရွေ့ လှမ်းလာနေကြသည်။

ဇာတ်ဆရာ ရွှေမန်းဦးတင်မောင်သည် မျက်ခုံးနှစ်ဖက်ပေါ် လက်ကလေးမိုးကာ တဖြည်းဖြည်းနီးလာနေသော လှည်းတန်းကြီးကို အကဲခတ်ရင်း စူးစမ်းကြည့်နေသည်။

လှည်းတန်းကြီးကို သဲသဲကွဲကွဲ မြင်လိုက်ရချိန်တွင် – – –

"ဟေ–––အောင်သန်းတင်တို့ရေ၊ တို့အဖွဲ့သားတွေရေ ထကြစမ်း၊ ထကြစမ်း လာပြီးကြည့်လှည့်ကြစမ်း"

ဇာတ်ဆရာ၏ ထူးထူးခြားခြား နှိုးဆော်သံကြောင့် ဇာတ်အဖွဲ့သားများ နိုးနိုးကြားကြားဖြစ်သွားကြကာ ဇာတ်ဆရာရွှေမန်း(ဦး)တင်မောင်ရှိရာသို့ ချက်ချင်းစုရုံးရောက်ရှိလာကြသည်။

"ဟဲ့–တို့အဖွဲ့သားတွေ ဟိုမှာကြည့်လိုက်ကြစမ်းပါ၊ အဲဒီရွှေပွဲလာ ကျေးလက်ပြည်သူတွေဟာ တို့ရဲ့ ထမင်းရှင်၊ တို့ရဲ့ကျေးဇူးရှင်တွေလေ၊ ဒီညတို့ကို အားပေးဖို့၊ ဟိုးအဝေးကြီးက နေပူကျဲကျဲကြီးထဲမှာ ဒုက္ခအမျိုးမျိုးခံပြီး လာနေကြတာ ဘယ်လောက်ကျေးဇူးတင်စရာကောင်းသလဲ၊ ကဲ–အားလုံး ငါ့အနားမှာလာထိုင်ကြ၊ တို့ရဲ့ကျေးဇူးရှင်တွေကို ကျေးဇူးဆပ်တဲ့အနေနဲ့ လက်အုပ်ချီပြီး ကန်တော့လိုက်ကြရအောင်"

ပြောပြောဆိုဆို သူကဦးဆောင်ကာ စတင်ကန်တော့လိုက်သဖြင့် ရွှေမန်းအဖွဲ့သားအားလုံးကလည်း နေပူထဲတွင် လှမ်း၍ မြင်နေရသော ထမင်းရှင် တောင်သူလယ်သမားရွှေပွဲလာများကို လေးလေးစားစား ကန်တော့လိုက်ကြတော့သည်။

× × ×

ယခုတစ်ဖန်ကြုံရပြန်ပါပြီ။

မနက်စောစော ဖုန်းမက်ဆေ့ချ်သံကြောင့် ဖွင့်ကြည့်လိုက်ရာ–

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေး၏ အကောင့်တွင် "ရုပ်ရှင်အစည်းအရုံးမှ ကျပ်သိန်း ၁၀၀ မ,တည်ပြီး ရေဘေးလှူဒါန်းမည့်အစီအစဉ်တွင် သရုပ်ဆောင်ဒေါ်လုံးတင်က ငွေကျပ်သုံးသောင်း ပါဝင်လှူဒါန်းသည်" ဆိုပါလား။

အဆိုပါသတင်းကိုဖတ်ပြီး ရင်ထဲ၌ နင့်ခနဲ ခံစားလိုက်ရသည်။

အလှူရှင်မှာ ဇာတ်ကားတစ်ကား ရိုက်ရလျှင် ထိပ်တန်းသရုပ်ဆောင်တွေလို အနုပညာကြေး သိန်းပေါင်းများစွာ မရရှာပါ။

သို့သော် သူ့ချွေးနဲ့စာကလေးထဲက ရေဘေးဒုက္ခသည်ပြည်သူတွေ (တစ်နည်းအားဖြင့်) ရုပ်ရှင်သရုပ်ဆောင်အနုပညာရှင်များ၏ ကျေးဇူးရှင်ပြည်သူတွေ ဒုက္ခကြုံတွေ့နေရခြင်းကို ကိုယ်ချင်းစာတရားဖြင့် တုံ့ပြန်ကျေးဇူးဆပ်ခြင်းဖြစ်၍ ရင်ထဲမှာ လှိုက်ခနဲခံစားလိုက်ရခြင်းဖြစ်ပါသည်။

ထို့ကြောင့် မနေသာတော့ဘဲ

"ဆရာကြီးရေ၊ ဒေါ်လုံးတင်လိုသရုပ်ဆောင်ရဲ့အလှူငွေဟာ မွန်မြတ်တဲ့အတွက် သာဓုအကြိမ်ကြိမ်ခေါ်လိုက်ရပါတယ်ခင်ဗျာ"ဟု ကွန်မင့်ရေးကာ မှတ်တမ်းတင်ပေးလိုက်မိပါသည်။

ပြည်သူအပေါင်း ဘေးဒုက္ခကင်းဝေးကြပါစေ။ ■

# ပဲပုပ်သီးနှံတွင် ပဲမြစ်ဖုဇီဝမြေသြဇာနှင့် ဓာတုမြေသြဇာ တွဲဖက်အသုံးပြုခြင်း အကျိုးသက်ရောက်မှု သုတေသန ထူးခြားတွေ့ရှိချက်

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR)၊ စိုက်ပျိုးရေးအဏုဇီဝသုတေသနဌာနစုသည် အကျိုးပြုအဏုဇီဝသက်ရှိများနှင့် သီးနှံပင်များ၏ဆက်စပ်မှုကို သုတေသနပြုလေ့လာပြီး ရလဒ်များကိုအခြေခံကာ အပင်ဖြစ်ထွန်းမှု အကျိုးသက်ရောက်စေမည့် ဇီဝမြေသြဇာများ ထုတ်လုပ်ဖြန့်ဖြူးသုံးစွဲစေခြင်းဖြင့် တောင်သူများ အကျိုးစီးပွားတိုးတက်စေရေးအတွက် ကူညီပံ့ပိုးပေးရန် မျှော်မှန်းချက်ဖြင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ပဲမျိုးစုံသီးနှံတွင် လေထဲမှ နိုက်ထရိုဂျင်ကို ဖမ်းယူပေးနိုင်သည့် အကျိုးပြုအဏုဇီဝဖြစ်သော ရိုင်ဇိုဘီယမ်ဘက်တီးရီးယားနှင့် သဟဇီဝဖြစ်စဉ်ဖြစ်ပေါ်မှုကိုလည်း စမ်းသပ်လေ့လာလျက်ရှိသည်။**



ရိုင်ဇိုဘီယမ် ပဲမြစ်ဖုဇီဝမြေသြဇာ မထည့်သည့် ပဲပုပ်ပင်

ရိုင်ဇိုဘီယမ် ပဲမြစ်ဖုဇီဝမြေသြဇာထည့်သည့် ပဲပုပ်ပင်

ရိုင်ဇိုဘီယမ်ဘက်တီးရီးယားများအတွက် အပင်ကအစာနှင့်သကြား ကွန်ပေါင်းဓာတ်များကို စီစဉ်ပေးပြီး ရိုင်ဇိုဘီယမ်ဘက်တီးရီးယားများက ပဲပင်အတွက် လိုအပ်သော နိုက်ထရိုဂျင်ဓာတ်ကို လေထဲမှ ဖမ်းယူပေး၍ အပင်များ စားသုံးနိုင်သည့် ပုံစံသို့ ဓာတ်လျှော့ပြောင်းလဲပေးကာ အပြန်အလှန် သဟဇီဝဖြစ်နေခြင်း (Mutualism Symbiosis) ဖြစ်သည်။

ပဲမြစ်ဖုဇီဝမြေသြဇာကို သုံးစွဲရာတွင် ဓာတုမြေသြဇာတချို့ကို မြေခံအဖြစ် သုံးစွဲခြင်းဖြင့် ပဲပုပ်သီးနှံကို ပိုမိုအကျိုးသက်ရောက်မှု ရှိမရှိလေ့လာရန်အတွက် ဌာနစုတာဝန်ခံ ဒေါက်တာမော်မော်သန်း ဦးဆောင်၍ စမ်းသပ်ကွက်တာဝန်ခံ ဦးစောနေစေးထူးနှင့် ဒေါ်နီလာမြင့်တို့က သုတေသနပြုစမ်းသပ်လေ့လာလျက်ရှိသည်။

စမ်းသပ်ထားသည့် ပဲပုပ်မျိုးမှာ ရေဆင်း ၁၅ ဖြစ်ပြီး မြေခံအနေဖြင့် တီစူပါဓာတ်မြေသြဇာ (ကြွက်ချေးမြေသြဇာ) ၃၈ ပေါင်/ဧက (တစ်အိတ်၏သုံးပုံတစ်ပုံ နှုန်းထား)ကို ထည့်သွင်းခဲ့ခြင်းဖြစ်သည်။

စမ်းသပ်သည့် ပဲပုပ်မျိုးစေ့များကို အကျိုးပြုစွမ်းအားကောင်းသော ဒေသမျိုးကွဲများ အသုံးပြုထုတ်လုပ်ထားသည့် ရိုင်ဇိုဘီယမ်ပဲမြစ်ဖုမြေသြဇာလူးနယ် စိုက်ပျိုးခြင်းနှင့် ရိုင်ဇိုဘီယမ်အသုံးမပြုခြင်းဟူ၍ စမ်းသပ်သုတေသနပြု စိုက်ပျိုးခဲ့ရာ ယခုအခါ ၃၀ ရက်သား အခြေအနေသို့ရောက်ရှိနေပြီဖြစ်ပြီး မျက်မြင်လေ့လာတွေ့ရှိချက်အရ ရိုင်ဇိုဘီယမ်လူးနယ် စိုက်ပျိုးထားသည့် ပဲပုပ်ပင်များက ပိုမိုကျန်းမာသန်စွမ်းခြင်း၊ အရွက်အရောင် ပိုမိုစိမ်းစိုခြင်း၊ ရောဂါပိုးမွှားကျရောက်မှု ဒဏ်ခံနိုင်ခြင်းစသော သိသာထင်ရှားသည့် လက္ခဏာများကို ပြသလျက်ရှိသည်။

ယင်းကဲ့သို့ ပိုမို ကျန်းမာသန်စွမ်းခြင်းသည် တီစူပါ ဓာတ်မြေသြဇာ (ကြွက်ချေးမြေသြဇာ)ကို မြေခံအဖြစ် အသုံးပြုပေးခြင်းဖြင့် ပဲမြစ်ဖုဇီဝမြေသြဇာထဲတွင် ပါဝင်သည့် အကျိုးပြု ရိုင်ဇိုဘီယမ်ဘက်တီးရီးယားများက လေထဲမှ နိုက်ထရိုဂျင်ကို ပိုမိုဖမ်းယူ ပေးနိုင်မှုစွမ်းအားကောင်းမွန်ခြင်းကြောင့် ပဲမြစ်ဖုဇီဝမြေသြဇာနှင့် တွဲဖက်အသုံးပြုသင့်သည့် ဓာတ်မြေသြဇာ နှုန်းထားများကို တောင်သူများအား ထောက်ခံချက်ပေးနိုင်ရန်အတွက် ဆက်လက်သုတေသနပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**



# နည်းပညာပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းများနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေး

**ရေဆင်း ဇူလိုင် ၃၁**

**စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) တို့ နည်းပညာပူးပေါင်း ဆောင်ရွက်သည့် စီမံကိန်း ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။ (ပုံ)**

အဆိုပါဆွေးနွေးပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန့်လွင်ဦးနှင့် ညွှန်ကြားရေးမှူးများ၊ သက်ဆိုင်ရာ ဌာနစုတာဝန်ခံများနှင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA)မှ Country Officer ဖြစ်သူ Ms.Kim berley Frolov-Roessler နှင့်အဖွဲ့တို့ တက်ရောက်ကြပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် နည်းပညာပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းများ၊ လက်ရှိဆောင်ရွက်နေသော သုတေသနလုပ်ငန်းများအတွက် လိုအပ်သည့်နည်းပညာရပ်များနှင့် Fellowship သင်တန်းများ၊ ၂၀၂၀–၂၀၂၁ ခုနှစ်အတွက် ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းများနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးကြသည်။ **စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

# ရှမ်းပြည်နယ် ကိုယ်စားပြု စိုက်ပျိုးရေးသုတေသနဗဟိုဌာန တည်ထောင်ရေး ဆွေးနွေး

**တောင်ကြီး ဩဂုတ် ၁၀**

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန အောင်ပန်း စိုက်ပျိုးရေးသုတေသနခြံကို ရှမ်းပြည်နယ်ကိုယ်စားပြု ဒေသဖွံ့ဖြိုးရေး စိုက်ပျိုးရေးသုတေသနဗဟိုဌာန (Shan State Regional Agricultural Research Center - RRC) အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ကနဦးဆွေးနွေးပွဲကို တောင်ကြီးမြို့ ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်နယ်ဦးစီးမှူးရုံး၌ ယနေ့နံနက် ၈ နာရီခွဲက ကျင်းပရာ ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင်၊ ဒုတိယပြည်နယ်ဦးစီးမှူးများ၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ၊ စိုက်ပျိုးရေးပညာရှင်များ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနပညာရှင်များ၊ အောင်ပန်းစိုက်ပျိုးရေးသုတေသနခြံ၊ တာယောစိုက်ပျိုးရေးသုတေသနခြံနှင့် ထုံးဖိုစိုက်ပျိုးရေးသုတေသနခြံတို့မှ တာဝန်ခံများ၊ ကော်ဖီအစုအဖွဲ့၊ ချင်းသီးနှံအစုအဖွဲ့၊ ထောပတ်အစုအဖွဲ့၊ ပြောင်းသီးနှံအစုအဖွဲ့၊ ပဲပုပ်အစုအဖွဲ့၊ Prime ကုမ္ပဏီ၊ သီဟကုမ္ပဏီနှင့် စိမ်းလန်းဝေကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။** ■

**မြန်မာ့** လယ်ယာထွက်ကုန်အမည် (အမယ်)စုံ ပြည်ပသို့တင်ပို့၍ နိုင်ငံခြားဝင်ငွေရှာဖွေရာတွင် ရေရာသေချာသည့် ဈေးကွက်ချိတ်ဆက်မှု၊ ဈေးကွက်ထောက်လှန်းမှု၊ သတင်းအချက်အလက်ရယူမှုစသည့်အစီအမံများ ချမှတ်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။



# ပြည်ပပို့ကုန် လယ်ယာထွက်ကုန်များ တိုးချဲ့တင်ပို့နိုင်ရေး အစီအစဉ်များ ချမှတ်ဖို့လိုပြီ

**မောင်စိုက်ပျိုး (ကန့်ဘလူ)**

ပို့ကုန်မဟာဗျူဟာချမှတ်ကာ ရေရာသေချာသည့် အစီအမံများဖြင့် ဆောင်ရွက်နိုင်မည်ဆိုလျှင် လယ်ယာထွက်ကုန် တင်ပို့နိုင်မှုပမာဏသည် တိုးမြင့်လာမည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေလည်း တိုးတက်ရရှိလာမည်မှာ ဧကန်ပင်ဖြစ်သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တွင် ပြုလုပ်ခဲ့သည့် အစည်းအဝေး၌ "မြန်မာနိုင်ငံက ပြည်ပပို့ကုန်လယ်ယာထွက်ကုန်တွေ ပြည်ပတင်ပို့တဲ့နေရာမှာ ဘယ်သီးနှံ ဘယ်လောက်ပို့မယ်၊ ဘယ်နိုင်ငံတွေကိုပို့မယ်၊ ဒါကြောင့် ဘယ်နေရာတွေမှာ ဘယ်သီးနှံတွေကို ဘယ်လောက်စိုက်ပျိုးပြီး ဘယ်လောက် ပြည်ပတင်ပို့မယ်၊ ဘယ်အချိန်မှာ တင်ပို့မယ်၊ ဈေးကွက်အခြေအနေတွေက ဘယ်လိုရှိတယ်ဆိုတာ အစီအမံတွေချမှတ်ဆောင်ရွက်နေတာ မတွေ့ရဘူး၊ အဲဒီတော့ လယ်ယာသီးနှံတွေကို ပို့ကုန်ပမာဏတိုးမြှင့်ပြီး အရှိန်အဟုန်နဲ့ ဆောင်ရွက်မယ်ဆိုရင် တိကျရေရာသေချာတဲ့အစီအမံများ ကြိုတင်ချမှတ်ဆောင်ရွက်ဖို့ လိုပါတယ်"ဟု မှာကြားခဲ့ပါသည်။

မြန်မာနိုင်ငံမှ နှံစားသီးနှံဆန်၊ အစေ့ထုတ်ပြောင်း၊ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ ပဲမျိုးစုံသီးနှံ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲလွမ်း၊ ဘိုကိတ်ပဲ၊ သစ်သီးဝလံအနေနှင့် ဖရဲ၊ သခွားမွှေး၊ ထောပတ်၊ သရက်၊ ကျွဲကောသီးနှင့် ဟင်းခတ်အမွှေးအကြိုင်အနေနှင့် ချင်း၊ နနွင်း၊ ဂျုံးမြစ်၊ ငရုတ်ကောင်း၊ ငရုတ်သီး၊ မန်ကျည်းသီး၊ ဟင်းသီးဟင်းရွက်မျိုးစုံတို့ တင်ပို့လျက်ရှိသည်။

ဆန်တင်ပို့ရာတွင် ၂၀၁၆–၂၀၁၇ ခုနှစ်၌ ဆန်တန်ချိန်နှစ်သန်းကျော် တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်ရရှိခဲ့သည်။ ၂၀၁၇–၂၀၁၈ ခုနှစ်၌ ဆန်တန်ချိန် ၃ ဒသမ ၅၈ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ရရှိခဲ့ပါသည်။ ၂၀၁၉–၂၀၂၀ ခုနှစ်၌ ဆန်တန်ချိန် လေးသန်းတင်ပို့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံရရှိအောင် မျှော်မှန်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံစသည့်ပဲမျိုးစုံတို့ကိုလည်း တိုးချဲ့တင်ပို့နိုင်ရန် ကြိုးပမ်းစိုင်းပြင်းလျက် ရှိပါသည်။

သစ်သီးဝလံဖရဲသီးသည် ၂၀၁၇–၂၀၁၈ ခုနှစ်၌ တန်ချိန်ရှစ်သိန်းကျော် တင်ပို့နိုင်ခဲ့ရာ ဝင်ငွေအမေရိကန်ဒေါ်လာ သန်း ၁၅၀ ရရှိခဲ့ပါသည်။ ၂၀၂၀ ခုနှစ်၌ ဖရဲသီးတန်ချိန် တစ်သန်းအထိ တိုးမြှင့်တင်ပို့၍ ဝင်ငွေအမေရိကန်ဒေါ်လာ သန်း၂၀၀ ကျော်အထိ ရရှိရန် မျှော်မှန်းထားပါသည်။ ၂၀၁၇–၂၀၁၈ ခုနှစ်၌ သခွားမွှေးကို တန်ချိန်တစ်သိန်းခွဲကျော် တင်ပို့ခဲ့ရာမှ ၂၀၂၀ ခုနှစ်တွင် တန်ချိန်သုံးသိန်းအထိ တင်ပို့ရန် ကြိုးပမ်းလျက်ရှိသည်။

၂၀၁၇–၂၀၁၈ ခုနှစ်၌ ထောပတ်သီးတန်ချိန် တစ်သောင်းခွဲတင်ပို့နိုင်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် တန်ချိန်ငါးသောင်းအထိ တိုးချဲ့တင်ပို့ရန် အားသွန်လျက်ရှိပါသည်။ ထို့အတူပင် စိန်တလုံးသရက်သီးကို ၂၀၁၇–၁၈ ခုနှစ်၌ တန်ချိန်ငါးသောင်းအထိ တင်ပို့နိုင်ခဲ့ရာ ၂၀၂၀ ခုနှစ်တွင် တန်ချိန်တစ်သိန်းထိ တင်ပို့နိုင်ရန် မျှော်မှန်းထားပါသည်။ ဟင်းခတ်အမွှေးအကြိုင်များ၊ နနွင်း၊ ဂျုံးမြစ်၊ ငရုတ်ကောင်း၊ မန်ကျည်းသီးစသည်များကိုလည်း တိုးမြှင့်တင်ပို့နိုင်ရန် စီစဉ်လျက်ရှိပါသည်။

မြန်မာ့လယ်ယာထွက်ကုန်သီးနှံများကို အဓိကတင်ပို့နေသောနိုင်ငံများမှာ အာဖရိက၊ အီးယူနိုင်ငံများ၊ တရုတ်၊ စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ သီရိလင်္ကာစသည့်နိုင်ငံတို့ပင် ဖြစ်သည်။

ဤသို့ မြန်မာ့ပြည်ပပို့ကုန်လယ်ယာထွက်ကုန်သီးနှံများကို ဖော်ပြပါနိုင်ငံအသီးသီးသို့တင်ပို့ရာတွင် ဈေးကွက်တည်ငြိမ်မှုမရှိသေးဘဲ ဝယ်လိုက်မဝယ်လိုက်၊ ဝယ်ယူသည့်ပမာဏလည်း တိုးလိုက်လျော့လိုက်ဖြစ်နေပြီး ပို့ကုန်လုပ်ငန်းစဉ်ကို ထိခိုက်လျက် ရှိပါသည်။ ဤသို့ဖြစ်ရသည်မှာ မြန်မာနိုင်ငံတွင် ပို့ကုန်အစီအမံများ ရေရာသေချာမှု မရှိခြင်းက အကြောင်းရင်းခံဖြစ်နေသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံပို့ကုန်မဟာဗျူဟာစာအုပ်တွင် "မြန်မာနိုင်ငံတွင် ပို့ကုန်အစီအမံများ စနစ်တကျရေးဆွဲချမှတ်မှုအားနည်းကြောင်း" သုံးသပ်တင်ပြထားပါသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက "မြန်မာနိုင်ငံဆန်စပါးပို့ကုန်မူဝါဒမရှိတဲ့အတွက် ဆန်ပြည်ပတင်ပို့ရာတွင် "တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း" ဖြစ်ပြီး မတည်မငြိမ်ဖြစ်နေရတယ်"ဟု သုံးသပ်ပြောကြားပါသည်။

မြန်မာနိုင်ငံမှာ "ဘာသီးနှံပဲ ပြည်ပတင်ပို့တင်ပို့၊ ဝယ်လက်နိုင်ငံရဲ့ သတင်းအချက်အလက်၊ ဈေးကွက်အခြေအနေ၊ သတင်းရရှိမှုနှောင့်နှေးတဲ့အတွက် ကျွန်တော်တို့ရဲ့သီးနှံတွေဟာ အမြဲနောက်ကောက်ကျပြီး ဒုက္ခရောက်ကြရတယ်" ဟု မြန်မာနိုင်ငံသစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက် ပန်းမန်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း တာဝန်ရှိသူတစ်ဦးက ပြောပါသည်။ သူကပင်ဆက်ပြီးသုံးသပ်ပြသည်မှာ "ကျွန်တော်တို့နိုင်ငံမှာဆွတ်ခူးပြီး သီးနှံများကိုမရောင်းရသေးရင်လည်း စနစ်တကျ သိုလှောင်ထားနိုင်မယ့် သိုလှောင်ရုံစနစ် မပျက်စီးအောင် စနစ်တကျ ထိန်းသိမ်းထားနိုင်တဲ့နည်းပညာ အလွန်အားနည်းတော့ တရုတ်က မဝယ်တော့ဘူးဆိုပြီး ဖြတ်လိုက်တာနဲ့ နယ်စပ်ဒေသမှာ ဖရဲသီး၊ သခွားမွှေးသီး၊ သရက်သီးအကုန်ပုပ်ကုန်ပြီး ပျက်စီးခြင်း ဒုက္ခလှလှကြီး ခံကြရတာ ဒီနေ့ထိပါပဲဗျာ"ဟု ဆိုပါသည်။

မြန်မာနိုင်ငံ ပဲ၊ နှမ်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့မှာ ဝယ်လက်နိုင်ငံများရဲ့ဈေးကွက်ကို စူးစမ်းလေ့လာသုံးသပ်တာ အလွန်အားနည်းတယ်၊ ဝယ်လက်နိုင်ငံရဲ့ ရာသီဥတုအခြေအနေ ပဲ၊ နှမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေကို မသိရှိရတော့ ကိုယ့်နိုင်ငံက သီးနှံတိုးချဲ့စိုက်ရမလား၊ ဝယ်လိုအားက ဘယ်လိုရှိမလဲဆိုတာ ကြိုတင်မမှန်းဆနိုင်တော့ ကိုယ့်ပြည်တွင်းဈေးကွက်ကို ချိန်ဆကိုင်တွယ်ရတာ ခက်တာပေါ့ဗျာ"ဟု သုံးသပ်ပြပါသည်။

ယင်းအခြေအနေများကို စဉ်းစားကြည့်လျှင် မြန်မာနိုင်ငံသည် ပြည်ပပို့ကုန်လယ်ယာထွက်ကုန်များ တိုးချဲ့တင်ပို့နိုင်ရန် အစီအမံများ ချမှတ်ဆောင်ရွက်ရန် အမှန်တကယ်လိုနေပြီဆိုတာ ငြင်းဖွယ်ရာ မရှိပေ။

ချမှတ်ဆောင်ရွက်ဖို့လိုသည့်အစီအမံများကို ဦးတည်ကြည့်မည်ဆိုလျှင် **မြန်မာနိုင်ငံတွင် ပြည်ပပို့ကုန်လယ်ယာထွက်ကုန်များအသင်း အချက်အလက်စင်တာနှစ်ခုကို မြန်မာပြည်အောက်ပိုင်းဒေသများအတွက် စင်တာတစ်ခုနှင့် မြန်မာပြည်အထက်ပိုင်းဒေသများအတွက် စင်တာတစ်ခုကို ခေတ်မီနည်းပညာများတပ်ဆင်၍ အမြန်ဆုံးထူထောင်ရန် လိုအပ်ပါသည်။** ထို့အတူပင် မြန်မာ့လယ်ယာထွက်ကုန်များဝယ်ယူကြသော အဓိကနိုင်ငံကြီးများ (ဥပမာ–အိန္ဒိယ၊ အာဖရိက၊ အီးယူနိုင်ငံ) များတွင်လည်း မြန်မာနိုင်ငံပိုင်ဆိုင်သည့် ပြည်ပပို့ကုန်လယ်ယာထွက်ကုန်များ သတင်းအချက်အလက်စင်တာကြီးများ တည်ထောင်ရန် လိုအပ်ပါသည်။ သို့မှသာ နိုင်ငံတကာဝယ်လက်နိုင်ငံများနှင့်ဈေးကွက်သတင်းအချက်အလက်များ အချိန်မီ ရရှိနေမည် ဖြစ်ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် နိုင်ငံတကာ မြန်မာနိုင်ငံသံရုံးများတွင် စီးပွားရေးသံမှူးများထားရှိရုံမျှဖြင့် ပြည့်စုံလုံလောက်မှု မရှိနိုင်ပါ။

အဆိုပါသတင်းအချက်အလက်စင်တာများမှတစ်ဆင့် ပြည်တွင်းရှိ သတင်းအချက်အလက်စင်တာများနှင့် ချိတ်ဆက်ပြီး ဈေးကွက်အခြေအနေ၊ ဈေးကွက်စူးစမ်း လေ့လာသုံးသပ်မှုအခြေအနေ၊ ထိုနိုင်ငံများ၏ ရာသီဥတုကြိုတင်ခန့်မှန်းမှုအခြေအနေ၊ သီးနှံများစိုက်ပျိုးထုတ်လုပ်ထွက်ရှိမှုအခြေအနေ၊ဝယ်လိုအားဖြစ်ပေါ်လာနိုင်မှုအခြေအနေများကို အချိန်နှင့်တပြေးညီသိရှိရန် လိုအပ်ပြီး မိမိနိုင်ငံအတွင်း တောင်သူလယ်သမားများသို့ သတင်းအချက်အလက်များမျှဝေ၍ သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ကြိုတင်စီမံနိုင်မည်ဖြစ်ပါသည်။

နောက်တစ်ချက်မှာ သီးနှံများ၏ ဈေးကွက်ကိုထိန်းနိုင်ရန်နှင့် အရည်အသွေးမပျက်စီးအောင် ထိန်းနိုင်ရန်အတွက် **ခေတ်မီစနစ်ကျသော သိုလှောင်ရုံကြီးများတည်ထောင်ခြင်းပင် ဖြစ်ပါသည်။ မြန်မာပြည်အထက်ပိုင်းဒေသများအတွက် မန္တလေးနှင့်မူဆယ် (၁၀၅) မိုင်တွင်လည်းကောင်း၊ မြန်မာပြည်အောက်ပိုင်းဒေသများအတွက် ရန်ကုန်နှင့် ဧရာဝတီဒေသများတွင်လည်းကောင်း တည်ဆောက်သင့်ပါသည်။** သို့မှသာလျှင် ရိတ်သိမ်းချိန်လွန်နည်းပညာကို လိုက်နာနိုင်ပြီး မရောင်းရသေးသဖြင့် သီးနှံများပုပ်သိုးပျက်စီးသည့်ဒုက္ခမှ ကင်းဝေးနိုင်မည် ဖြစ်သည်။ ဈေးကွက်မြိုးကြွချိန်ကျမှ စိတ်ကြိုက်ထုတ်ရောင်းသည့် စနစ်သို့သွားနိုင်လျှင် အကျိုးအမြတ်များစွာရရှိနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့်ပန်းမန်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးကျော်သူက "ကျွန်တော်တို့မှာ စနစ်တကျသိုလှောင်နိုင်တဲ့ သိုလှောင်ရုံတွေမရှိတော့ လက်ထဲကိုင်မထားနိုင်ဘူး၊ တရုတ်ကဈေးကွက်လှည့်သမျှခံနေကြရတယ်၊ စနစ်တကျအအေးခန်း၊ သိုလှောင်ရုံတွေရှိရင် မရောင်းရသေးရင် လှောင်ထားမယ်၊ ဈေးကွက်ထလာမှ ထုတ်ရောင်းမယ်ဆိုရင် အကျိုးအမြတ်လည်းရှိ၊ ဆုံးရှုံးမှုလည်းနည်းမယ်၊ ပြီးတော့ ကျွန်တော်တို့လုပ်ရမှာက တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) ပဲ။ ဒီလိုနည်းပညာတွေနဲ့ စက်ရုံတွေ မန္တလေးမှာတစ်ဖုန်၊ မူဆယ် ၁၅၀ မိုင်မှာ တစ်ဖုန် တည်ဆောက်ထားရင် ဘာမှပူစရာမလိုတော့ဘူးပေါ့ဗျာ"ဟု ဆိုပါသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကတော့ "ကျွန်တော်တို့ ပို့ကုန်တိုးမြှင့်ရေးလုပ်တော့မယ်ဆိုရင် အဓိကလုပ်ရမယ့်သော့ချက်က သီးနှံများရဲ့အရည်အသွေးထိန်းသိမ်းရေး (Quality Control)နဲ့ အစားအစာဘေးကင်းလုံခြုံရေး (Food Safety) ပဲ ဖြစ်ပါတယ်။ နိုင်ငံတကာဘယ်နိုင်ငံကိုပဲ ပစ္စည်းပို့ပို့၊ ဒီနှစ်ချက်မပါရင် ဘယ်လောက်အရှိန်အဟုန်နဲ့ပို့ချင်ပို့ချင် အဟန့်အတားဖြစ်နေမှာ အမှန်ပါပဲ။ ဒါကြောင့် မိမိဘက်က ထုတ်ကုန်တွေအရည်အသွေးကောင်းအောင်၊ ဓာတ်ကြွင်းအာနိသင်ကင်းပြီး ရိက္ခာဘေးကင်းလုံခြုံမှုရှိအောင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) နဲ့ တိတိကျကျစိုက်ပျိုးထုတ်လုပ်ကြဖို့ လိုမယ်" ဟု ထောက်ပြပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက "လယ်ယာသီးနှံပို့ကုန်တွေ တိုးမြှင့်တင်ပို့နိုင်ဖို့ဆိုရင်တော့ လက်ရှိမှာက ပို့ကုန်ပို့ဖို့ဆိုပြီး သီးနှံအမယ်လိုက်လျာထားစိုက်ပျိုးထုတ်လုပ်တာမျိုးရှိဖို့လိုတယ်၊ ထွက်လာတဲ့သီးနှံတွေကို ဈေးကွက်ရှိရင် ပို့နေတဲ့သဘောပါပဲ။ အမှန်တကယ် ပြည်ပပို့ကုန်တိုးမြှင့်ဖို့ဆိုရင် သီးနှံများကို ဟိုနားနည်းနည်း၊ ဒီနားနည်းနည်း စိုက်ပျိုးထုတ်လုပ်မယ့်အစား သီးနှံအမယ်လိုက် ဘယ်သီးနှံ ဘယ်နှစ်တန်ပို့မယ်၊ ဘယ်နဧက စိုက်ပျိုးထုတ်လုပ်မယ်ဆိုတာကို သေချာ Plan လုပ်ပြီး သီးနှံအမယ်လိုက် ဇုန်အလိုက် စိုက်ပျိုးဖို့လုပ်ရမှာပဲ။ ဒီလိုစိုက်ပျိုးထုတ်လုပ်နိုင်ဖို့အတွက် သက်ဆိုင်ရာ ပြည်နယ်နဲ့တိုင်းဒေသကြီးအစိုးရအဖွဲ့တွေရယ်၊ ပြည်နယ်နဲ့တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနတွေရယ် Exporter ကြီးများ၊ ကုန်သည်ကြီးများ၊ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့နှင့် တောင်သူလယ်သမားကြီးများ၊ ကန်ထရိုက်လယ်ယာစနစ်ဆောင်ရွက်နိုင်အောင် ညှိနှိုင်းပေါင်းစပ်ပြီး Plan ရေးဆွဲဆောင်ရွက်မှသာ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်"ဟု ဆွေးနွေးပါသည်။

အရည်အသွေးအဆင့်မမီသည့်ရိက္ခာများနှင့် ဘေးကင်းလုံခြုံမှုမရှိသည့်ရိက္ခာများကြောင့် လူသားများအဆိပ်သင့်ခံရမှုသည် စိုးရိမ်ရမှတ်သို့ရောက်ရှိနေပြီဖြစ်သည်။ သို့အတွက် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးကလည်း အရည်အသွေးစံချိန်စံညွှန်းပြည့်မီပြီး ဘေးကင်းလုံခြုံသည့်စားနပ်ရိက္ခာများ ထုတ်လုပ်ရေးအတွက် မူဝါဒများ၊ ဥပဒေများ၊ စည်းကမ်းသတ်မှတ်ချက်များ ပြဋ္ဌာန်းသတ်မှတ်၍ နှိုးဆော်ထားပြီး ဖြစ်ပါသည်။

သို့ပါ၍ လယ်ယာထွက်ကုန်သီးနှံများ ပြည်ပသို့တိုးချဲ့တင်ပို့နိုင်ရန်အတွက် အထက်ဖော်ပြပါ အစီအမံများကို အမြန်ဆုံးချမှတ်ဆောင်ရွက်ရန် အချိန်တန်နေပြီ ဖြစ်ပါသည်။ ■



# မျိုးစေ့ကဏ္ဍ ဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး နေပြည်တော်တွင် ကျင်းပ

နေပြည်တော် ဇူလိုင် ၃၀

**မျိုးစေ့ ကဏ္ဍဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ရုံးအမှတ် ၄၃ အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်ဇင်မောင်နှင့် ဦးဇော်ထွန်းမြင့်၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် မျိုးစေ့တာဝန်ခံများ၊ မျိုးစေ့ထုတ်ခြံများမှ ခြံတာဝန်ခံများ တက်ရောက်ကြသည်။ (ပုံ)**

အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ စိုက်ပျိုးရေးဦးစီးဌာနသည် စီးပွားရေးတွက်ခြေကိုက်ပြီး အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များကို တောင်သူလယ်သမားများ သုံးစွဲစိုက်ပျိုးနိုင်စေရန်၊ အရည်အသွေးကောင်းသီးနှံမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးရန်၊ မျိုးစေ့အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ပုဂ္ဂလိကမျိုးစေ့လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အမျိုးသားမျိုးစေ့မူဝါဒရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြိုးပမ်းလျက်ရှိရာ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးလာစေရေး မျိုးစေ့ထုတ်ကွန်ရက်တွင် ပါဝင်ကြသည့် ပုဂ္ဂလိက၊ တောင်သူ၊ လုပ်ငန်းရှင်များအားလုံး ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နည်းပညာမျှဝေဖလှယ်ခြင်း၊ မျိုးစေ့ဥပဒေပါ ပြဋ္ဌာန်းချက်များကို တိကျစွာလိုက်နာခြင်း၊ ဥပဒေပါအကြောင်းအရာများကို သိရှိနားလည်ရုံမျှမက မိမိတို့ နယ်ပယ်အလိုက် ကြုံတွေ့ကြရသည့် တွေ့ရှိချက်များအရ ပြင်ဆင်ဖြည့်စွက်ရန် တွေ့ရှိပါက သက်ဆိုင်ရာတာဝန်ရှိသူများမှတစ်ဆင့် အကြံပြု တင်ပြခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် လိုအပ်ကြောင်း။

ပြည်ပမှ မျိုးစေ့များတင်သွင်းစိုက်ပျိုးဆောင်ရွက်သကဲ့သို့ ပြည်တွင်းဒေသမျိုးများ အဆင့်မြှင့်တင်အသုံးပြုနိုင်ရေးနှင့် ကုန်ချောထုတ်လုပ်မှု လိုအပ်ချက်အရ အသုံးပြုမှုအပေါ် မူတည်သော သီးနှံမျိုးကွဲအလိုက် မျိုးစေ့များသီးခြားစီရွေးထုတ်သုတေသနပြုခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ ခေတ်မီစက်ကိရိယာများသုံးစွဲ၍ အရည်အသွေးမြင့်မျိုးစေ့များထုတ်လုပ်နိုင်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် စီမံချက်များရေးဆွဲတင်ပြကြရန်နှင့် အခြေအနေပေးသည့် မျိုးစေ့ခြံများအနေဖြင့် စပါးသီးနှံအတွက်သာမက ဈေးကွက်တောင်းဆိုမှုရှိသည့် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဲ့သို့သော အရေးကြီးသီးနှံမျိုးစေ့များထုတ်လုပ်နိုင်ရေးနှင့် ကော်ဖီ၊ ဝါ၊ ကြံ၊ ရော်ဘာသီးနှံများကို တီထွင်ကြံဆဆောင်ရွက်ကြရန် လိုကြောင်း၊ မျိုးစေ့လုပ်ငန်း တာဝန်ယူထားကြသောဒေသအသီးသီးတွင် ကျရောက်လျက်ရှိသည့် (FAW) ငမြောင်တောင်နှင့်ပတ်သက်၍ မျက်ခြည်မပြတ် လေ့လာကြရန်၊ စိုက်ပျိုးသူ တောင်သူလယ်သမားများ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးခြင်း၊ ကြိုတင်အသိပေးခြင်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ပြီး ပြောင်းသီးနှံစိုက်ခင်းများ၌ FAW ငမြောင်တောင်ကျရောက်မှု အနည်းဆုံးအခြေအနေဖြစ်ပေါ်နေမှုကို ဆက်စပ်ဌာနများနှင့် ပူးပေါင်းလေ့လာပြီး မျိုးသစ်ထုတ်လုပ်ရာတွင် အထောက်အပံ့ကောင်းဖြစ်စေမည့် အချက်အလက်များ စုဆောင်းနိုင်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်မျိုးစေ့တာဝန်ခံများ၊ မျိုးစေ့ထုတ်ခြံများမှ ခြံတာဝန်ခံများက ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ ကြုံတွေ့ရသော လုပ်ငန်းအခက်အခဲများကို တင်ပြကြရာ တာဝန်ရှိသူများက ဆွေးနွေးညှိနှိုင်းပေးကြသည်။

**MOALI ပြန်ကြားရေး**

# Minoru RX 61 ဂျပန်ကောက်စိုက်စက်ဖြင့် ရေမင်း (RS-CS) မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်း SRI စိုက်ပျိုးနည်းစနစ်ဖြင့် ကွင်းသရုပ်ပြပွဲ ကျင်းပ

**စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရေမင်း (RS-CS) မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းတွင် RX 661 Minoru ကောက်စိုက်စက်နှင့် SRI စိုက်စနစ်ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို နေပြည်တော် ဇေယျာသီရိမြို့နယ် မအူတာကျေးရွာရှိ တောင်သူဦးတင်သိန်း၏လယ်ကွင်း၌ ယနေ့ကျင်းပရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ဇေယျာသီရိမြို့နယ်မှ တာဝန်ရှိသူများ၊ ကျေးရွာခြောက်အုပ်စုမှ တောင်သူများ တက်ရောက်ကြသည်။**



ရေးဦးစွာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက အမှာစကားပြောကြားပြီး Minoru RX 61 ဂျပန်ကောက်စိုက်စက်ဖြင့် လက်တွေ့သရုပ်ပြ စိုက်ပျိုးနေမှုများကို လေ့လာကြည့်ရှုကြသည်။

RX 61 Minoru ဂျပန်ကောက်စိုက်စက်တွင် ခြောက်တန်းပါရှိ၍ စိုက်တန်းတစ်တန်းနှင့် တစ်တန်း အကွာအဝေးသည် ၁ ပေ (၃၃ စင်တီမီတာ) ဖြစ်သည်။ စိုက်တန်းအကွာအဝေး ပုံသေဖြစ်သော်လည်း ကောက်ပင်ကြား အကွာအဝေးကို ၆ လက်မ မှ ၁၂ လက်မအထိ ချိန်ညှိစိုက်ပျိုးနိုင်သည်။ ကောက်စိုက်စက်ပေါ်တွင် ပျိုးဗန်း ၂၃ ချပ်အထိ တင်ဆောင်နိုင်ကာ ပျိုးဗန်းတစ်ဗန်းလျှင် ပျိုးပင် ၄၄၈ ပင် ဝင်ဆံ့သည်။

RX 61 Minoru ကောက်စိုက်စက်အသုံးပြုခြင်းဖြင့် အချိန်ကုန်သက်သာခြင်း၊ တစ်ဧကလျှင် မျိုးစေ့နှုန်းထားသက်သာခြင်း၊ လုပ်အားသက်သာသဖြင့် လုပ်သားရှားပါးမှုပြဿနာဖြေရှင်းနိုင်ခြင်း၊ စိုက်တန်း အကွာအဝေးညီ၍ တစ်ဧကကောက်ကွက်ပြည့်မီကာ ပျိုးပင်အတိမ်အနက် ကောက်ပင်လှန်ချိန်မြန်ဆန်ခြင်း၊ အပင်သန်စွမ်းမှုကောင်းခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ စပါးစိုက်ခင်းအတွင်း လေဝင်လေထွက် ကောင်းမွန်သဖြင့် ပိုးမွှားရောဂါကျရောက်မှုနည်းခြင်း၊ အရည်အသွေးကောင်းစပါးမျိုးများရရှိခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်သည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**



# ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ တွေ့ဆုံ

ဘားအံ သြဂုတ် ၈

**စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် ကရင်ပြည်နယ်စိုက်ပျိုးရေး ပြည်နယ်/ခရိုင်/မြို့နယ်ဝန်ထမ်းများ တွေ့ဆုံပွဲကို ပြည်နယ်ဦးစီးမှူးရုံးအစည်းအဝေးခန်းမတွင် ယနေ့နံနက် ၈ နာရီက ကျင်းပရာ ပြည်နယ်ဦးစီးမှူး ဦးသန်းထိုက်၊ ဒုတိယပြည်နယ်ဦးစီးမှူး ဒေါ်ခင်သီနွယ်နှင့် ပြည်နယ်ဝန်ထမ်းများ၊ ခရိုင်/မြို့နယ်/မြို့ဦးစီးမှူးများနှင့် ဝန်ထမ်းများ စုစုပေါင်း ၅၅ ဦး တက်ရောက်ကြသည်။**

တွေ့ဆုံပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က ရာသီဥတုနှင့်လိုက်လျောညီထွေနည်းပညာများ အမြဲလေ့လာ၍ လက်တွေ့အသုံးချရန်၊ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန်နှင့် စိုက်ပျိုးရေးကဏ္ဍပြန်လည်ထူထောင်နိုင်ရန် ကြိုတင်ဆောင်ရွက်မှုများ လုပ်ဆောင်ထားရန်၊ ပြည်နယ်မျိုးစေ့ထုတ်လုပ်သူများအသင်းက မျိုးကောင်းမျိုးသန့်ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ကြရန်၊ တောင်သူများ၏ လိုအပ်ချက်ကို ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်၊ ပြည်သူများဘေးအန္တရာယ်ကင်းရှင်းသည့် အစားအသောက်များ စားသုံးနိုင်စေရေးကို စိုက်ပျိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးရန်၊ ဝန်ထမ်းများစွမ်းဆောင်ရည်တိုးတက်ရေး ဆုပေးစနစ်ဖြင့် ပြိုင်ပွဲများပြုလုပ်၍ ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ရန် ဆွေးနွေးမှာကြားသည်။

**ဆုဝေယံ**

# စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုစီမံကိန်း TOT သင်တန်းသားများ DAR တွင် လေ့လာ

ရေဆင်း သြဂုတ် ၉

**စိုက်ပျိုးပညာပေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုစီမံကိန်း အစီအစဉ် (ADSP)ဖြင့် ဖွင့်လှစ်မည့် TOT သင်တန်းမှ သင်တန်းသား၊ သင်တန်းသူ ၂၅ ဦးပါဝင်သောအဖွဲ့သည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန DAR ရေဆင်းရုံးချုပ်ရှိ သုတေသနစိုက်ခင်းများနှင့် မျိုးစေ့ဘဏ်တို့ ယနေ့နံနက်ပိုင်းက လေ့လာရေးလာရောက်ကြသည်။**



လေ့လာရေးအဖွဲ့သည် စပါးသီးနှံသုတေသနဌာနစုစိုက်ခင်းများ၊ မိဘမျိုးစေ့ပွားများထုတ်လုပ်ခြင်း၊ ရေအနည်းလိုစပါးမျိုးများ အကွက်ကျယ်သရုပ်ပြအထွက်ယှဉ်ပြိုင်မှုတို့ကို လေ့လာပြီး မတ်ပဲ၊ ပဲပုပ်နှင့်ပဲတီစိမ်းသီးနှံများ သုတေသနစမ်းသပ်ကွက်များ၊ မျိုးစေ့ဘဏ်ပြခန်း၊ သီးနှံပြခန်းများ၊ စိုက်ပျိုးနည်းပညာနှင့် သီးနှံပင်ပြုစုထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ သုတေသနပြခန်းများကို ကြည့်ရှုလေ့လာကြသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

# ခရုက ရွှေထွက်နေပြီ

မောင်ငြိမ်းအောင်
(တန့်ဆည်)

**လူသားတို့သည် စားနပ်ရိက္ခာဖူလုံရေးအတွက် ကြိုးပမ်းရင်း ပင် သီးနှံသစ်ပင်များနှင့်ပြိုင်တူ မွေးဖွား ပေါ်ပေါက်လာ သော ဖွားဖက်တော်မှာ ပိုးမွှားမျိုးစုံတို့ ဖြစ်ပါတယ်။**

ကမ္ဘာပေါ်မှာ သီးနှံသစ်ပင်တို့ကို ဖျက်ဆီးစားသောက်တဲ့ ပိုးမွှား မျိုးစိတ်ပေါင်း ၁၀၀၀ ကျော်ရှိတယ်လို့ဆိုထားရာ မြန်မာနိုင်ငံမှာတော့ မျိုးစိတ်ပေါင်း ၁၀၀ ကျော်ရှိတယ်လို့ ဆိုပါတယ်။

ကမ္ဘာတွင် ပိုးမွှားများဖျက်ဆီးစားသောက်မှုကြောင့် သီးနှံ ပျက်စီး ဆုံးရှုံးခြင်းဟာ ၃၀ မှ ၄၀ ရာခိုင်နှုန်းအထိရှိပြီး အဲဒီအထဲမှာ ရိတ်သိမ်းချိန် လွန်သီးနှံများကို ပျက်ဆီးခံရခြင်းရဲ့ပမာဏက ပိုများပါတယ်။

ပိုးမွှားတွေဟာ သီးနှံပင်တွေရဲ့အရွက်၊ အပွင့်၊ အညွှန့်အသီး၊ အစေ့၊ ပင်စည်၊ အခေါက်၊ အမြစ်၊ ဥတို့ကို စားသုံးဖျက်ဆီးတတ်ကြပါတယ်။

အဲဒီပိုးမွှားတွေကိုကြည့်ရင် ကိုက်ဖြတ်စားသောက်တဲ့ပိုးမွှား (Chewing Insect)၊ စုပ်စားတဲ့ပိုးမွှား (Sucking Insect)၊ ခြစ်၍စားသောက်တဲ့ ပိုးမွှား (Nibling Insect)၊ ထိုးဖောက်ဝင်ရောက် စားတဲ့ပိုးမွှားတွေ



(Bower) ပါဝင်ပါတယ်။

ကိုက်ဖြတ်စားသောက်တဲ့ပိုးမွှားတွေးကတော့ ငမြောင်တောင်၊ ဖောငမြောင်တောင်၊ ရွက်စုံစားခူဝါ၊ ခူမွေးရှည်၊ ခူးမွေးစုတ်၊ ထွားကောင် စိမ်း၊ ရှောက်နေလှည့်လိပ်ပြာ၊ ရွက်ဖြတ်၊ ရွက်လိပ်ရွက်ကပ်၊ ခရုအမျိုးမျိုး စတာတွေပါပဲ။

စုပ်စားတဲ့ပိုးတွေကတော့ နှံစုပ်ပိုး၊ ပျပိုး၊ ဖြုတ်ပိုးအမျိုးမျိုး၊ ဂျပိုး အမျိုးမျိုး၊ မီလီဘတ်အမျိုးမျိုးနဲ့ ယင်ဖြူပိုးများ ဖြစ်ပါတယ်။

ခြစ်ပြီးစားသောက်တဲ့ပိုးမွှားတွေကတော့ ပိုးလောင်မီး၊ ခူ၊ မီလီဘတ်တို့ဖြစ်ကြပါတယ်။

သီးနှံပင်ရဲ့အစိတ်အပိုင်းအတွင်းကို ထိုးဖောက်ဝင်ရောက် စားသောက်တဲ့ပိုးမွှားတွေကတော့ ဆစ်ပိုးအမျိုးမျိုး၊ သီးလုံးဖောက်ပိုး အမျိုးမျိုး၊ အစေ့ထိုးပိုးအမျိုးမျိုး၊ ပင်စည်ထိုးပိုးအမျိုးမျိုး၊ သစ်သီးယင် အမျိုးမျိုးစတဲ့ပိုးတွေ ဖြစ်ပါတယ်။

သိုလှောင်ပိုးမွှားများထဲမှာတော့ အစေ့ထိုးပိုး၊ အစေ့စာ၊ ပိုးများဟာ ဖျက်ဆီးမှုအများဆုံးပါပဲ။ ဥနဲ့အမြစ်များကို စားသောက်ဖျက်ဆီးတဲ့ ပိုးမွှားများကတော့ ဖိုးလမင်းကျိုင်း၊ ခြ၊ ပုရစ်၊ ပုရွက်ဆိတ်၊ ဥစား ပိုးလောက်ကောင်၊ ဥထိုးပိုးများ ဖြစ်ကြပါတယ်။

အဲဒီပိုးအမျိုးမျိုးရဲ့ ပမာဏဟာ တဖြည်းဖြည်း ရေချိန်မြင့်လာ ပါတယ်။ သီးနှံပင်တွေကို ဖျက်ဆီးနေတဲ့ပိုးမွှားပင်တွေကို ထိထိ ရောက်ရောက် ကာကွယ်နှိမ်နင်းခြင်းမလုပ်ဘူးဆိုရင် ကမ္ဘာ့စားနပ်ရိက္ခာ ထုတ်လုပ်မှုကို ထိခိုက်နိုင်ပြီး လူသားတွေရဲ့ စားနပ်ရိက္ခာဖူလုံမှုကို ကြီးစွာ ဒုက္ခကြုံတွေ့ရပါလိမ့်မယ်။ ဒါကြောင့် ဖျက်ပိုးမွှားတွေကို ဘက်စုံ ပိုးမွှား ရောဂါကာကွယ်နှိမ်နင်းနည်း (Integrated Pest Management IPM) စနစ်နဲ့တညီတညွတ်တည်း ကာကွယ်နှိမ်နင်းကြဖို့ လိုပါတယ်လို့ ကမ္ဘာ့ စားနပ်ရိက္ခာအဖွဲ့ကြီးက နှိုးဆော်တပ်လှန့်ထားတာ ဖြစ်ပါတယ်။

ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းနည်းတွေကတော့ (၁) မျိုးကောင်း မျိုးသန့်များပြောင်းလဲစိုက်ပျိုးခြင်း၊ (၂) သီးနှံပုံစံများပြောင်းလဲစိုက်ပျိုးခြင်း၊ (၃) မြေယာပြုပြင်မှုစနစ်ကောင်းများ ကျင့်သုံးခြင်း၊ (၄) မှန်ကန်ပြီး စနစ်ကျတဲ့စိုက်ပျိုးရေးနည်းစနစ်များအသုံးချခြင်း၊ (၅) ရေနေရေထိုင် ကောင်းမွန်တဲ့စနစ်ဖြစ်အောင် စီမံခြင်း၊ (၆) ချုံနွယ်ပေါင်းမြက်များ ပြောင်စင်အောင်သုတ်သင်ပြီး မီးရှို့ခြင်း၊ (၇) မိတ်ဆွေပိုးမွှားတွေပွားများ ရှင်သန်အောင် ဖန်တီးပေးခြင်း၊ (၈) ဇီဝနည်းနဲ့ကာကွယ်နှိမ်နင်းခြင်း၊ (၉) လူအားနဲ့ ဒါမှမဟုတ် ကိရိယာနဲ့ဖမ်းယူ၍သုတ်သင်ရှင်းလင်းလိုက်နိုင်ပြီး (၁၀) လိုအပ်မှသာ ဓာတုဆေးတွေနဲ့ ကာကွယ်နှိမ်နင်းကြရမှာ ဖြစ်ပါတယ်။

ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းမှာပါတဲ့ လူ ဒါမှမဟုတ် ကိရိယာနဲ့ ဖမ်းယူသုတ်သင်ရှင်းလင်းတဲ့နည်းကို ဆွေးနွေးလိုပါတယ်။ သီးနှံပင်တွေကို ဖျက်ဆီးနေတဲ့ကြွက်ကြောင့် အာရှနိုင်ငံတွေရဲ့ လူဦးရေ သန်း ၁၈၀ အတွက် တစ်နှစ်စာစားသုံးနိုင်တဲ့ ဆန်တန်ချိန်သန်း ၃၀ ဟာ နှစ်စဉ်ပျက်စီးဆုံးရှုံးနေရတယ်လို့ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးရဲ့ အစီရင်ခံစာမှာ ဆိုထားပါတယ်။

မြန်မာနိုင်ငံမှာ ကြွက်ဖျက်ဆီးမှုကြောင့် နှစ်စဉ်စပါးထွက် ၅ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ ဆုံးရှုံးနေတယ်လို့ ဆိုပါတယ်။ ကြွက်ကို ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းနည်းအရ မျှားစာဖြင့်ဖမ်းခြင်း၊ ထောင်ချောက်ဖြင့် ဖမ်းခြင်း၊ ကြွက်လိုက်မုဆိုးတွေနဲ့ဖမ်းခြင်း၊ လင်ကောင်ပိုင့်ကတ်တွေ မွေးမြူဖမ်းဆီးခြင်းနည်းလမ်းများအသုံးပြုပြီး ကာကွယ်နှိမ်နင်းကြပါတယ်။ အားသာချက်ကတော့ လယ်ကြွက်တွေဟာ ပရိုတိန်းဓာတ်ကြွယ်ဝလို့ လူတွေက အသားဓာတ်အဖြစ် စားသုံးကြ ပါတယ်။

ဆေးနဲ့ဖမ်းတဲ့ကြွက်ကလွဲလို့ အရှေ့တောင်အာရှနိုင်ငံတွေမှာ ဒါဟာလည်း တစ်နည်းအားဖြင့် ကြွက်အန္တရာယ်ကို ဘက်စုံပိုးမွှား ကာကွယ်နှိမ်နင်းနည်းအတွက် အထောက်အကူပြုနေတာ ဖြစ်ပါတယ်။

တစ်ဖန်သီးနှံတွေကို ဖျက်ဆီးတဲ့ပုရစ်ကြောင့် ၁၀ မှ ၁၅ ရာခိုင်နှုန်းအထိ ဆုံးရှုံးမှုရှိတာ တွေ့ရပါတယ်။ ပုရစ်ဟာလည်း ပရိုတိန်းဓာတ် ၄၈ ရာခိုင်နှုန်းပါဝင်နေတဲ့အတွက် လူသားတွေက ရာသီပေါ်စာအဖြစ် အသားအစားထိုးစားသုံးကြတာ တွေ့ရပါတယ်။ ရာသီပေါ်ချိန်မှာဆိုရင် ပုရစ်ထွက်လာသမျှ ဖမ်းဆီးပြီး ပရစ်ကြော်အဖြစ် ရောင်းချကြလို့ သီးနှံပင်တွေဆီကို ပရစ်တွေရောက်ရှိဖျက်ဆီးမှု လျော့နည်းသွားတာ တွေ့ရပါတယ်။

သင်ပေါင်းပင်ကို ဖျက်ဆီးတဲ့သင်ပေါင်းပိုးဟာလည်း ပရိုတိန်း ဓာတ် ၅၂ ရာခိုင်နှုန်းပါဝင်တဲ့အတွက် သင်ပေါင်းပိုးကို ကာကွယ်နှိမ်နင်း စရာမလိုဘဲ သပ်သပ်ဖမ်းယူ၍ စားသုံးကြတာ တွေ့ရပြန်ပါတယ်။



အထူးသဖြင့် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ ပင်လယ် ကမ်းရိုးတန်းဒေသနိုင်ငံတွေမှာ ခံတွင်းတွေ့စွာ စားသုံးကြပါတယ်။

နောက်ပြောချင်တာကတော့ လယ်ကဏန်း (ကွန်ပက)အကြောင်း ပါပဲ။ ကမ္ဘာမှာ ကဏန်းမျိုးစိတ်ပေါင်း ၁၀၀ ကျော် ရှိတယ်လို့ ဆိုပါတယ်။ မြန်မာနိုင်ငံမှာတော့ ကဏန်းမျိုးစိတ် ၁၀ မျိုးလောက် ရှိပါတယ်။ ကဏန်း ဟာ သီးနှံပင်တွေ၊ အထူးသဖြင့် စပါးပင်တွေကို ငုံးတိပြတ်အောင် ကိုက်ဖြတ်စားသောက်ဖျက်ဆီးပါတယ်။

၁၉၉၀–၉၁ ခုနှစ်လောက်က မြန်မာနိုင်ငံကမ်းရိုးတန်းတစ်လျှောက် မြို့နယ်များရဲ့စပါးခင်းတွေမှာ လယ်ကဏန်း (ကွန်ပက)ဖျက်ဆီးခံရတဲ့ ဒုက္ခကို ကြီးမားစွာခံစားခဲ့ကြရပါတယ်။ ကွန်ပက ကဏန်းတွေဟာ ပင်လယ်ရှိ ဒီရေအတက်အကျနဲ့ပါလာပြီး အုပ်စုလိုက်အကောင်ပေါင်း ထောင်နဲ့ချီပြီး သွားလာတာတွေ့ရပါတယ်။ စပါးကြဲခင်း၊ ပျိုးခင်းအသက်ရက်နုနုဆိုရင် အုပ်စုလိုက်ဝင်ပြီး အခင်းပြတ်ကိုက်ဖြတ် ဖျက်ဆီးတဲ့အတွက် ဆုံးရှုံးမှုအလွန်များပါတယ်။ နောက်ပိုင်းမှာ လယ်ကဏန်း (ကွန်ပက)တွေကိုဖမ်းပြီး အခြောက်လှန်းအမှုန့်ကြိတ်ကာ သဘာဝမြေဩဇာအမှုန့်အဖြစ် တွင်တွင်ကျယ်ကျယ်အသုံးပြုလာကြ ပါတယ်။ ကယ်လ်စီယမ်ဓာတ် ၃၈ ရာခိုင်နှုန်းနဲ့ ဖော့စဖိတ်ဓာတ်လည်း ပါတယ်လို့ ဆိုပါတယ်။ မွန်ပြည်နယ်နဲ့တနင်္သာရီတိုင်းဒေသကြီးတွေမှာ အမှုန့်ကြိတ်စက်ရုံကြီးတွေ တည်ထောင်ပြီး များများစားစားထုတ်လုပ် ဖြန့်ဖြူးခဲ့လို့ ယခုအခါ လယ်ကဏန်း (ကွန်ပက)ဘေးရန်အသံပင် မကြားရတော့ပါ။ ဘက်စုံပိုးမွှားကာကွယ်နည်းလမ်းကို အလိုလိုအကျိုးပြုစေသွားတာ ဖြစ်ပါတယ်။

နောက်ဆုံးတင်ပြလိုတာကတော့ သီးနှံဖျက်ဆီးတဲ့ခရုအကြောင်းပဲ ဖြစ်ပါတယ်။ ကမ္ဘာမှာ ခရုမျိုးစိတ်ပေါင်း ၅၀ ကျော်ခန့်ရှိတယ်လို့ ဆိုပါတယ်။ မြန်မာနိုင်ငံမှာတော့ ခရုမျိုးစိတ် ၁၀ မျိုးလောက်ရှိတာ တွေ့ရပါတယ်။ အဲဒီအထဲမှာ သီးနှံတွေကို သိသိသာသာဖျက်ဆီးတဲ့ ခရုမျိုးစိတ်ကတော့ ရွှေခရုပါပဲ။

ရွှေခရုကြောင့် သီးနှံပျက်စီးဆုံးရှုံးမှု ၆၅ ရာခိုင်နှုန်းအထိရှိတယ်လို့ ဆိုပါတယ်။

ရွှေခရုဟာ ယခင်က မြန်မာနိုင်ငံမှာရှိခဲ့တဲ့မျိုးမဟုတ်ပါ။ အခြားနိုင်ငံတွေကတစ်ဆင့် ပင်လယ်ဒီရေနဲ့မျောပါလာပြီး မြန်မာနိုင်ငံမှာ ခြေကုပ်ယူအခြေချခဲ့တာ လေးနှစ်လောက်ရှိပါပြီ။ အခုဆိုရင် ရွှေခရုဟာ မြန်မာပြည်အောက်ပိုင်းကမ်းရိုးတန်းဒေသတွေကနေ အထက်အညာဒေသ နေပြည်တော်၊ စစ်ကိုင်း၊ မန္တလေး၊ ပဲခူးတိုင်းဒေသကြီးတွေထိပင် ခြေဆန့်မွေနှောက်နေပါတယ်။ ရွှေခရုဟာ စပါးပင်ငယ်စဉ်တစ်လသား အတွင်း ခင်းလုံးပြတ်အပင်ငုံးတိတိုအောင် ကိုက်ဖြတ်ဖျက်ဆီးတာဟာ တစ်နှစ်ထက်တစ်နှစ်အရှိန်မြင့်တက်လာနေတာ တွေ့ရပါတယ်။ မြို့နယ်များရဲ့ စိုက်ပျိုးရေးဝန်ထမ်းတွေလည်း ရွှေခရုနှိမ်နင်းရေး၊ တုတ်ထမ်း၊ ဓားထမ်း၊ ခါးတောင်းကျိုက်ပြီး ဖမ်းစတာတွေလုပ်နေကြ ရတာ တွေ့ရပါတယ်။

ယခုတော့ ရွှေခရုအပါအဝင် အပင်ကိုဖျက်ဆီးတဲ့ အခြားမျိုးစိတ်ခရု များ ဇာတ်သိမ်းခန်းရောက်တော့မယ့် သတင်းကောင်းတစ်ခုတွေ့နေ ရပါပြီ။

ထိုင်းနိုင်ငံ နခုတ်နယုတ်ပြည်နယ်မှာ ခရုကနေ ရွှေဖြစ်နေတဲ့လုပ်ငန်း များပေါ်ထွက်နေပြီဖြစ်ကြောင်း ကြားသိရပါတယ်။

ခရုကနေ ရွှေဖြစ်တယ်ဆိုတာကတော့ တင်စားခေါ်ဝေါ်ခြင်းသာ ဖြစ်ပါတယ်။ ခရုကနေ အမေရိကန်ဒေါ်လာများစွာရရှိနေတဲ့အတွက် ရွှေထက်တောင် တန်ဖိုးများစွာရှိနေတယ်လို့ ဆိုလိုတာပါ။

ထိုင်းနိုင်ငံ နခုတ်နယုတ်ပြည်နယ်မှာ ခရုခန္ဓာကိုယ်တွင်းကနေ အကျိအချွဲထုတ်ယူနေတဲ့ကုမ္ပဏီကြီးတစ်ခုရဲ့ပိုင်ရှင်က "ယခင်တုန်းက ဆိုရင် တောင်သူလယ်သမားတွေဟာ ခရုတွေက စပါးခင်းဖျက်တယ်ဆိုပြီး သူတို့ရန်သူလိုသဘောထားကြတယ်။ ခရုတွေဖမ်း၊ ကတ္တရာလမ်းပေါ် ဖြန့်တင်ပြီး ကားကြိတ်ခံသတ်ကြတယ်။ အိတ်ထဲထည့်ပြီး တုတ်နဲ့ထုခြေရိုက်သတ်ပြီး မြေမြှုပ်ပစ်ကြတယ်။ အခုတော့ အဲဒီခရုတွေကို ပလတ်စတစ်ကန်တွေနဲ့သီးသန့်မွေးပြီး ကျွန်တော့်စက်ရုံကို လာသွင်းကြ တယ်။ အခုစပါးခင်းဖျက်ဆီးတဲ့ခရုလည်းကိစ္စတုံး သူတို့လည်းဝင်ငွေ အပိုရလို့ ဟန်ကျနေကြပြီ" လို့ သူက ပြောပါတယ်။

ထိုင်းနိုင်ငံ နခုတ်နယုတ်ပြည်နယ်တစ်ခုလုံး ကွင်းထဲရှိသမျှ ခရုတွေ လိုက်ဖမ်းကြ၊ ရွာတွေမှာ သီးသန့်မွေးမြူတာမွေး၊ အရွယ်ရောက် ခရုတွေကိုတော့ စက်ရုံတိုက်ရိုက်သွားသွင်းနဲ့ အလုပ်ဖြစ်နေကြတယ်လို့ ဆိုပါတယ်။ ခရု အရွယ် ရောက်ကောင် ၁၀၀၀ ကို



အမေရိကန်ဒေါ်လာ ၂၅၀ မှ ၃၀၀ ဈေးအထိရရှိတယ်လို့ ဆိုပါတယ်။

အဲဒီစက်ရုံဟာ အရွယ်ရောက်ခရုရဲ့ခန္ဓာကိုယ်တွေထဲကနေ အကျိအချွဲအရည်များ ထုတ်ယူပါတယ်။ ရရှိတဲ့အရည်ကို ဘက်တီး ရီးယားပိုးမွှား၊ အခြားပိုးမွှားနဲ့အညစ်အကြေးများကို စက်ထဲမှာ ဆေးနဲ့ သန့်စင်ပါတယ်။ သန့်စင်ပြီးခရုအကျိအချွဲအရည်ကို အလှကုန်ပစ္စည်းမှာ အသုံးပြုတယ်လို့ ဆိုပါတယ်။ အနာလိမ်းဆေး၊ နေလောင်ခံ၊ အလှဆီ၊ အလှပြင်ဆီပစ္စည်းတွေမှာ အသုံးပြုတယ်လို့ ဆိုပါတယ်။ အချင်း နှစ်လက်မခန့်အရွယ်ရှိတဲ့ခရုအကောင် ၁၀၀၀ ကနေ တစ်လမှာ အမေရိကန်ဒေါ်လာ ၃၂၀ ကနေ ၆၅၀ အထိရရှိနေကြတယ်လို့ ဆိုပါတယ်။ အချင်းတစ်လက်မခွဲအရွယ်ရှိတဲ့ ခရုအကောင် ၁၀၀၀ ဆိုရင် တစ်လမှာ အမေရိကန်ဒေါ်လာ ၂၅၀ မှ ၅၀၀ အထိရရှိကြပါတယ်။ သန့်စင်ပြီး ခရုအရည်ကို ပုလင်းတွေထဲမှာ သေချာစွာထည့်ပြီး အမေရိကန် နိုင်ငံ၊ အင်္ဂလန်နိုင်ငံနဲ့ ဥရောပနိုင်ငံအချို့နဲ့ တောင်ကိုရီးယားနိုင်ငံတွေကို တင်ပို့ရာမှာ တစ်ကီလိုဂရမ်ကို ထိုင်းဘတ်ငွေ ၁ ဒသမ ၈ သန်းအထိ ရရှိနေတဲ့အတွက် ရွှေထက်တောင်ဈေးကြီးနေတယ်လို့ ဆိုပါတယ်။ ထိုင်းနိုင်ငံ နခုတ်နယုတ်ပြည်နယ်မှာ ခရုကနေ အကျိအချွဲထုတ်လုပ်တဲ့ လုပ်ငန်းပေါင်း ၈၀ ကျော်တောင်ရှိနေပြီလို့ သိရပါတယ်။

ဈေးကွက်လေ့လာသူများရဲ့ အဆိုအရ နခုတ်နယုတ်ပြည်နယ်ရှိ ခရုခန္ဓာကိုယ်အကျိအချွဲအရည်ထုတ်လုပ်ရောင်းချတဲ့လုပ်ငန်းကနေ အမေရိကန်ဒေါ်လာ ၃၁၄ သန်းအထိ ရရှိနေပြီလို့ ဆိုပါတယ်။

မြန်မာနိုင်ငံမှာလည်း အဲဒီဖြစ်စဉ်လေးကို နမူနာယူလေ့လာပြီး ဆောင်ရွက်မယ်ဆိုရင် တောင်သူလယ်သမားကြီးတွေရဲ့ရန်သူ ခရုအန္တရာယ်ဟာ မကြာမီမှာ ဇာတ်သိမ်းသွားပြီး အပိုဝင်ငွေတွေတောင် ရရှိလာကြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့လည်း ခရုကနေ ရွှေဖြစ်အောင် ဖန်တီးကြပါစို့ဟု တိုက်တွန်းလိုက်ရပါတယ်။ ■



# ထူးဆန်းအံ့ဖွယ်ရာ စာအုပ်ကမ္ဘာ

**ဖော်ပြပါပုံမှာ တရုတ်ပြည် ရှန်ဟိုင်းမြို့ရှိ စာအုပ်ဆိုင်ကြီးတစ်ဆိုင်သည် အံ့ဩဖွယ်ရာကောင်းလောက်အောင် စာအုပ်များကို မီးများဖြင့် အလှဆင်ထားပုံဖြစ်သည်။ ရှန်ဟိုင်းအခြေစိုက် ဇောင်ရှူးဂီစာအုပ်ဆိုင်ပိုင်ရှင်သည် တရုတ်ပြည်မြို့ကြီးများရှိ ၎င်း၏စာအုပ်ဆိုင်ခွဲများကိုလည်း အထက်ပါအတိုင်း အလှဆင်ထားသည်။**

အနုပညာပြောင်မြောက်စွာဖြင့် အလှဆင်ထားသည့် အဆိုပါစာအုပ်ဆိုင်များသို့ စာဖတ်ဝါသနာပါသော လူကြီးလူငယ် လူလတ်များသည်လာကြသလို စာဖတ်ဝါသနာမပါသော်လည်း လှပသည့်စာအုပ်ဆိုင်ကို လာရောက်ကြည့်ရှုကြသူများလည်း အများအပြားရှိ၏။

မျက်နှာကျက်များကို မှန်များ၊ မီးများဖြင့် အလှဆင်ထားပြီး စာအုပ်စင်များကိုလည်း လှပစွာပုံဖော်ထားမှုသည် အနုပညာလက်ရောက်မြောက်လှ၏။

စာအုပ်ပိုင်ရှင်သည် ကလေးများ စာဖတ်ခြင်းစိတ်ပိုများလာရန် ဦးစားပေးပြီး ကလေးသူငယ်များက ကဏ္ဍဆိုင်ရာ စာအုပ်စင်များကို ဦးစားပေးအလှဆင်ထားရာ ကလေးများသည် အကြိုက်တွေ့ကြ၏။

အချို့စာအုပ်ဆိုင်များသည် ဇောင်ရှူးဂီစာအုပ်ဆိုင်များကို နမူနာယူပြီး သူတို့၏ စာအုပ်ဆိုင်များကိုလည်း အလှဆင်လာကြသည်ဟု သိရသည်။

**(စထရိတ်တိုင်းမ်စ် ၁.၆.၁၉)**

# အရေပြားလှပလိုမှု အထူးသတိပြု

**ယနေ့ သိပ္ပံခေတ်တွင် အရေပြားပြုပြင်ခြင်းအတတ်ပညာသည် ခေတ်စားနေ၏။ အရေပြားများတွန့်လာသည်ကို ပျောက်ပျက်အောင် ပြုပြင်ခြင်း၊ အမာရွတ်များကို နဂိုအသားအတိုင်းဖြစ်ရန် ခွဲစိတ်ပြုပြင်ခြင်း၊ နှာခေါင်း၊ နှုတ်ခမ်းစသည်တို့ကိုလှပအောင် ပြုပြင်ခြင်းများသည် ရှိလာ၏။**



ကျွမ်းကျင်သော ကျန်းမာရေးပညာရှင်အချို့က ကြော်ငြာများကိုကြည့်ပြီး အလှပြုပြင်မှုကို အလျင်စလိုမလုပ်ပါနှင့်။ ထိုသို့ပြုပြင်မှု ပြုလုပ်သူအချို့မှာ ဝါရင့်မဟုတ်ဘဲ လုပ်သက်နုသူများဖြစ်၍ လုပ်ငန်းကျွမ်းကျင်မှုမရှိပေ။ ထို့ကြောင့် ကျွမ်းကျင်သောဆေးပညာရှင်များနှင့်တိုင်ပင်ပြီးမှသာ အလှပြုပြင်မှုကို ပြုလုပ်ပါဟု အကြံပေးကြသည်။

ဤသို့အလှပြုပြင်မှုပြုလုပ်ရာတွင် ဆိုးကျိုးများဖြစ်ပေါ်တတ်သည်ဟုလည်း သတိပေးကြသည်။

တွန့်နေသောအရေပြားများ မတွန့်ရန်အသုံးပြုသော ထိုးဆေးသည် အရေပြားမတွန့်ရန် သုံးလ (သို့မဟုတ်) လေးလခန့်သာစွမ်းသည်ဟု သိရသည်။ သတိပြုရမည်မှာ ဆေးထိုးသည့်နေရာ၌ နာကျင်ခြင်း၊ ရောင်ရမ်းခြင်းနှင့် အရေပြားအရောင်ပြောင်းခြင်းဖြစ်နေတတ်ပြီး ကြာကြာတော့မဟုတ်ပါ။ ခေါင်းကိုက်ခြင်း၊ မျက်ခုံး (သို့မဟုတ်) မျက်ခွံတွင် အရေပြားတွဲကျခြင်းလည်း ဖြစ်တတ်၏။ ဖြစ်တောင့်ဖြစ်ခဲဖြစ်ရပ်တစ်မျိုးမှာ မျက်စိမှုန်ဝါးဝါးဖြစ်ခြင်း (သို့မဟုတ်) ဆိုးဝါးသော အဖုအပိတ်ထွက်သော တုံ့ပြန်မှုမျိုးလည်း ဖြစ်တတ်၏။

မျက်နှာကိုပြုပြင်လျှင် မျက်နှာအရေပြားကို ကြွတက်လာအောင် ခွဲစိတ်ပြီး ခွဲစိတ်ရာ၌သုံးသောကြိုးဖြင့် အရေပြားကိုချည်နှောင်ကာ အရေပြားကို ထိန်းထားရ၏။ အခန့်မသင့်လျှင် ၎င်းကြိုးသည် ပြတ်တောက်သွားတတ်၏။

အလှပြုပြင်ရာ၌ အရေပြားကို ပြုပြင်ခြင်းဖြစ်ရာ ဤသို့ပြုပြင်ရာ၌ အရေပြားအောက်ရှိ သွေးကြောများကို မထိခိုက်အောင် အထူးဂရုစိုက်ရ၏။ သွေးကြောပိတ်သည့်အဖြစ်မျိုး ဖြစ်သွားလျှင် သွေးကြောမှပံ့ပိုးနေသည့်သွေးများ မရောက်ဘဲ ဆဲလ်များပျက်စီးသွားခြင်း ဖြစ်၏။ အကယ်၍ အရေးကြီးသော သွေးကြောသာပိတ်သွားလျှင် မျက်စိအမြင်ကိုထိခိုက်ခြင်း၊ အရေပြားပုပ်ခြင်းတို့ကို ဖြစ်စေမည်ဖြစ်၏။

အရေပြားကို အသစ်လဲလှယ်ရာတွင်လည်း မကျွမ်းကျင်ပါက အရေပြားနေရာလောင်ကျွမ်းမှု၊ ပျက်စီးမှုကို ဖြစ်စေနိုင်သည်ဟု ကျန်းမာရေးပါရဂူများက ပြောကြသည်။

ထို့ကြောင့် အလှပြင်ရာ၌ အမှန်တကယ်မဖြစ်မနေလိုအပ်မှသာ ပြင်ရန် အကြံပြုထား၏။

အခြားအရေးကြီးသောအချက်တစ်ချက်မှာ အလှပြင်ပြီးနောက် ဆောင်ရန်၊ ရှောင်ရန်များရှိလေရာ ၎င်းတို့ကို သက်ဆိုင်ရာ ဆရာဝန်က ညွှန်ကြားသည့်အတိုင်း တိတိကျကျ လိုက်နာရန် လိုအပ်ပါကြောင်း။

**(စထရိတ်တိုင်းမ်စ် ၈.၄.၁၉)**

# ဂေဟာစနစ်နှင့် ဇီဝမျိုးကွဲများကို ကာကွယ်စောင့်ရှောက်ရန် အရှေ့တောင်အာရှတွင် လိုအပ်နေ

**ကုလသမဂ္ဂ၏အစီရင်ခံစာတစ်ရပ်တွင် ကမ္ဘာ့ဂေဟစနစ်များအခြေအနေကို အသေးစိတ်ဖော်ပြထား၏။ ၎င်းအစီရင်ခံစာထဲ၌ လူတို့၏ပယောဂများကြောင့် တိရစ္ဆာန်မျိုးစိတ်ပေါင်းတစ်သန်းခန့်သည် ဤကမ္ဘာမှ မျိုးသုဉ်းပျောက်ကွယ်လုနီးနေပြီဟု သတိပေးဖော်ပြထားသည်။**



ထိုအစီရင်ခံစာကို လေ့လာပြီးနောက် စင်ကာပူမှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပါမောက္ခတစ်ဦးက –

“စင်ကာပူသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရာ၌ တက်တက်ကြွကြွရှိကြောင်း၊ ထို့ကြောင့် မျိုးသုဉ်းတော့မည့်တိရစ္ဆာန်များ ဥပမာ အောက်ချင်းငှက်များ၊ အမွေးအလွန်ချောသည့်ဖျံများကို ထိန်းသိမ်းထားကြောင်းဖြင့်” ပြောဆိုလိုက်သည်။

စင်ကာပူနည်းတူပင် အရှေ့တောင်အာရှရှိနိုင်ငံများကလည်း သဘာဝပတ်ဝန်းကျင်ကို ယခုထက်ပို၍ ကာကွယ်စောင့်ရှောက်ရန် လိုအပ်နေပြီဟု ထိုပါမောက္ခက ဆက်လက်ပြောကြားသည်။

စင်ကာပူသည် တိရစ္ဆာန်များကို သာမက သစ်ပင်ကြီးငယ်များ၊ ရှားပါးသစ်ပင်များကိုလည်း ထိန်းသိမ်းစောင့်ရှောက်ပြီး လာမည့်ငါးနှစ်အတွင်း သစ်ပင်မျိုးစုံ ၂၅၀၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်၏။

သစ်ပင်သစ်တောများသည် တိရစ္ဆာန်များအတွက် ခိုလှုံရာအိမ်ဖြစ်သည်ဟု အဆိုပါ ပါမောက္ခက ထပ်မံပြောဆိုသွားသည်။

တိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်ရခြင်း၏ အဓိကအချက်မှာ ၎င်းတို့ မှီခိုစရာသစ်ပင် သစ်တောများ တဖြည်းဖြည်းပျောက်ကွယ်နေသောကြောင့် ဖြစ်၏။ သစ်တောများသည် လူတို့က စိုက်ပျိုးရေးလုပ်ရန် ခုတ်ထွင်ရှင်းလင်းခြင်းခံရသောကြောင့် ပျောက်ကွယ်လာခြင်းဖြစ်သည်။

တိရစ္ဆာန်များ မျိုးသုဉ်းမှုရှိလာရခြင်း၏ အခြားအကြောင်းအချက်များ၌ တိရစ္ဆာန်များကို လိုက်လံဖမ်းဆီးသတ်ဖြတ်ခြင်း၊ တိရစ္ဆာန်များကို တရားမဝင်ရောင်းဝယ်ခြင်းတို့ကြောင့်လည်း ဖြစ်၏။

ထို့ပြင် လူတို့သည် စီးပွားရေးလုပ်ငန်းများအတွက် မြေအောက်သယံဇာတများကိုလည်း တူးဖော်မှုများလာရာ ဤလုပ်ရပ်သည်လည်း သဘာဝပတ်ဝန်းကျင်ကို ထိခိုက်လာ၏။

၁၉၈၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ စွန့်ပစ်ပလတ်စတစ်များသည် တဖြည်းဖြည်းများလာပြီး ရေထုနှင့် မြေထုကိုပါ ညစ်ညမ်းစေသောကြောင့် ရေနေသတ္တဝါများနှင့် ကုန်းမြေသတ္တဝါများအတွက် အဆိပ်အတောက်လည်း ဖြစ်လာနေ၏။

ပုံမှာ – မျိုးသုဉ်းတော့မည့်စာရင်းတွင် ဝင်နေသည့်ဆန်ဒရာသင်းခွေချပ်ကို စင်ကာပူမှထိန်းသိမ်းစောင့်ရှောက်ထားပုံဖြစ်သည်။

**(စထရိတ်တိုင်းမ်စ် ၈.၅.၁၉)**

မြသိန်း

# ရှားပါးလင်းယုန်ငှက်နှစ်ကောင် ဖိလစ်ပိုင်က စင်ကာပူသို့ ငှားရမ်း

**ဖိလစ်ပိုင်နိုင်ငံသည် စင်ကာပူနိုင်ငံသို့ ကမ္ဘာ၏အရှားပါးဆုံးငှက်တစ်မျိုးဖြစ်သော လင်းယုန်ငှက်နှစ်ကောင်ကို မျိုးမသုဉ်းစေရန်နှင့် မျိုးပွားရန်အတွက် ၂၀၁၉ ဇွန်လဆန်းက ငှားရမ်းလိုက်ပြီဟု သိရသည်။**

ဖိလစ်ပိုင်နှင့်စင်ကာပူတို့၏ နှစ် ၅၀ ပြည့် သံတမန်ဆက်ဆံရေး အထိမ်းအမှတ်အဖြစ်ဖြင့် ထိုသို့ငှားရမ်းလိုက်ခြင်းဖြစ်သည်။

အဆိုပါငှက်နှစ်ကောင်မှာ အသက် ၁၅ နှစ်သား လင်းယုန်အထီးနှင့် အသက် ၁၇ နှစ်သမီး လင်းယုန်အမတို့ ဖြစ်ကြပြီး ၎င်းတို့ကို လောလောဆယ်တွင် စင်ကာပူဂျူရောင်ငှက်မွေးမြူရေးခြံကြီးထဲတွင် မွေးထားမည်ဟု သိရသည်။ လောလောဆယ် တစ်ကောင်နှင့်တစ်ကောင် မယဉ်ပါးသေးသည့်အတွက် ခေတ္တခွဲထားမည်ဖြစ်ပြီး ယဉ်ပါးလာကြသည့် အခြေအနေသို့ ရောက်သောအခါမှ အတူတူထားမည် ဖြစ်သည်။



ဖိလစ်ပိုင် လင်းယုန်ကြီးတစ်ကောင်၏ ဖြန့်ကား အတောင်ပံများ၏ အလျားမှာ ၂ မီတာရှိပြီး ခန္ဓာကိုယ်အလျားမှာမူ ၁ မီတာရှိ၏။ ကမ္ဘာ့အကြီးဆုံး လင်းယုန်မျိုးစိတ်ဝင်ဖြစ်၏။ အသားစားငှက်ဖြစ်သည့် လင်းယုန်ငှက်များသည် မျောက်များ၊ ရှဉ့်များ၊ လင်းနို့များစသည်တို့ကို အစားများကြသည်။

ယခုအခါ ဖိလစ်ပိုင်တောများထဲ၌ လင်းယုန်ကောင်ရေ ၈၀၀ ခန့်သာ ကျန်တော့သည်ဟု သိရသည်။

ဖိလစ်ပိုင်လင်းယုန်မောင်နှံသည် ရာသက်ပန်မခွဲတူကွာနေသွားကြပြီး ငှက်မများသည် နှစ်နှစ်တွင်မှ ဥတစ်လုံးသာ ဥ၏။

ဖိလစ်ပိုင်လင်းယုန်ငှက် သားပေါက်တစ်ကောင်သည် အရွယ်ရောက်သည်အထိ အသိုက်ထဲ၌ နှစ်နှစ်ခန့်နေကြရလေရာ ငှက်ခတ်သမားများ၏ ဘေးအန္တရာယ်မှာလည်း အလွန်ကြီးမား၏။

စင်ကာပူနိုင်ငံသည် ရှားပါးငှက်များကို မွေးမြူထားသော နာမည်ကြီးနိုင်ငံဖြစ်၏။

စင်ကာပူမှ ငှက်မွေးမြူသူများသည် ဖိလစ်ပိုင်၌ရှိသော ရှားပါးငှက်များကို လေ့လာပြီး မျိုးမသုဉ်းရေးအတွက် ဆောင်ရွက်ရန် ကြိုးစားနေကြ၏။

**(စထရိတ်တိုင်းမ်စ် ၂၁.၅.၁၉)**




# မြန်မာနိုင်ငံ လယ်ယာကဏ္ဍ ရေစီမံခန့်ခွဲခြင်းနှင့် စက်မှုလယ်ယာဖွံ့ဖြိုးရေး မြန်မာ-အီတလီ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် ဩဂုတ် ၂

**မြန်မာ** နိုင်ငံလယ်ယာကဏ္ဍတွင် ရေစီမံခန့်ခွဲခြင်းနှင့် စက်မှုလယ်ယာဖွံ့ဖြိုးရေးအတွက် မြန်မာ-အီတလီနှစ်နိုင်ငံအကြား လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကို ယနေ့မွန်းလွဲ ၂ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် အီတလီနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကိုယ်စား ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီး မစ္စအလက်ဇန္ဒြားစခရီရာဗို (H.E Mrs. Alessandra Schiavo) တို့က လက်မှတ်ရေးထိုးကြသည်။ (ပုံ)

အဆိုပါ နားလည်မှုစာချွန်လွှာအရ လယ်ယာကဏ္ဍတွင် ဆည်မြောင်းရေသွင်းခြင်းနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ရွှေလုံဗိုလ်မြစ်ရေတင်နှင့် မြေအောက်ရေလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းတွင် ဆည်မြောင်းဆိုင်ရာ နည်းပညာစင်တာ တည်ထောင်ခြင်း၊ စက်မှုလယ်ယာစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်ရှိ အမှတ် ၆၁ စက်မှုလယ်ယာစခန်းတွင် စက်မှုလယ်ယာဆိုင်ရာ နည်းပညာစင်တာ (Technological Center for Agricultural Mechanization) တည်ထောင်ခြင်းတို့တွင် အီတလီနိုင်ငံ၏ နည်းပညာအထောက်အပံ့ဖြင့် စီမံကိန်းကာလသုံးနှစ်တာအတွင်း ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**MOALI ပြန်ကြားရေး**

# အရည်အသွေးမြင့် ပဲတီစိမ်း၊ ကုလားပဲသီးနှံ ထုတ်လုပ်နိုင်ရေး တွေ့ဆုံဆွေးနွေး

ရေဆင်း ဩဂုတ် ၂

**Master Peas စီမံချက်အရ Netherlands Enterprise Agency (RVO) နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) Interchurch Coorpera tion (ICCO), Truvalu, Shan Maw Myae ရှမ်းမောမြေနှင့် FedWell တို့ပူးပေါင်း၍ ပဲတီစိမ်းနှင့်ကုလားပဲသီးနှံထုတ်ကုန်များ အရည်အသွေးမြှင့်တင်ရန်၊ ကျန်းမာရေးအစာအာဟာရပိုင်းဆိုင်ရာ ကောင်းမွန်သော စားသောက်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန်နှင့် တောင်သူများက မျိုးစေ့ထုတ်စီးပွားရေးလုပ်ငန်းများ တည်ထောင်နိုင်ရန်၊ ပြည်တွင်းပြည်ပဈေးကွက်များနှင့်ချိတ်ဆက်ပြီး ကောင်းမွန်မျှတမှုရှိသောဈေးနှုန်းနှင့် ဈေးကွက်များပိုမိုရရှိစေရန်အတွက် တွေ့ဆုံဆွေးနွေးပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ကျင်းပရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန့်လွင်ဦး၊ ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ၊ Interchurch Coorperation (ICCO)မှ Jonah Nobleza Regional Program Manager နှင့် တာဝန်ရှိသူများ၊ Truvalu, ရှမ်းမောမြေ နှင့် FedWell တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (ပုံ)**



ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန့်လွင်ဦးက အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲတွင် Master Peas စီမံချက်အတွက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မည့် မိတ်ဖက်အဖွဲ့အစည်းများအား စီမံချက်တွင် လုပ်ဆောင်သွားမည့် အခန်းကဏ္ဍများ၊ (ICCO)မှ လက်ရှိ ဆောင်ရွက်နေသည့် P 4 (People, Peas, Profit) စီမံချက်နှင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် Master Peas တို့အကြား ဗဟုသုတ၊ အတွေ့အကြုံနှင့် အလေ့အထကောင်းများကို အကောင်းဆုံးအသုံးပြုချိတ်ဆက်ဆောင်ရွက်နေမှုများ၊ စီမံအုပ်ချုပ်မှုနှင့် ပူးပေါင်းဆောင်ရွက်မည့်ပုံစံများ၊ မိတ်ဖက်အဖွဲ့အစည်းတစ်ခုစီမှ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ စီမံချက်တွင် မိတ်ဖက်အဖွဲ့အစည်းအသီးသီးမှ ပါဝင်ဆောင်ရွက်သွားမည့် အခန်းကဏ္ဍများ၊ စီမံချက်၏ ဘဏ္ဍာရေးအနှစ်ချုပ်နှင့် ဘဏ္ဍာငွေသုံးစွဲသွားမည့်ပုံစံများကို တင်ပြဆွေးနွေးကြသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

# Biotechnology နှင့် Genetic Engineering သုတေသန အဆင့်မြင့်အဆောက်အဦးများ ဆောက်လုပ်ရန် ညှိနှိုင်းဆွေးနွေး



ရေဆင်း ဩဂုတ် ၁

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) အနေဖြင့် အဆင့်မြင့်နည်းပညာများ အသုံးပြုဆောင်ရွက်လျက်ရှိရာ Biotechnology နှင့် အဆင့်မြင့် Genetic Engineering သုတေသနများအတွက် အဆင့်မြင့်အဆောက်အဦများ ဆောက်လုပ်ရန်အတွက် အိန္ဒိယနိုင်ငံ Bhahu Biotech Private Limited မှ ပညာရှင်အဖွဲ့နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန့်လွင်ဦးနှင့် ညွှန်ကြားရေးမှူးများ၊ သက်ဆိုင်ရာ သုတေသနပညာရှင်များ ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက နဝရတ်ခန်းမ၌ ကျင်းပသည်။ (ပုံ)**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနပညာရှင်များနှင့် ကျွမ်းကျင်ပညာရှင်များသည် အဆင့်မြင့်သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခေတ်မီနည်းပညာများ အသုံးပြုဆောင်ရွက်လျက်ရှိရာ ဩစတြေးလျ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေး သုတေသနဌာန (ACIAR)အထောက်အပံ့ဖြင့် အပြည်ပြည်ဆိုင်ရာ ပဲတီစိမ်းဖွံ့ဖြိုးတိုးတက်မှု ကွန်ရက်တည်ထောင်ခြင်း စီမံကိန်း (International Manbean Improve Network - IMIN Project) အစီအစဉ်အရ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ပဲမျိုးစုံသီးနှံသုတေသနဌာနစုတွင် Control Green House ဆောက်လုပ်ရန်အတွက် Bhahu Biotech Private Limitedမှ တာဝန်ရှိသူများက စိုက်ပျိုးရေးသုတေသနပညာရှင်များ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိရန် စံချိန်စံညွှန်းများ လာရောက်တင်ပြကြသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန အနေဖြင့် ခေတ်မီနည်းပညာအသုံးပြုသုတေသနအတွက် အမှန်တကယ်လိုအပ်သော Removable Rain - out Shelter နှင့် Control Green House များကို နိုင်ငံတော်၏ရန်ပုံငွေဖြင့် ထပ်မံဆောက်လုပ်သွားမည်ဖြစ်ရာ ရေတော်ဒဏ်ခံနိုင်သော သီးနှံမျိုးများ ဖော်ထုတ်ရန်အတွက် လိုအပ်သည့် ရွှေ့လျားနိုင်သော ခေတ်မီမိုးကာ အဆောက်အဦ (Removable Rainout Shelter) များကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရေဆင်းရုံးချုပ်တွင် လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးသုတေသနဗဟိုဌာန (RRC) အဖြစ်တိုးမြှင့် တည်ထောင်မည့် ဇလုပ် (စစ်ကိုင်းတိုင်းဒေသကြီး)နှင့် အောင်ပန်း (ရှမ်းပြည်နယ် တောင်ပိုင်း) သုတေသနခြံများတွင်လည်းကောင်း၊ ယာသီးနှံအဓိကသုတေသနပြုဆောင်ရွက်သည့် တပ်ကုန်းသုတေသနခြံတွင်လည်းကောင်း တည်ဆောက်သွားမည်ဖြစ်ရာ သက်ဆိုင်ရာ သုတေသနပညာရှင်များက သုတေသနရည်ရွယ်ချက်အလိုက် ပီပြင်စွာဆောင်ရွက်ရန်အတွက် လိုအပ်သည့် ဒီဇိုင်းပုံစံ၊ အနေအထားနှင့် အရွယ်အစားများ၊ သုတေသနအထောက်အကူပြုနည်းပညာပံ့ပိုးပေးနိုင်မည့် နည်းလမ်းများကို Bhahu Biotech Private Limited မှ တာဝန်ရှိသူများနှင့် အပြန်အလှန်ဆွေးနွေးကြသည်။

ထပ်မံဆောက်လုပ်မည့် အဆင့်မြင့်သုတေသနအဆောက်အဦများအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တင်ဒါခေါ်ယူခြင်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတကာကုမ္ပဏီများကိုလည်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**



## ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး နေပြည်တော်တွင် ကျင်းပ

နေပြည်တော် ဩဂုတ် ၁၃

**ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံဒေသအချို့တွင် ဖြစ်ပေါ်လျက်ရှိသော ရေကြီးရေလျှမ်းမှု ပြန်လည်ထူထောင်နိုင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။ (ပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ကရင်ပြည်နယ် မွန်ပြည်နယ်နှင့် မြန်မာနိုင်ငံဒေသအချို့တွင် ရေကြီးရေလျှမ်းမှုများကြောင့် စိုက်ခင်းများ၊ လူနေအိမ်ခြေများ ထိခိုက်ပျက်စီးမှု ကြုံတွေ့ရလျက်ရှိရာ ဒေသနေပြည်သူများ၏ လတ်တလော စားနပ်ရိက္ခာဖူလုံစေရေးအတွက် အာဆီယံအပေါင်း-၃ အရေးပေါ်အရန်ဆန်ရိက္ခာအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ APTERR အတွင်းရေးမှူးချုပ်ရုံးနှင့် ဆက်သွယ်၍ Tier-3 အစီအစဉ်အရ ဂျပန်နှင့်ကိုရီးယားသမ္မတနိုင်ငံတို့မှ လှူဒါန်းထောက်ပံ့သည့် အရေးပေါ်အရန်ဆန်များ ဖြန့်ဝေပေးနိုင်ရေး၊ စိုက်ပျိုးရာသီချိန်မီ ထွန်ယက်ရေး၊ မျိုးစေ့ပျိုးပင်များ အချိန်မီဖြန့်ဝေပေးရေး၊ နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် ပိုးမွှားရောဂါဆိုင်ရာ ကာကွယ်နှိမ်နင်းရေးနှင့် မြေဆီလွှာထိန်းသိမ်းမှုလုပ်ငန်းများကို စနစ်တကျ ထိရောက်စွာ စီမံဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အစည်းအဝေးတက်ရောက်လာကြသူများက စိုက်ကွင်းများ၌ လိုအပ်သော ကောက်ကွက်ဖာခြင်း၊ အသစ်ပြန်လည်စိုက်ပျိုးခြင်းများ အချိန်မီဆောင်ရွက်နိုင်ရေးအတွက် မျိုးစေ့ပျိုးပင်ဖြန့်ဖြူးခြင်း၊ တိုက်ရိုက်မျိုးစေ့ချကိရိယာနှင့် ကောက်စိုက်စက်အသုံးပြုနိုင်ရေး၊ တောင်သူများ၏ လိုအပ်ချက်အပေါ် ဖြည့်ဆည်းကူညီပေးနိုင်ရေးတို့အတွက် ဒေသအစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် ဦးစီးဌာနများအချင်းချင်းကြား ပူးပေါင်းဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ကရင်ပြည်နယ် မွန်ပြည်နယ်နှင့် ရေကြီးရေလျှမ်းမှုဒဏ်ထိခိုက်ခံခဲ့ရသည့် ဒေသနေပြည်သူများအတွက် အစားအစာများ၊ စိုက်ပျိုးရေး မွေးမြူရေးဆိုင်ရာ အထောက်အပံ့များ ဆောင်ရွက်ပေးခြင်း၊ တိရစ္ဆာန်ဆေးဝါးများ ထောက်ပံ့ကူညီပေးနိုင်ရေးအတွက် လိုအပ်သော ကြိုတင်ကာကွယ်ဆေးများနှင့် မွေးမြူကုသရေးဆိုင်ရာ ကျွမ်းကျင်သူများ တာဝန်ချစေလွှတ်ခြင်း၊ မိသားစုအသုံးအဆောင် Family kit ပစ္စည်းဖြန့်ဝေပေးခြင်း၊ ကျေးလက်သောက်သုံးရေတွင်း ရေကန်များ ပြန်လည်အသုံးပြုနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

MOALI ပြန်ကြားရေး

## ဝေါမြို့နယ် ဘက်စုံအဆင့်မြင့်နည်းပညာသုံး ကျိုက်လှစံပြကျေးရွာ စိုက်/ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကွင်းဆင်း စစ်ဆေး

ပဲခူး ဩဂုတ် ၁၀

**စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းသည် ပဲခူးတိုင်းဒေသကြီးဦးစီးမှူး ဦးလှမြင့်၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး၊ ပဲခူးခရိုင်ဦးစီးမှူးနှင့်အတူ ဝေါမြို့နယ် ကျိုက်လှကျေးရွာတွင် အကောင်အထည်ဖော်လျက်ရှိသော ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ လုပ်ငန်းများကို ယနေ့ကွင်းဆင်းစစ်ဆေးသည်။**

အဆိုပါအဖွဲ့သည် တောင်သူများနှင့်ဝန်ထမ်းများအား တွေ့ဆုံကာ တောင်သူလယ်သမားများ လက်တွေ့အကျိုးရှိမည့်နည်းပညာများကို ရှာဖွေကာ ပညာပေးစည်းရုံးဆောင်ရွက်ကြရေး၊ နေရာဒေသတစ်ခုတည်းတွင် ဆောင်ရွက်ရေး နီးစပ်ရာတောင်သူများသို့ လက်ဆင့်ကမ်းဖြန့်ဝေရေးစသည်တို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာတွင် စိုက်ပျိုးထားသော ရွှေခရ



နေခြင်းမပြဘဲ တစ်မြို့နယ်လုံး လွှမ်းခြုံအောင် အကျိုးဆောင်တောင်သူများအား ရွေးချယ်၍ တိုးချဲ့ပညာပေး စိုက်ပျိုးပြသရေး၊ သီးနှံအလိုက်၊ ရာသီအလိုက် အခက်အခဲများကို ဖြေရှင်းနိုင်မည့် ပညာရပ်များကို ထိရောက်စွာ ပညာပေးဆောင်ရွက်ရေး၊ တောင်သူများအတွက် အမှန်တကယ်လိုအပ်သော စမ်းသပ်ကွက်များသာ ဆောင်ရွက်ကြပြီး ရရှိလာသော အချက်အလက်များကို အခြေခံ၍ ပညာပေးဆောင်ရွက်ရေး၊ တောင်သူများအနေဖြင့် စံပြကွက်များ ဌာနနှင့်ပူးပေါင်း အကောင်အထည်ဖော်ရာတွင် ကွင်းဝန်ထမ်းများ၏ ညွှန်ကြားပြသမှုများကို လိုက်နာ

ကာကွယ်နှိမ်နင်းနည်း စမ်းသပ်ကွက် ၁၅ ဧက၊ မျိုးစေ့ထုတ်စိုက်ခင်းများ၊ စိုက်စနစ်နှင့် မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များနှင့် ကောက်စိုက်စက်စိုက်ခင်းနှင့် မျိုးစေ့ချကိရိယာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် အင်းတကော်မြို့ရှိ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း ၁၀ မိုင်သင်တန်းကျောင်းတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ သင်တန်းသားဝန်ထမ်းများအား တွေ့ဆုံကာ သင်တန်းမှ ပညာရပ်များကို တောင်သူများ အကျိုးရှိအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

MOALI ပြန်ကြားရေး



## ကရင်ပြည်နယ် Agro - Input and Farm Services Project - Uplands စီမံကိန်း ရှေ့ဆက်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး

ဘားအံ ဩဂုတ် ၆

**အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT)အထောက်အပံ့ဖြင့် IFDC (International Fertilizer Development Center)မှ "Agro-Input and Farm Services Project - Uplands" စီမံကိန်းအစီအစဉ်ဖြင့် ကရင်ပြည်နယ်အတွင်း ဘားအံမြို့နယ် ကော့ကရိတ်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့တွင် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိရာ LIFT မှ Mr.Andrew Duncan Noble (Program Manager)၊ ဒေါ်နိုင်မာအောင် (Program Officer)နှင့် IFDC မှ Mr.David J Glenn (Team Leader) နှင့်အဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲက ပြည်နယ်ဦးစီးမှူး ဦးသန်းထိုက်နှင့်တွေ့ဆုံကာ ကရင်ပြည်နယ်တွင် ပထမဆုံးစီမံကိန်းဖြစ်၍ ရှေ့ဆက်တိုးမြှင့်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များတွင် ဌာန၏ ပူးပေါင်းပါဝင်ကူညီပေးရေးတို့ကို ဆွေးနွေးကြသည်။ (ပုံ)**

စာ - ၁၃ သို့

## ဖောငမြှောင်တောင်ကာကွယ်နည်း တောင်သူပညာပေးသရုပ်ပြပွဲ တန့်ယန်းမြို့နယ်တွင် ကျင်းပ

**အစေ့ထုတ်ပြောင်းတွင် ကျရောက်ဖျက်ဆီးသော ငမြှောင်တောင်ပိုးကာကွယ်နှိမ်နင်းနည်း တောင်သူပညာပေး လက်တွေ့ကွင်းသရုပ်ပြပွဲကို လားရှိုးခရိုင်၊ တန့်ယန်းမြို့နယ် လွယ်ဝေါကျေးရွာအုပ်စု တောင်သူ ဦးစိုင်းမွန်း၏ ဧက ၂၀၀ အစေ့ထုတ်ပြောင်းစိုက်ခင်းတွင် ၂၅.၆.၁၉ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ရာ ကျေးရွာပေါင်း ၁၀ ရွာမှ အစေ့ထုတ်ပြောင်းစိုက် တောင်သူ ၅၁ ဦးအား ရှမ်းဘာသာဖြင့် ရိုက်နှိပ်ထားသော "ဖော" ငမြှောင်တောင်ကာကွယ်နှိမ်နင်းနည်း လက်ကမ်းစာစောင်များဖြန့်ဝေပြီး "ဖော"ငမြှောင်တောင် စုပြုံရှာဖွေဖျက်ဆီးခြင်း၊ ပိုးလောက်ကောင်ရှာဖွေဖျက်ဆီးခြင်း၊ ပိုးသတ်ဆေးပက်ဖျန်းနှိမ်နင်းခြင်း၊ Feromone Trap ဖြင့် ဖလံကောင်ကြီးများကင်းထောက်ခြင်းကို လက်တွေ့သရုပ်ပြပညာပေးပြသသည်။ (ပုံ)**

ခင်မေကြည်



## တနင်္သာရီ ရော်ဘာဖိုရမ် (၂၀၁၉) ထားဝယ်တွင် ကျင်းပ



နှစ်ရှည်ရော်ဘာဖွံ့ဖြိုးတိုးတက်ရေးအတွက် တနင်္သာရီ ရော်ဘာဖိုရမ် (၂၀၁၉) ကို ဩဂုတ် ၁၄ ရက်နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ Dimond Crown Hotel တွင်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၊ ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောလုကာ၊ ရော်ဘာသစ်စက်ရုံလုပ်ငန်းရှင်များ၊ ရော်ဘာစက်ရုံလုပ်ငန်းရှင်များ၊ Care Myanmar Gro နှင့် WWF မှ တာဝန်ရှိသူများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်မှ စိုက်ပျိုးရေးဝန်ထမ်းများ၊ ရော်ဘာခြံကြီး၊ ခြံလတ်၊ ခြံငယ်လုပ်ငန်းရှင်များ၊ ရော်ဘာထုတ်လုပ်သူအသင်းဝင်များ၊ ရော်ဘာရောင်းဝယ်သူများ၊ တနင်္သာရီတိုင်းဒေသကြီး ၁၀ မြို့နယ်မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးနိုင်ဦးက တနင်္သာရီ ရော်ဘာနီးနှောဖလှယ်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များ၊ ၂၀၁၈ ခုနှစ် တနင်္သာရီ ရော်ဘာဖိုရမ်မှ အကြံပြုချက် ၂၄ ချက်အပေါ် ရှင်းလင်းဆွေးနွေးသည်။ **(ပုံ)**

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးယုစိန်က နိုင်ငံတကာ ရော်ဘာဈေးကွက်အခြေအနေစာတမ်းကို ဖတ်ကြားသည်။

ထို့နောက် WWF နှင့် ရော်ဘာလုပ်ငန်းရှင်များ၊ ရော်ဘာပညာရှင်များက စာတမ်းခုနစ်စောင်ဖတ်ကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူတို့က ပြန်လည်ဆွေးနွေးရှင်းလင်းကြသည်။ ■

## စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် လောက်ကိုင်ခရိုင်ဝန်ထမ်းများနှင့် တွေ့ဆုံ

စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်ဇင်မောင်သည် တိုင်းဒေသကြီးဦးစီးမှူး ဦးတင်ဦးကြိုင်နှင့်အတူ ဩဂုတ် ၁၃ ရက်နံနက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနတွင် ဝန်ထမ်းများနှင့်တွေ့ဆုံရာ ခရိုင်ဦးစီးမှူး ဦးအောင်မျိုးဝေက သီးနှံစိုက်ပျိုးထားရှိမှု၊ စံပြကွက်၊ စမ်းသပ်ကွက်များ ဆောင်ရွက်ထားရှိမှုများကို တင်ပြသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် နာလီဘက်စုံစံပြကျေးရွာ၊ အစားထိုးဖွံ့ဖြိုးရေးခြံ၊ အစေ့ထုတ်ပြောင်းစံပြကွက်၊ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များ၊ ကြံသီးနှံစံပြကွက်၊ ကြံမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များ၊ ယာစပါးစမ်းသပ်ကွက်များ၊ လက်ဖက်ခြံစံပြကွက်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဆွေးနွေးသည်။

ထို့နောက် ခရိုင်၊ မြို့နယ်၊ ခြံဦးစီးမှူးများ၊ ခရိုင်သီးနှံကာကွယ်ရေး၊ မြေအသုံးချရေး၊ မျိုးစေ့တာဝန်ခံများ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှု တင်ပြချက်များနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားပြီး မိမိတို့ဒေသအကျိုး၊ တောင်သူအကျိုး သယ်ပိုးဆောင်ရွက်ကြရန်နှင့် လယ်ယာကဏ္ဍများ ဘက်စုံဖွံ့ဖြိုးရေးကြိုးပမ်းကြရန် တိုက်တွန်းဆွေးနွေးသည်။ ■



သိန်းဖေ စုစည်းတင်ပြသည်

## စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဖြူးခြင်း အလုပ်ရုံဆွေးနွေးပွဲ ရေတာရှည်တွင် ကျင်းပ

စွမ်းအားမြှင့်မီးဖိုများ၏ဖြန့်ဖြူးခြင်း အလုပ်ရုံဆွေးနွေးပွဲကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားရာသီဥတုပြောင်းလဲမှုဗဟိုဌာနတို့ပူးပေါင်း၍ ဩဂုတ် ၉ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဖုန်းကျော်နှင့် ဝန်ထမ်းများ၊ တောင်သူလယ်သမားများ တက်ရောက်ကြသည်။ **(ပုံ)**

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက စွမ်းအားမြှင့်မီးဖို၏ စွမ်းရည်များ၊ အကျိုးကျေးဇူးများ၊ သုံးစွဲရခြင်းရည်ရွယ်ချက်များ၊ သုံးစွဲသူများထံ ဖြန့်ဖြူးရမည့်အစီအမံများ၊ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ ■



## စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ကွမ်းခြံကုန်းမြို့နယ်တွင် ကွင်းဆင်းဆွေးနွေး



စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်သည် ဩဂုတ် ၁၁ ရက် နေ့လယ်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး စပါးသီးနှံစံပြကွက်၊ စမ်းသပ်ကွက်များ စနစ်တကျဆောင်ရွက်ခြင်း၊ သီးနှံအလိုက် တစ်ဧကအထွက်နှုန်းတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ သီးနှံအလိုက် ရာသီအလိုက် ပိုးမွှားရောဂါများ ကြိုတင်ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်း၊ မိုးစပါးများ ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးဧရိယာများအပေါ် ပြန်လည်စိုက်ပျိုးခြင်း၊ ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် အင်္ဂလုံးကျေးရွာ တောင်သူဦးသန်းလှ၏ ပေါ်ဆန်းရင်မျိုးစေ့ထုတ်စိုက်ခင်းကို ကွင်းဆင်းကြည့်ရှုပြီး မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆင့်က လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က မျိုးစေ့စနစ်တကျစိုက်ပျိုးထုတ်လုပ်ခြင်း၊ ထပ်ဆင့်ပွားများခြင်း၊ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားသည်။ **(ပုံ)** ■

## မိုးသီးနှံစိုက်ပျိုးထားရှိမှု တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲ သိန္နီတွင် ကျင်းပ



မိုးသီးနှံစိုက်ပျိုးထားရှိမှု တောင်သူများနှင့်တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန္နီမြို့နယ် ပိန်းဆာအုပ်စု ပန်းစုံကျေးရွာ တွင် ဆောင်ရွက်ရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်ဇင်မောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစောသိန်းထိုက်နှင့်ဝန်ထမ်းများ၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ တက်ရောက်ကြသည်။

အဆိုပါတွေ့ဆုံပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက မိုးအစေ့ထုတ်ပြောင်းနှင့် မိုးပဲပုပ်စိုက်ပျိုးထားရှိမှု၊ ပြုစုထိန်းသိမ်းမှုအခြေအနေများ ရှင်းလင်းတင်ပြပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့က လိုအပ်သည်များကို ပါဝင်ဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်ဇင်မောင်က မိုးသီးနှံများ စိုက်ပျိုးထုတ်လုပ်ထားမှုများကို ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။ **(ပုံ)** ■

## စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဖြူးခြင်း အလုပ်ရုံဆွေးနွေးပွဲ လှည်းကူးတွင် ကျင်းပ

စွမ်းအားမြှင့်မီးဖိုများဖြန့်ဖြူးခြင်းအလုပ်ရုံဆွေးနွေးပွဲကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားရာသီဥတုပြောင်းလဲမှုဗဟိုဌာနတို့ပူးပေါင်း၍ ဩဂုတ် ၉ ရက်နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြတ်မာလာထွန်း၊ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးခိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးငွေအောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ရွှေနှင့်ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးမှူး ဦးတင်ထွန်း၊ ကျေးရွာအုပ်စု ၁၈ အုပ်စုမှ အုပ်ချုပ်ရေးမှူးများ၊ အိမ်ထောင်စုကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်၊ စွမ်းအားမြှင့်မီးဖိုများ အသုံးဝင်ပုံနှင့် အကျိုးကျေးဇူးများ၊ ဖြန့်ဖြူးမည့်အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ ■



# ရခိုင်ပြည်နယ်ထွက် ပြည်ပဈေးကွက်ဝင် ငါးလိပ်ကျောက်အရေခွံ

ကျွန်းသားမေန်း

**စာရေးသူမှာ ပင်လယ်ကမ်းနားနေသူမို့ ပင်လယ်ငါးကို နှစ်ခြိုက်စွဲလမ်းစွာ စားသောက်ဖြစ်သည်။ ပင်လယ်ပြင်သည် လူသားများအတွက် စားသောက်ရိက္ခာတွေသာမက လူ့အသုံးအဆောင်အတွက် လိုအပ်ချက်များကိုလည်း ဖြည့်တင်းပေးသေးသည်။**

ပြောရလျှင် ရေနေသတ္တဝါတို့မှာ လူသားတို့၏ရိက္ခာအတွက်သာဖြစ်ကြောင်း သာမန်အားဖြင့် သိရှိထားကြသည်။ လူ့အသုံးအဆောင်အတွက် သုံးစွဲနိုင်သည်ဆိုခြင်းကိုမူ ကောင်းစွာမရှိခဲ့ကြ။

သို့ရာတွင် ဝေလငါးကြီးအံဖတ်ကို အသုံးပြုကာ အကောင်းစားရေမွှေးများ ထုတ်လုပ်နိုင်ကြောင်း မှတ်သားရဖူးသည်။ ငါးကြီးအံဖတ်ကို ရခိုင်ကမ်းရိုးတန်းတွင် ပင်လယ်ပြင်အတွင်း မျောပါနေသည်များကို တွေ့ရှိဆယ်ယူရရှိတတ်သည်။ မာန်အောင်ကမ်းခြေတွင် မျောပါသောင်တင်နေသည်ကို တွေ့ရတတ်သည်ဟု သိရသည်။ ဈေးနှုန်းမှာလည်း အလွန်မြင့်မားစွာ ရောင်းဝယ်ကြသည်။ ရေလုပ်သားများက အကြောင်းအားလျော်စွာ တွေ့ရှိတတ်ကြသည်။

မိကျောင်းအရေခွံကလည်း အမျိုးသမီးလက်ကိုင်အိတ်များ၊ ခါးပတ်များအဖြစ် ပြုပြင်သုံးစွဲကြသည်ကို တွေ့ရသည်။ ယခုခေတ်စားလာပြန်သည်မှာ ငါးလိပ်ကျောက်အရေခွံတဲ့။ တစ်ချိန်တုန်းကတော့ ငါးလိပ်ကျောက်အရေခွံမှာ စား၍မရ၊ သုံး၍မရ။ ငါးလိပ်ကျောက်တို့၏ ဖြုတ်ထနေသောကျောကုံးက အရေခွံကို ဆုတ်ပြီး (ခွာယူပြီး) လွှင့်ပစ်ခဲ့ရသည့် စွန့်ပစ်ပစ္စည်းများဖြစ်ကြသည်။ ဖြုတ်ထနေသောငါးလိပ်ကျောက်ကျောခွံတွင် လက်သန်းခေါင်းအရွယ် ကျောက်ယပ်များတန်းစီ၍ပါရှိနေခြင်းက လူသုံးကုန်ပစ္စည်းထုတ်လုပ်ရာတွင် အလှဆင်ပစ္စည်းအဖြစ် အသုံးဝင်လာခြင်းဖြစ်သည်။




ငါးလိပ်ကျောက်အရေခွံများမှာ ၂၀၀၅ ခုနှစ်ပတ်ဝန်းကျင်မှစ၍ ရောင်းတန်းဝင်ပစ္စည်းဖြစ်လာခဲ့သည်။ နိုင်ငံခြားသို့ တင်ပို့ရောင်းချလာရသည်။ နိုင်ငံခြားတွင် ငါးလိပ်ကျောက်အရေခွံများကို ဓာတုဆေးဝါးများနှင့်ပြုပြင်ပြီး လူ့အသုံးအဆောင်များပြုလုပ်ရန် တင်ပို့ရောင်းချလာသည်။ ငါးလိပ်ကျောက်အရေခွံကို မစုတ်မပြဲရအောင် စနစ်တကျလှီးဖြတ်ခွာယူ ရောင်းချနေကြရသည်။

ငါးလိပ်ကျောက်အမျိုးအစားများစွာကို မြန်မာ့ပင်လယ်ပြင်တွင် များများတွေ့ရတတ်သည်။ ပြားပြားဝိုင်းဝိုင်းပုံသဏ္ဌာန်ရှိသည်။ ရေထဲတွင် ဘေးတောင်နှစ်ဖက်ကို လှုတ်ခတ်၍ကူးခတ်နေတတ်သည်။ ယေဘုယျအားဖြင့် ငါးလိပ်ကျောက်များကို ကျား၊ စွန်၊ ငွ၊ မျက်ပြူး (အရှည်)၊ ဦးချွန်(အဝိုင်း)နှင့် ဆူး(ဘုန်းကြီး)စသည်အားဖြင့် ရေလုပ်သားများက အမည်အမျိုးမျိုးပေးထားကြသည်။ အမည်ကွဲသလို အမျိုးအစားချင်းလည်း မတူကြ။ ပုံသဏ္ဌာန်အားဖြင့်လည်း မတူ၊ ကွာခြားမှုရှိတတ်သည်။ အမည်နှင့်ပုံသဏ္ဌာန်ခြားနားသော်လည်း ငါးလိပ်ကျောက်ကတော့ ငါးလိပ်ကျောက်ပင် ဖြစ်သည်။

အဆိုပါငါးလိပ်ကျောက်များအနက်မှ ကျောကုံးအရေပြားမှာ ကျောက်ကလေးများမြှုပ်ထားသလို ဖြုပ်ထနေသည့် ငါးလိပ်ကျောက်များကိုသာ ရွေး၍ ဝယ်ကြသည်။ အရေခွံရယူနိုင်သည့် ငါးလိပ်ကျောက်များမှာ မျက်ပြူး (အရှည်)၊ ဦးချွန် (အဝိုင်း)နှင့် ဆူး (ဘုန်းကြီး)တို့ ဖြစ်ကြသည်။ ငါးလိပ်ကျောက်အရေခွံ၏ ကျောကုန်းအလယ်တည့်တည့်တွင် လက်သန်းခေါင်းသာသာကျောက်ကြီးများပါသေးသည်။ ကျောက်ကြီးသုံးလုံးပါသည့် ငါးလိပ်ကျောက်အရေခွံက ဈေးပိုရသည်။ ကျောက်တစ်လုံးပါသည့် အရေခွံကဈေးတစ်မျိုး---။

### ဖမ်းယူရရှိတတ်သည့်ရာသီ

ငါးလိပ်ကျောက်ကို စက်တင်ဘာမှစ၍ ဖမ်းယူရရှိတတ်သည်။ အထူးသဖြင့် အောက်တိုဘာနောက်ဆုံးပတ်မှ မေအထိ ပို၍များပြားစွာဖမ်းယူရရှိတတ်သည်။ ၂၀၀၂-၂၀၀၃ ခုနှစ်က ကွင်းဆင်းလေ့လာချက်အရ တစ်ရေတွင် ကောင်ရေ ၈၀၀ မှ ၁၅၀၀ ခန့်အထိ တစ်ခါတစ်ရံ ၂၀၀၀ ခန့်အထိပင် ဖမ်းဆီးမိခဲ့သည်ကို တွေ့ရသည်။ တစ်ရေဆိုသည်မှာ လဆန်း ၁၄၊ ၁၅ ရက်မှ လပြည့်ကျော် ၃၊ ၄ ရက်ခန့်အထိ၊ လဆုတ် ၁၄-၁၅ ရက်မှ လဆန်း ၃၊ ၄ရက်အထိ ငါးရက် ခြောက်ရက်ကာလကို ခေါ်ခြင်းဖြစ်သည်။ ရေထရက်ကာလများဖြစ်သည်။ ငါးလိပ်ကျောက်များသည် ရေအောက်ကျောက်စွယ်၊ ကျောက်တန်းများတွင် အုပ်စုလိုက်နေထိုင်ကျက်စားတတ်ကြသည်။ ငါးလိပ်ကျောက်ဖမ်းယူသူတို့မှာ ထိုနေရာများသို့သွားရောက်ပြီး မျှားစကြာဖြင့် ဖမ်းယူခြင်းဖြစ်သည်။

### အရေခွံပြုပြင်မှု

ဖမ်းယူရရှိလာသူသည့် ငါးလိပ်ကျောက်များမှာ အရေခွံထုတ်ယူနိုင်သည့် ငါးလိပ်ကျောက်များကို အဝယ်ဒိုင်များက ရွေးဝယ်ကာ ချက်ချင်းပင် အရေခွံများကို လှီးဖြတ်ခွာထုတ်ယူကြသည်။ ဤသို့လှီးဖြတ်ပြီး အရေခွံအားခွာယူရာတွင် မထူမပါးဖြစ်စေရန် အသားတစ်မူးသားခန့်ပါအောင် လှီးဖြတ်ယူကြသည်။ လှီးဖြတ်ရယူထားသည့်အရေခွံများကို တစ်ချပ်ချင်းဆားထည့်၍ အရေပြားတစ်ထပ်၊ ဆားတစ်ထပ်စီ၍ထည့်ကာ နှစ်ရက်ခန့်သိပ်ထားရသည်။ ပြီးလျှင်ဖော်ယူပြီး အတွင်းသားတစ်မူးခန့်အား ဖယ်ထုတ်ရသည်။ ဤသို့ဖယ်ထုတ်ရာ၌ အရေခွံမပေါက်မပြဲရအောင် အထူးဂရုပြုကြရသည်။ ဆားရေစိမ်ထားသည့် အရေပြားများပြန်ဆယ်ပြီး အတွင်းသားများကိုဖယ်ထုတ်ကာအရေပြားသက်သက်ကို ဆားထည့်၍ တစ်ထပ်ချင်းစီထည့်ကာ တစ်နေ့မျှ ဆားဖြင့်နှပ်ထားရသည်။ ပြီးလျှင် ပြန်ဆယ်ပြီး အရေပြားတစ်ချပ်ချင်းကို ဆားနည်းနည်း၊ ဆားရည်နည်းနည်းစီဖျန်း၍ သေတ္တာတွင်ထည့်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ကြရသည်။

ငါးလိပ်ကျောက်အစိမ်းမှအရေပြားကို လှီးဖြတ်ထုတ်ယူရာတွင်လည်း သတိထားကြရသေးသည်။ ဓားထက်ထက်ကိုအသုံးပြု၍ တစ်ကောင်ချင်းစီ စိတ်ရှည်လက်ရှည်ဖြင့် လှီးထုတ်ရသည်။ မတော်၍ လက်လွန်သွားလျှင် အရေပြားကိုထိပြီး ပေါက်ပြဲသွားနိုင်သေးသည်။ ဤသို့ ပေါက်ပြဲသွားလျှင် အလုပ်သမားက တန်ဖိုးကိုပေးလျော်ရသည်။ အရေပြားလှီးထုတ်သူများ၏ ကျွမ်းကျင်မှုအရည်အသွေးကြောင့် လှီးထုတ်ခကို မြိုးမြိုးမြက်မြက်ပေးရလေ့ရှိသည်။ လုပ်အားခတောင်းဆိုခြင်းမှာ တစ်ကောင်ချင်းအလိုက် တောင်းခံခြင်းမဟုတ်ဘဲ အကောင်ကြီးအသေးရောထွေးပါတတ်သဖြင့် အကောင်အရေအတွက်ပေါ်မူတည်တောင်းခံကြောင်း သိရသည်။

ငါးလိပ်ကျောက်အရေခွံစုဆောင်းထုတ်လုပ်သည့် အဝယ်ဒိုင်များသည် အရေပြားရယူနိုင်သည့် ငါးလိပ်ကျောက်များကို တစ်ကောင်ချင်းပိဿာလိုက်ဝယ်ယူလေ့ရှိကြသည်။ တချို့လည်း ငါးလိပ်ကျောက်များကို လေလံဖြင့်ဝယ်ယူပြီး အရေခွံများကိုထုတ်ယူကာ ငါးလိပ်ကျောက်အရေခွံကုန်သည်များသို့ တစ်ချပ်ချင်းရောင်းချလေ့ရှိသည်။ ငါးလိပ်ကျောက်အရေခွံများမှာ အကောင်အကြီးအသေးကို လိုက်၍ အသေးဆုံးဖြက် ၅ လက်မ မှ အကြီးဆုံးဖြက် ၁၈ လက်မအထိ ရရှိတတ်ကြောင်း သိရသည်။ အများအားဖြင့် ၁၅ လက်မ၊ ၁၆ လက်မဖြက်အရွယ်ရှိ အရေခွံများကို အများဆုံးရရှိတတ်ကြောင်း သိရသည်။

### အရေခွံဈေးကွက်

ငါးလိပ်ကျောက်အရေခွံဈေးကွက်တွင် ကျောက်သုံးလုံးပါအရေခွံမှာ ဈေးအမြင့်ဆုံးဖြစ်သည်။ ကျောက်တစ်လုံးပါ အရေခွံမှာ ဈေးတစ်မျိုးဖြစ်သည်။ ကျောက်သုံးလုံးပါငါးလိပ်ကျောက်အရေခွံဆိုပါက ၅ လက်မဖြက်ရှိ အရေခွံကို အချပ်လိုက်ဝယ်ယူပြီး ၆ လက်မ ၇ လက်မ၊ ၈ လက်မ၊ ၉ လက်မ၊ ၁၀ လက်မအထက်ဆိုပြီး အရွယ်အစားအလိုက် တစ်ချပ်ချင်း ဈေးသတ်မှတ်ရောင်းချဝယ်ယူလေ့ရှိကြသည်။ ကျောက်တစ်လုံးပါ ငါးလိပ်ကျောက် အရေခွံကိုမူ ၆လက်မ၊ ၇ လက်မအရွယ်အထိကို အချပ်လိုက် ဈေးသတ်မှတ်ဝယ်ယူပြီး ၈ လက်မ၊ ၉ လက်မ၊ ၁၀ လက်မ၊ ၁၁ လက်မအရွယ်များကို လက်မအလိုက် ဈေးသတ်မှတ်ဝယ်ယူကာ ၁၂ လက်မအထက်ဆိုပါက ဈေးတစ်မျိုးဖြင့် ဝယ်ယူလေ့ရှိကြသည်။

ပြုပြင်ထုတ်လုပ်ထားသော ငါးလိပ်ကျောက်အရေခွံများကို ရန်ကုန်သို့တင်ပို့ကြသည်။ ရန်ကုန်မှတစ်ဆင့် ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းသို့ တင်ပို့ပြီး ထိုင်းနိုင်ငံသို့နယ်စပ်ကုန်သွယ်ရေးဖြင့် တင်ပို့ရောင်းချကြခြင်းဖြစ်သည်။ နယ်စပ်ကုန်သွယ်ရေးတွင် သတ်မှတ်အခွန်အခပေးဆောင်ကြရသည်။ တစ်တန်လျှင် ငါးလိပ်ကျောက်အရေခွံချပ်ရေ ၁၅၀၀ မှ ၁၆၀၀ ခန့်ဝင်ဆံ့ကြောင်းလည်း သိရသည်။ ထိုင်းနိုင်ငံလုပ်ငန်းရှင်များက ငါးလိပ်ကျောက်အရေခွံများကို တစ်ချပ်ချင်းစီစစ်ဝယ်ယူကြသည်ဆို၏။

ငါးလိပ်ကျောက်အရေခွံနည်းတူ ငါးလိပ်ကျောက်ဆူးများကိုလည်း တရုတ်နိုင်ငံက ဝယ်ယူကြောင်း သိရသည်။ ငါးလိပ်ကျောက်ဆူးမှာ ငါးလိပ်ကျောက်၏ အမြီးပိုင်းတွင်ပါရှိပြီး ယင်းတို့၏ လက်နက်လည်းဖြစ်သည်။ ရန်သူတွေ့ပါက အမြီးဖြင့်လှမ်းထိုး၍ ကာကွယ်တတ်သည်။ ငါးလိပ်ကျောက်ဆူးမှာလည်း အရေခွံနည်းတူ ဈေးကြီးမြင့်စွာဖြင့် ရောင်းချကြရသည်။ ၂၀၁၁ ခုနှစ်ပတ်ဝန်းကျင်က တရုတ်နိုင်ငံမှ အဝယ်လိုက်သဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကလည်း မှာယူ၍ တင်ပို့ရောင်းချခဲ့ရဖူးကြောင်းလည်း သိရသည်။

### ကုန်ချောပြုပြင်မှု

ထိုင်းနိုင်ငံတွင် ငါးလိပ်ကျောက်အရေခွံများကို ဓာတုဗေဒဆေးဖြင့် ပြုပြင်ပြီး အတက်ချီကေ့စ်ကဲ့သို့ အမျိုးသားကိုင် ရုံးတက်လက်ဆွဲအိတ်များ (၁၅ လက်မ၊ ၁၂လက်မ)၊ အမျိုးသားကိုင်ပိုက်ဆံအိတ် များ၊ ဘောင်းဘီခါးပတ်များ ပြုလုပ်ကြ သည်။ အဆိုပါပစ္စည်းများ၏ဈေးနှုန်းမှာ သိန်းချီတန်သည်ကို တွေ့ရသည်။ ရန်ကုန်ရှိ ကုန်တိုက်ကြီးများတွင် ရောင်းချကြသည်ကိုလည်း တွေ့ရသည်။ဘောင်းဘီခါးပတ်ပြုလုပ်သည့် ငါးလိပ်ကျောက်မှာ ဆူး(ဘုန်းကြီး)အမျိုးအစားဖြစ်ကြောင်း သိရသည်။ အဆိုပါငါးလိပ်ကျောက်မှာ ကျောလျားရှည်သည့်ပြင် အမြီးပိုင်းကိုပါ တစ်ဆက်တည်းဝယ်ယူကာ ကုန်ချောထုတ်လုပ်ခြင်းလည်း ဖြစ်သည်။

ငါးလိပ်ကျောက်အရေခွံဈေးကွက်မှာ အခြောက်လိုင်းနှင့် အစိုလိုင်းဟူ၍ နှစ်မျိုးရှိသည်။ အစိုလိုင်း (ဆားရေစိမ်) ဈေးကွက်မှာ ထိုင်းနိုင်ငံဖြစ်ပြီး အခြောက်လိုင်းမှာ တရုတ်နိုင်ငံသို့ မူဆယ်နယ်စပ်မှတင်ပို့ခြင်းဖြစ်သည်။ ငါးလိပ်ကျောက်အသားများကိုမူ အမြှောင်းလိုက်လှီးဖြတ်ပြီး ကျပ်တင်အခြောက်ခံပြီး နေလှန်းခြင်းဖြင့် ပြည်တွင်းစားသုံးရန်နှင့် တရုတ်ဈေးကွက်သို့ နယ်စပ်ကုန်သွယ်ရေးဖြင့် တင်ပို့ရောင်းချလျက် ရှိသည်။ ■

---

စာ - ၁၁ ကရင်ပြည်နယ် မှ

ပြည်နယ်ဦးစီးမှူး ဦးသန်းထိုက်က စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် သီးနှံအထွက်နှုန်းကောင်းမွန်ရုံတစ်ခုတည်းဖြင့် မရနိုင်သဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်စေရန် ပူးပေါင်းကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ ငြိမ်းချမ်းရေးဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာစေရန်နှင့် အမျိုးသမီးများပါဝင်လာမှု တိုးတက်မြင့်မားစေရေး ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ IFDC နှင့်ပူးပေါင်း၍ တောင်သူများအတွက် စိုက်ပျိုးရေးဆိုင်ရာ လက်စွဲစာအုပ်များ၊ စိုက်ပျိုးရေးတိုးချဲ့ပညာပေးဝန်ထမ်းများအတွက် လက်စွဲစာအုပ်များဖြန့်ဝေသွားမည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်သည့် နည်းပညာများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။ **ရီရီစိန်**

# Android ဖုန်းတွင် KD Smart Software ဖြင့် သီးနှံမှတ်တမ်းများ ကောက်ယူအသုံးပြုနည်းသင်တန်း ရေဆင်း စိုက်/သုဦးစီးဌာနတွင် ဖွင့်လှစ်

**စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ကမ္ဘာ့ဟင်းသီးဟင်းရွက်သုတေသန ဌာန (World Vegetable Center) တို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ပဲတီစိမ်းသီးနှံဖွံ့ဖြိုးတိုးတက်ရန် အပြည်ပြည်ဆိုင်ရာ ပဲတီစိမ်းဖွံ့ဖြိုးတိုးတက်မှု ကွန်ရက်တည်ထောင်ခြင်း (Establishing the International Mungbean Improvement Network) စီမံကိန်းကို ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးသုတေသနဌာန (ACIAR)၏ ရန်ပုံငွေအထောက်အပံ့ဖြင့် သုတေသန လုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိသည်။**

ယင်းစီမံကိန်းအစီအစဉ်ဖြင့် Android ဖုန်းတွင် KD Smart Software ထည့်သွင်းအသုံးပြု၍ သီးနှံမှတ်တမ်း (Data) များ ကောက်ယူအသုံးပြုနည်း သင်တန်းကို ၂၀၁၉ ခုနှစ် ဩဂုတ် ၇ နှင့် ၈ ရက်တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဆီထွက်နှင့်ပဲမျိုးစုံသီးနှံသုတေသနဌာနခွဲရုံးတွင် ဖွင့်လှစ်ရာ World Vegetable Center, ICRISAT မှ Mr.Venkata Naresh Boddepalli လာရောက်သင်ကြားပို့ချခဲ့ပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဇီဝနည်းပညာသုတေသနဌာနစု၊ ရေအသုံးချရေးသုတေသနဌာနစု၊ ပဲမျိုးစုံသီးနှံသုတေသနဌာနစု၊ စပါးသီးနှံသုတေသနဌာနစုများနှင့် တပ်ကုန်းနှင့်စီပင်စိုက်ပျိုးရေးသုတေသနခြံများမှ သုတေသနပညာရှင် ၁၀ ဦး တက်ရောက်ကြသည်။



သင်တန်း၌ Android Version ဖုန်းတွင် KD Smart Software ထည့်သွင်းနည်း၊ KD Smart Software ဖြင့် သီးနှံမှတ်တမ်း (Data) များ ကောက်ယူနည်း၊ ပဲမျိုးစုံသီးနှံသုတေသနဌာနစုကွင်းတွင် ပဲတီစိမ်း စမ်းသပ်ကွက်မှ Data များကို KDSmart Software ဖြင့် ကောက်ယူခြင်း၊ Data များကို ကွန်ပျူတာဖြင့် ချိတ်ဆက်ပေးပို့ခြင်းစသည့် KD Smart Database management များကို စာတွေ့လက်တွေ့ သင်ကြားပေးသည်။

ယခုသင်တန်းသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနပညာရှင်များအား KD Smart Database Management ကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရန် ဒုတိယအကြိမ် ထပ်မံသင်ကြားခြင်း ဖြစ်သည်။

KD Smart Software ကို အသုံးပြုခြင်းဖြင့် အချိန်ကုန်သက်သာခြင်း၊ Android version Phone Tablet စသည်တို့ဖြင့် ကောက်ယူထားသည့် မှတ်တမ်းအချက်အလက်များ (Data) ကို နှစ်ပေါင်းကြာမြင့်စွာ မိမိတို့၏ E-mail နှင့် Google Drive ထဲတွင် ထိန်းသိမ်းသိုလှောင်ထားနိုင်ခြင်း၊ ပျက်စီးဆုံးရှုံးသွားသည့်သီးနှံ၏ အကြောင်းအရာ အပြည့်အစုံနှင့် မှတ်တမ်းအချက်အလက်ကို Software ထဲတွင် သိမ်းဆည်းထားနိုင်ခြင်း၊ ဆုံးရှုံးသွားသည့် သီးနှံ၏ မှတ်တမ်းများကိုလည်း နှစ်ပေါင်းကြာရှည်စွာ ထည့်သွင်းထားနိုင်ပြီး မှတ်တမ်းများ ပြန်လည်ကြည့်ရှုအသုံးပြုနိုင်ခြင်းတို့ကြောင့် သုတေသနလုပ်ငန်းအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကာ ယခုသင်တန်းသားများကလည်း အခြားသုတေသနပညာရှင်များကိုပြန်လည်၍ သင်တန်းပေးသွားမည်ဟု သိရသည်။

**စိုက်ပျိုးရေးသုတေသန**

## ရန်ကုန်၊ သီလဝါစက်မှုဇုန်တွင် တရားမဝင်ပြန်လည်ထုပ်ပိုးနေသော မြေသြဇာများ စစ်ဆေးတွေ့ရှိ၊ မှတ်ပုံတင်နှင့် လိုင်စင်မရှိဘဲ ဆောင်ရွက်နေခြင်းကို ဆက်လက်ဖော်ထုတ်၍ မြေသြဇာဥပဒေ၊ နည်းဥပဒေများဖြင့် အရေးယူသွားမည်

သီးနှံစိုက်ပျိုးသူတောင်သူများအတွက် အရည်အသွေးစံချိန်စံညွှန်းနှင့် ကိုက်ညီပြီး အာဟာရဓာတ်ပါဝင်မှုအချိုးအပေါ် မူတည်၍ သင့်တင့်သည့်ဈေးနှုန်းရှိသည့် သွင်းအားစုမြေသြဇာများ ဝယ်ယူသုံးစွဲနိုင်ရေး၊ မြေသြဇာအတုအပကင်းစင်ရေးအတွက် မှတ်ပုံတင်မထားသော မြေသြဇာများကို သိုလှောင်ခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ချိရောင်းချခြင်းများတွေ့ရှိပါက မြေသြဇာ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပါသည်။ မြေသြဇာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေသြဇာကော်မတီ၏ ကြီးကြပ်မှုဖြင့် ထုတ်လုပ်၊ တင်သွင်း၊ မှတ်ပုံတင်နှင့်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ အဆိုပါခွင့်ပြုချက်အရ မှတ်ပုံတင်ထားသည့်အမှတ်တံဆိပ်နှင့် ခွင့်ပြုထားသည့် မြေသြဇာအမျိုးအစားအတွက်သာ ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချခြင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး၊ အခြားအမှတ်တံဆိပ်နှင့်မြေသြဇာအမျိုးအစားအတွက် ဆောင်ရွက် လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် မြေသြဇာကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါသည်။

၂၀၁၉ ခုနှစ် ဩဂုတ် ၉ ရက်တွင် ကျောက်တန်းဖွံ့ဖြိုးရေးဇုန်ရှိ သီလဝါပြည်တွင်းစက်မှုဇုန် (B)၊ ဂိုဒေါင်အမှတ် ၁၀၇ သို့ သတင်းအရ လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်စစ်ဆေးရေးအဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတို့မှ ခရိုင်နှင့်မြို့နယ်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ သီလဝါပြည်တွင်း စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီနှင့် ကျောက်တန်းမြို့နယ်ရဲတပ်ဖွဲ့တို့မှပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် ဝင်ရောက်စစ်ဆေးရာ Best Bull Agriculture Technology Co.,Ltd မှ တရားမဝင်ထုတ်လုပ်နေသော ရွှေပွား၊ ကုလားအုတ်၊ သံကွင်းနှင့် AFC အမှတ်တံဆိပ်ပါ ယူရီးယားဓာတ်မြေသြဇာ စုစုပေါင်း ၄၁၉၄၁ အိတ်အား တွေ့ရှိရ၍ အဆိုပါမြေသြဇာများအနေဖြင့် မူလခွင့်ပြုထားသည့် မှတ်ပုံတင်နှင့် လိုင်စင်ပါအမှတ်တံဆိပ်နှင့် ထုတ်လုပ်မှုမှန်ကန်ခြင်းမရှိသည့်အတွက် ဂိုဒေါင်အား ချိတ်ပိတ်ခဲ့ပြီး၊ သက်ဆိုင်ရာကုမ္ပဏီအား စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

စစ်ဆေးရေးအဖွဲ့များမှ ဆက်စပ်ကုမ္ပဏီများအား ဆက်လက်စိစစ်၍ ဓာတ်ခွဲခန်းသို့ နမူနာများပေးပို့စစ်ဆေးပြီး၊ မြေသြဇာဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**MOALI ပြန်ကြားရေး**

စာ – ၄ ဆန်စပါး မှ

**သိုလှောင်ရန် အကောင်းဆုံးဟု ဆိုပါသည်။** ဆန်စပါးစေ့များသည် ပတ်ဝန်းကျင်အစိုဓာတ် နိမ့်နေပါက အစေ့တွင်းမှအစိုဓာတ်ကို အပြင်သို့ ထုတ်လွှတ်ခြင်း၊ ပတ်ဝန်းကျင်အစိုဓာတ်မြင့်နေပါက အစေ့အပြင်မှ အစိုဓာတ်ကို စုပ်ယူနိုင်ခြင်းသတ္တိရှိသည်။ သိုလှောင်ရာတွင် အထူးသတိပြုရမည့်အချက်ဖြစ်၍ ခေတ်မီစနစ်ကျသော သိုလှောင်ရုံများဖြင့်သာ သိုလှောင်သင့်ပါသည်။ ယခုလက်ရှိ မြေပြင်လက်တွေ့တွင် ဆန်စက်များ၊ စပါးအဝယ်ဒိုင်များတွင် ကွင်းပုံ၊ တလင်းပုံဖြင့်ထားရှိနေခြင်းသည် အပူချိန်နှင့် အစိုဓာတ်၏ဖိစီးမှုဒဏ်ခံရပြီး ခွေးတက်၊ ကြက်ယက်၊ ကြွက်ထွက်စသည့်ဒဏ်ခံနေရမည်ဆိုလျှင်ပင် ဆန်စပါးအရည်အသွေး မည်သို့မျှ မကောင်းနိုင်တော့ပေ။

မြန်မာနိုင်ငံသည် ဆန်ကိုပြည်တွင်းစားသုံးမှုသာမက ပြည်ပတင်ပို့မှုပါ အလွန်အားထားနေရသော သီးနှံဖြစ်သည်။ ပြည်ပသို့တင်ပို့ရာတွင် မိမိဆန်အရည်အသွေးကောင်းနေမှသာ နိုင်ငံတကာဈေးကွက်တွင် ရင်ပေါင်တန်းနိုင်မည်ဖြစ်သည်။ ထိုသို့ခေါင်းမော့၍ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန်မှာ ရိတ်သိမ်းချိန်လွန်နည်းပညာဖြစ်သည့် ဆန်စပါးကို **စနစ်တကျအခြောက်ခံခြင်းနှင့် စနစ်တကျ သိုလှောင်ခြင်းလုပ်ငန်းများ ထူထောင်ရန်** မလွဲမသွေ လိုအပ်လာပြီဖြစ်သည်။

ယခုကဲ့သို့ မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုများ ရိုက်ခတ်လာခံရချိန်တွင် စပါးရိတ်ချိန်၌ မိုးရွာခြင်း၊ စက်မှုလယ်ယာတစ်ခေတ်ဆန်းလာချိန် စပါးရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ရိတ်သိမ်းခြွေလှေ့ကြရာတွင် စပါးစေ့အတွင်း အစိုဓာတ် ၃၅ မှ ၄၀ ရာခိုင်နှုန်းထိ ပါဝင်နေခြင်း၊ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ရိတ်သိမ်းကြသဖြင့် တစ်နေ့စပါး ၁၀ ဧက၊ တင်း ၇၀ နှုန်းဆိုလျှင် လယ် ၁၀ ဧက ပိုင်သော လယ်သမားသည် တစ်နေ့တည်း စပါးတင်း ၇၀၀ ကိုင်တွယ်ထိန်းသိမ်း အခြောက်ခံသိုလှောင်ရန် ဝန်ထုပ်ဝန်ပိုးဖြစ်လာပါသည်။ လှန်းတလင်းလည်းမရှိ၊ အခြောက်ခံစက်လည်းမရှိ ကွင်းထဲ တာပလင်ပေါ်ပုံ၍ ဝယ်လက်ပွဲစားသို့ လက်ညှိုးထိုး ရောင်းချနေကြရသည်။ ဈေးလည်းအနှိမ်ခံ၊ စပါးလည်းအရည်အသွေး မကောင်းသည့်ဒုက္ခနှင့်ကြုံနေကြရသည်။

ဤသို့ တောင်သူလယ်သမားကြီးများ၏ ဒုက္ခများကိုကယ်တင်ရန်၊ စပါးဈေးကောင်းရရှိစေရန်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က စေတနာဖြင့် အစီအမံများကို သတင်းကောင်းမျှဝေလိုပါသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သည် အထက်ပါရိတ်သိမ်းချိန်လွန်နည်းပညာများ အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန် စီမံလျက်ရှိပါသည်။ ဆန်စပါးသီးနှံရိတ်သိမ်းပြီးနောက်ပိုင်း အရည်အသွေး မကျဆင်းစေရန်နှင့် ဆုံးရှုံးလေလွင့်မှုလျော့နည်းစေရန်လည်းကောင်း၊ စပါးများစုပုံပေါ်ချိန်တွင် အစိုဓာတ် မြင့်မားလေ့ရှိသော စပါးများအား စနစ်တကျ အခြောက်ခံ ဝယ်ယူသိုလှောင်ခြင်းဖြင့် ဝယ်လိုအားမြင့်တက်နိုင်ပြီး စပါးပေါ်ချိန်တွင် စပါးဈေးကျဆင်းမှုကို ထိန်းသိမ်းနိုင်ရန်လည်းကောင်း၊ ဈေးကွက်တည်ငြိမ်စေရန်အတွက် ကွင်းဆင်းဝယ်ယူရေး ဆောင်ရွက်သည့်အခါ စနစ်တကျအခြောက်ခံ၊ သိုလှောင်ဝယ်ယူနိုင်ရေးအတွက်လည်းကောင်း၊ ကျေးလက်ဒေသတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်သည့် အသေးစား၊ အလတ်စားလုပ်ငန်းများ အားပေးနိုင်ရန်အတွက်လည်းကောင်း စသည့်ရည်ရွယ်ချက်များဖြင့် **ရပ်ရွာအခြေပြု အခြောက်ခံစက်နှင့် အသေးစားသိုလှောင်ရုံပူးတွဲပါဝင်သည့်လုပ်ငန်းရပ်ကို** အကောင်အထည်ဖော်ရန် စီမံဆောင်ရွက်နေပါသည်။

ဤသို့ရပ်ရွာအခြေပြုစီမံကိန်းကို ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုအချက်အချာကျသော မိုးစပါး၊ နွေစပါးစိုက်ပျိုးမှုရှိသည့် ကျေးရွာရပ်ကွက်များတွင် ဦးစားပေးအကောင်အထည်ဖော်မည် ဖြစ်ပါသည်။ စီမံကိန်းတစ်ခု၏ ခန့်မှန်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ ကျပ်သိန်း ၁၇၀၀ ရှိမည်ဟု ခန့်မှန်းထားပါသည်။ အဆိုပါရင်းနှီးမြှုပ်နှံမှု၏သုံးပုံတစ်ပုံကို ဒေသခံများက ထည့်ဝင်ရန်နှင့် ကျန်လိုအပ်သော ရင်းနှီးမြှုပ်နှံငွေကို သက်သာသောအတိုးနှုန်းဖြင့် ချေးငွေရရှိစေရန်လည်းကောင်း၊ နိုင်ငံတော်အစိုးရအပါအဝင် ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများထံမှ အထောက်အပံ့ရရှိ စေရန်လည်းကောင်း၊ အသင်းချုပ်က ကြိုးပမ်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ အဆိုပါစီမံကိန်းကို အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းပါဝင်မှုပုံစံဖြင့် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနတို့၏ အလုံးစုံစီမံခန့်ခွဲမှု၊ ညှိနှိုင်းပံ့ပိုး အထောက်အကူပြုမှု၊ နည်းပညာအကူအညီတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါသည်။

အဆိုပါ **ရပ်ရွာအခြေပြု အခြောက်ခံစက်နှင့် အသေးစားသိုလှောင်ရုံများ တည်ထောင်ခြင်း စီမံကိန်းကို** ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၂ နေရာ၊ ပဲခူးတိုင်းဒေသကြီးအတွင်း နေရာ ၂၀၊ စစ်ကိုင်းတိုင်း ဒေသကြီးတွင် ၁၅ နေရာ၊ နေပြည်တော်ကောင်စီအတွင်း ခြောက်နေရာ၊ မကွေးတိုင်းဒေသကြီးအတွင်း ခြောက်နေရာ၊ ရန်ကုန်တိုင်းဒေသကြီး ၁၅ နေရာ၊ ရခိုင်ပြည်နယ်တွင် ခြောက်နေရာ၊ ရှမ်းပြည်နယ်တွင် ၁၀ နေရာ၊ စုစုပေါင်း နေရာ ၁၀၀ တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် ပဏာမလျာထားပါသည်။

စီမံကိန်းကုန်ကျစရိတ်နှင့် ရင်းနှီး မြှုပ်နှံမှုစီမံကိန်းအား ကမကထပြုသူ (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမည့်သူများမှာ မြန်မာနိုင်ငံအတွင်းရှိ ကျေးရွာများမှာ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းရှင်များ ဖြစ်ကြပါသည်။ နေရာတစ်ခုချင်း အတွက် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းရှင်အစုအဖွဲ့ တစ်စုလျှင် အနည်းဆုံး ငါးဦးပါဝင်၍ ဖွဲ့စည်းရန် (သို့မဟုတ်) ရင်းနှီးမြှုပ်နှံသူနှင့် စက်မှုလုပ်ငန်းရှင် ပူးတွဲ၍ အနည်းဆုံးပါဝင်ရန်နှင့် **ယင်းတို့အား အစုအဖွဲ့ဟု သတ်မှတ်ရန်** ဖြစ်ပါသည်။ အစုအဖွဲ့တွင် တောင်သူလယ်သမား (သို့မဟုတ်) ဒေသခံအသေးစားနှင့် အလတ်စားစက်မှု လုပ်ငန်းရှင်တို့ပါဝင်ရန်နှင့် **စိတ်ပါဝင်စားသူများ ဦးဆောင်၍** အသင်းသား စုပေါင်းပါဝင်လုပ်ကိုင်မှု စုပေါင်း ဦးဆောင်မှုနှင့် **သမဝါယမပုံစံတို့ဖြင့်** ဖော်ဆောင်ရန် ဖြစ်ပါသည်။

သို့ပါ၍ ဆန်စပါးအရည်အသွေး ကောင်းမွန်စေရေးနှင့်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ရပ်ရွာအခြေပြု အခြောက်ခံစက်နှင့် အသေးစား သိုလှောင်ရုံများ တည်ထောင်ရန် အချိန်တန်ပြီဖြစ်ပါ၍ စိတ်ပါဝင်စားသူတိုင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်သို့ ဖုန်း ၀၁–၂၁၈၂၆၆၊ ၀၁–၂၁၈၂၆၇၊ ၀၁–၂၃၀၁၁၂၈၊ ၀၁–၂၃၀၁၁၂၉ နှင့် Email.admin @ mrf.com.mm သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။

**အောင်ဆန်း (စိုက်ပျိုးရေး)**

# ပြည်တွင်းသီးနှံဈေးကွက်အခြေအနေ (လက်ကားဈေးနှုန်းများ) (ကျပ်)

## ရန်ကုန်-မန္တလေးဈေးကွက်

(ဘုရင့်နောင်ကုန်စည်ဒိုင်မှ ဈေးနှုန်းများသည် တစ်ပိဿာပေါ်အခြေခံ၍ပြန်လည်တွက်ချက်ထားပါသည်။)

| ဆန်(အလတ်စ) | ရေတွက်ပုံ | ရန်ကုန်(ဘုရင့်နောင်ဆန်ပွဲရုံများ) ယခုအပတ် ၂၁-၈-၁၉ | ယခင်အပတ် ၁၄-၈-၁၉ | တက်/ကျ | မန္တလေး(ကိုင်းတန်းဈေး) ယခုအပတ် ၂၁-၈-၁၉ | ယခင်အပတ် ၁၄-၈-၁၉ | တက်/ကျ |
|---|---|---|---|---|---|---|---|
| ဆန်(ရွှေဘိုပေါ်ဆန်း) (အလတ်စ) | တစ်တင်းခွဲ | ၆၁၀၀၀ | ၆၁၀၀၀ | တူ | ၅၇၀၀၀ | ၅၅၀၀၀ | တက် |
| ဆန်(ဖျာပုံပေါ်ဆန်း)(အလတ်စ) | တစ်တင်းခွဲ | ၃၉၀၀၀ | ၃၉၀၀၀ | | ၄၈၅၀၀ | ၄၈၀၀၀ | တက် |
| ဆန်(မနောသုခ)(အလတ်စ) | တစ်တင်းခွဲ | ၂၅၀၀၀ | ၂၅၀၀၀ | | ၂၄၀၀၀ | ၂၄၀၀၀ | တူ |
| ဆန်(ဧယာ)(အလတ်စ) | တစ်တင်းခွဲ | ၁၉၅၀၀ | ၁၉၅၀၀ | | ၂၄၀၀၀ | ၂၄၀၀၀ | တူ |
| ဆန်(ဧည့်မထ)(အလတ်စ) | တစ်တင်းခွဲ | ၁၉၅၀၀ | ၁၉၅၀၀ | | | | |
| ဆန် (ငစိန်) (အလတ်စ) | တစ်တင်းခွဲ | ၁၉၅၀၀ | ၁၉၅၀၀ | | ၂၁၀၀၀ | ၂၁၀၀၀ | တူ |
| ဂျုံမှုန့် | ၂၅ ပိဿာ | ၃၂၀၀၀ | ၃၂၀၀၀ | | | | |

| စားဖိုဆောင်သီးနှံများ | | ရန်ကုန်(ဘုရင့်နောင်ကုန်စည်ဒိုင်) | | | မန္တလေး(ကိုင်းတန်းဈေး) | | |
|---|---|---|---|---|---|---|---|
| ငရုတ်ခြောက် (ရှည်) | ပိဿာ | ၄၈၅၀ | ၄၈၅၀ | | ၅၉၀၀ | ၅၉၀၀ | တူ |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၅၄၇၅ | ၅၄၇၅ | | ၅၄၀၀ | ၅၃၀၀ | တက် |
| ငရုတ်ခြောက် (အပွ) | ပိဿာ | ၆၇၅၀ | ၆၇၅၀ | | ၉၅၀၀ | ၉၀၀၀ | တက် |
| ကြက်သွန်နီ (အထူး ၄စမ) | ပိဿာ | ၉၀၀ | ၉၀၀ | | ၉၀၀ | ၉၀၀ | တူ |
| ကြက်သွန်နီ(အလတ်၃-၄စမ) | ပိဿာ | ၈၂၅ | ၈၂၅ | | ၈၂၅ | ၇၀၀ | တက် |
| ကြက်သွန်နီ (အသေး ၂စမ) | ပိဿာ | ၇၅၀ | ၇၅၀ | | ၆၇၅ | ၅၅၀ | တက် |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၂၄၀၀ | ၂၅၀၀ | ကျ | ၁၈၀၀ | ၁၆၀၀ | တက် |
| ကြက်သွန်ဖြူ(ကြူကုတ်) | ပိဿာ | ၃၃၂၅ | ၃၀၇၅ | တက် | ၃၀၀၀ | ၃၀၀၀ | တူ |
| ကြက်သွန်ဖြူ(မြေပြန့်) | ပိဿာ | | | | ၁၈၆၇ | ၂၁၀၀ | ကျ |
| အာလူး (အိုကေ) | ပိဿာ | ၈၅၀ | ၈၅၀ | | ၈၅၀ | ၈၀၀ | တက် |
| အာလူး (အေဝမ်း) | ပိဿာ | ၈၀၀ | ၈၀၀ | | ၆၅၀ | ၅၈၇ | တက် |
| ချင်း | ပိဿာ | ၃၀၀၀ | ၂၇၀၀ | တက် | ၂၇၀၀ | ၂၄၀၀ | တက် |

| ဟင်းသီးဟင်းရွက်များ | | ရန်ကုန်(သီရိမင်္ဂလာဈေး) | | | မန္တလေး(ကိုင်းတန်းဈေး) | | |
|---|---|---|---|---|---|---|---|
| ခရမ်းချဉ် (ရှမ်း) | သေတ္တာ | ၁၀၀၀၀ | ၁၃၀၀၀ | ကျ | ၁၂၀၀၀ | ၁၄၀၀၀ | ကျ |
| ခရမ်းချဉ် (မြေပြန့်) | သေတ္တာ | | | | | | |
| ဂေါ်ဖီထုပ် (ရှမ်း) | ထုပ် | ၃၅၀ | ၃၅၀ | | ၂၅၀ | ၂၀၀ | တက် |
| ပန်းမုန်လာ(ရှမ်း) | ထုပ် | ၅၅၀ | ၅၀၀ | တက် | ၂၅၀ | ၄၀၀ | ကျ |
| မုန်လာဥနီ (ရှမ်း) | ပိဿာ | ၁၅၀၀ | ၁၈၀၀ | ကျ | ၈၀၀ | ၁၀၀၀ | ကျ |
| သခွားသီး | ၁၀၀ လုံး | ၈၀၀၀ | ၇၀၀၀ | တက် | ၈၀၀၀ | ၈၀၀၀ | တူ |
| ငရုတ်စိ (မိုးထောင်) | ပိဿာ | ၁၂၀၀ | ၁၂၀၀ | | | | |
| ငရုတ်စိ (ပီနန်) | ပိဿာ | ၄၅၀၀ | ၄၅၀၀ | | | | |
| ငရုတ်စိ (အရှည်) | | | | | ၁၁၀၀ | ၁၃၀၀ | ကျ |
| ငရုတ်စိ (လတ်) | | | | | ၂၄၀၀ | ၂၄၀၀ | တူ |
| ငရုတ်စိ (လုံး) | | | | | ၁၅၀၀ | ၁၆၀၀ | ကျ |
| စားပြောင်း | ၁၀၀ဖူး | ၁၆၀၀၀ | ၁၆၀၀၀ | | ၁၄၀၀၀ | ၁၀၀၀၀ | တက် |
| ရုံးပတီသီး | ၁၀၀ တောင့် | ၇၀၀ | ၈၀၀ | ကျ | | | |
| ရုံးပတီသီး | ပိဿာ | | | | ၈၀၀ | ၇၀၀ | တက် |
| ဘူးသီး | လုံး | ၁၈၀၀ | ၁၃၀၀ | တက် | | | |
| ဂေါ်ရခါး | ၁၀လုံး | ၁၅၀၀ | ၂၀၀၀ | ကျ | ၁၄၀၀ | ၁၄၃၃ | ကျ |
| ဘိုစားပဲ | ပိဿာ | | | | ၈၀၀ | ၈၀၀ | တူ |
| မုန်လာဥဖြူ | ၁၀လုံးစည်း | | | | ၂၀၀ | ၂၂၀ | ကျ |
| မုန်လာဥဖြူ | ပိဿာ | ၁၅၀၀ | ၁၅၀၀ | | | | |
| ရွှေဖရုံသီး | လုံး | ၁၀၀၀ | ၁၀၀၀ | | ၁၀၀၀ | ၁၃၀၀ | ကျ |

| သစ်သီးဝလံများ | | ရန်ကုန်(သီရိမင်္ဂလာဈေး) | | | မန္တလေး(ကိုင်းတန်းဈေး) | | |
|---|---|---|---|---|---|---|---|
| ငှက်ပျော (သီးမွှေး) | ဖီး | ၂၀၀၀ | ၂၀၀၀ | | ၄၀၀ | ၄၀၀ | တူ |
| ငှက်ပျော (ဖီးကြမ်း) | ဖီး | ၁၅၀၀ | ၁၅၀၀ | | ၅၀၀ | ၅၀၀ | တူ |
| ငှက်ပျော (ရခိုင်) | ဖီး | ၁၀၀၀ | ၁၀၀၀ | | ၅၀၀ | ၅၀၀ | တူ |
| နာနတ်သီး | တစ်လုံး | ၇၀၀ | ၅၀၀ | တက် | ၆၀၀ | ၅၀၀ | တက် |
| စပျစ်သီး (နီညို) | ပိဿာ | ၁၀၀၀ | ၁၂၅၀ | ကျ | ၁၀၀၀ | ၁၃၀၀ | ကျ |
| သရက်သီး(ရင်ကွဲ) | ၁၀ လုံး | ၈၀၀၀ | ၈၀၀၀ | | | | |
| သခွားမွှေး | ၁လုံး | | | | ၁၀၀၀ | ၁၇၀၀ | ကျ |
| ဖရဲ | ၁လုံး | | | | ၇၀၀ | ၂၀၀၀ | ကျ |
| ထောပတ်သီး | ၁၀ လုံး | ၇၀၀၀ | ၈၀၀၀ | ကျ | ၁၉၀၀ | ၂၅၀၀ | ကျ |

| စားသုံးဆီ | ရန်ကုန်(ညောင်ပင်လေးဈေး) | | |
|---|---|---|---|
| စားအုန်းဆီ (ကုမ္ပဏီ) | ပိဿာ | ၁၅၂၀ | ကျ |
| စားအုန်းဆီ (လက်ကား) | ပိဿာ | ၁၅၇၀ | ကျ |
| မြေပဲဆီ (ရန်ကုန်-ရှယ်) | ပိဿာ | ၆၈၀၀ | – |
| မြေပဲဆီ (နယ်မှလာသောဆီ) | ပိဿာ | ၆၃၀၀ | – |
| မြေပဲဆီ (ရိုးရိုး) | ပိဿာ | ၃၆၀၀ | – |
| နှမ်း (အကြော်ခံ) | ပိဿာ | ၇၃၀၀ | – |
| နှမ်း (ရိုးရိုး) | ပိဿာ | ၆၀၀၀ | – |

| မန္တလေး(ကုန်စည်ဒိုင်) | | | | |
|---|---|---|---|---|
| နံနံစေ့ | ပိဿာ | ၁၂၂၅၀ | ၁၂၂၅၀ | တူ |
| စမုန်နက် | ပိဿာ | ၃၂၀၀ | ၃၂၀၀ | တူ |
| ပဲဖတ် | ပိဿာ | ၁၃၀၀ | ၁၂၈၅ | တက် |
| နှမ်းဖတ် | ပိဿာ | ၁၁၃၅ | ၁၁၃၅ | တူ |
| **အခြားကုန်စည်ဈေးနှုန်းများ** | | | | |
| မြေပဲဆီ | ပိဿာ | ၇၇၅၀ | ၇၇၅၀ | တူ |
| နှမ်းဆီ | ပိဿာ | ၇၃၀၀ | ၇၃၀၀ | တူ |
| စားအုန်းဆီ | ပိဿာ | ၁၆၀၀ | ၁၆၃၀ | ကျ |

## ပဲမျိုးစုံ

| ပဲ မျိုး စုံ (၃ တင်းအိတ်) | | ယခုအပတ် ၂၁-၈-၁၉ | ယခင်အပတ် ၁၄-၈-၁၉ | တက်/ကျ |
|---|---|---|---|---|
| **ရန်ကုန်(ဘုရင့်နောင်ကုန်စည်ဒိုင်)** | | | | |
| အစေ့ထုတ်ပြောင်း | ၅၄ ပိဿာ | ၂၅၅၁၅ | ၂၆၄၆၀ | ကျ |
| မတ်ပဲ (သဘော်တင်) | မ တန် | ၇၆၇၀၀၀ | ၇၇၅၀၀၀ | ကျ |
| ပဲတီရွှေဝါ | ၆၀ ပိဿာ | ၁၀၇၅၅၀ | ၁၁၂၃၅၀ | ကျ |
| ပဲလွန်းဖြူ | ၆၀ ပိဿာ | ၆၉၉၀၀ | ၆၉၉၀၀ | |
| ကုလားပဲ ( လုံး/ဝါ/ကြီး) | ပိဿာ | ၁၄၁၈ | ၁၄၃၃ | ကျ |
| ပဲစင်းငုံ (သဘော်တင်) | မ တန် | ၉၁၉၀၀၀ | ၉၄၂၀၀၀ | ကျ |
| ဘိုကိတ် | ၆၀ ပိဿာ | ၆၆၄၅၀ | ၆၁၀၅၀ | တက် |
| ပဲပုပ် (မြန်မာ) | ၆၀ ပိဿာ | ၅၉၅၅၀ | ၆၀၀၀၀ | ကျ |
| ထောပတ်ပဲ | ၆၀ ပိဿာ | ၁၀၆၉၅၀ | ၁၀၆၉၅၀ | |
| **မန္တလေး(ကုန်စည်ဒိုင်)** | | | | |
| အစေ့ထုတ်ပြောင်း | ၅၄ ပိဿာ | ၂၄၁၆၇ | ၂၃၅၀၀ | တက် |
| ဂျုံ (မုံရွာ) | ၆၀ ပိဿာ | ၅၁၅၀၀ | ၅၁၅၀၀ | တူ |
| ဂျုံ (ရှမ်း) | ၆၀ ပိဿာ | ၄၇၅၀၀ | ၄၇၅၀၀ | တူ |
| မတ်ပဲ (ပြည်တွင်း) | ၆၀ ပိဿာ | ၇၂၆၆၇ | ၇၄၀၀၀ | ကျ |
| ပဲတီစိမ်း (ရွှေဝါ) | ၅၆ .၂၅ပိဿာ | ၁၁၄၀၀၀ | ၁၁၄၀၀၀ | တူ |
| ပဲပုပ် (မြန်မာ) | ၆၀ ပိဿာ | ၅၈၅၀၀ | ၅၈၅၀၀ | တူ |
| ပဲပုပ် (ရှမ်း) | ၆၀ ပိဿာ | ၆၀၀၀၀ | ၅၄၆၆၇ | တက် |
| ပဲစင်းငုံ(နီ) | ၆၀ ပိဿာ | ၉၂၀၀၀ | ၉၅၀၀၀ | ကျ |
| ပဲလွန်းဖြူ | ၆၀ ပိဿာ | ၆၉၀၀၀ | ၆၉၀၀၀ | တူ |
| ကုလားပဲ (လုံးဝါကြီး) | ၃တင်း (၅၆.၂၅ ပိဿာ) | ၈၀၂၅၀ | ၈၀၅၀၀ | ကျ |
| ကုလားပဲ (လုံးဖြူကြီး) | ၃တင်း (၅၆.၂၅ ပိဿာ) | ၈၀၂၅၀ | ၈၀၅၀၀ | ကျ |
| စားတော်ပဲ (ကျွန်း) | ၅၉ .၂၅ ပိဿာ | ၈၉၀၀၀ | ၉၀၀၀၀ | ကျ |
| ပဲလွန်းပြာ | ၃ တင်း (၅၄ ပိဿာ) | ၆၀၅၀၀ | ၆၀၅၀၀ | တူ |
| ပဲကြီး (လုံးကြီး) | ၅၅ .၂၅ ပိဿာ | ၁၁၁၀၀၀ | ၁၀၆၀၀၀ | တက် |
| ပဲယင်း | ၆၀ ပိဿာ | ၇၈၀၀၀ | ၇၉၅၀၀ | ကျ |
| ထောပတ်ပဲ(လုံးကြီး) | ၅၆ .၂၅ ပိဿာ | ၁၀၂၅၀၀ | ၁၀၂၅၀၀ | တူ |
| မြေပဲဆန် (လုံးဆန်) | ၁၀၀ ပိဿာ | ၄၀၅၀၀၀ | ၃၉၇၅၀၀ | တက် |
| မြေပဲဆန် (ဆီဆန်) | ၁၀၀ ပိဿာ | ၃၈၀၀၀၀ | ၃၈၅၀၀၀ | ကျ |
| ပန်းနှမ်း | ၄၅ ပိဿာ | ၇၀၀၀၀ | ၇၀၅၀၀ | ကျ |
| နေကြာ | ၂၇ ပိဿာ | ၅၄၅၀၀ | ၅၄၀၀၀ | တက် |

## ပခုက္ကူဈေးကွက်

| သီးနှံ | ရေတွက်ပုံ | ၂၁-၈-၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| မနောသုခ | တစ်တင်းခွဲ | ၂၇၀၀၀ | |
| ဧယာ | တစ်တင်းခွဲ | ၂၃၀၀၀ | |
| အစေ့ထုတ်ပြောင်း | ပိဿာ | ၄၄၆ | ကျ |
| **ပဲမျိုးစုံ** | | | |
| ပဲတီစိမ်း (လုံးကြီး) | ပိဿာ | ၁၅၂၆ | ကျ |
| ကုလားပဲ (လုံးဝါကြီး) | ပိဿာ | ၁၄၀၈ | တက် |
| ကုလားပဲ (လုံးဖြူကြီး) | ပိဿာ | ၁၃၉၅ | |
| ထောပတ်ပဲ | ပိဿာ | | |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲဆန် (လုံးဆန်) | ပိဿာ | ၃၉၅၀ | တက် |
| မြေပဲဆန် (ဆီဆန်) | ပိဿာ | ၃၆၇၅ | တက် |
| **စားဖိုဆောင်သီးနှံ** | | | |
| ကြက်သွန်နီ (ကြီး) | ပိဿာ | ၇၃၈ | တက် |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၆၈၈ | တက် |
| ကြက်သွန်နီ (သေး) | ပိဿာ | ၆၂၅ | ကျ |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၆၇၅၀ | |
| နှမ်းဆီ (ရှယ်) | ပိဿာ | ၆၇၀၀ | |
| စားအုန်းဆီ (ရိုးရိုး) | ပိဿာ | ၁၆၅၀ | တက် |

## မြင်းခြံဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၂၁-၈-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန်နှင့် အစေ့ထုတ်ပြောင်း** | | | |
| ပေါ်ဆန်း | တစ်တင်းခွဲ | ၄၂၅၀၀ | – |
| မနောသုခ | တစ်တင်းခွဲ | ၂၄၇၅၀ | – |
| ပြောင်း (စီပီ) | ပိဿာ | ၄၄၃ | |
| **ပဲမျိုးစုံ** | | | |
| ပဲတီစိမ်း (လုံးသေး) | ပိဿာ | ၁၅၅၀ | ကျ |
| ပဲပုပ် | ပိဿာ | ၁၀၆၀ | – |
| ကုလားပဲလုံးဝါ (ကြီး) | ပိဿာ | ၁၄၃၀ | ကျ |
| ကုလားပဲလုံးဖြူ (ကြီး) | ပိဿာ | ၁၃၈၅ | ကျ |
| ထောပတ်ပဲ (သေး) | ပိဿာ | ၁၆၂၅ | ကျ |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲ (လုံးဆန်) | ပိဿာ | ၃၈၅၀ | – |
| မြေပဲ (ဆီဆန်) | ပိဿာ | ၃၆၇၅ | – |
| နှမ်းညို | ပိဿာ | ၃၃၀၀ | ကျ |
| **စားဖိုဆောင်သီးနှံ** | | | |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၆၇၅၀ | – |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၇၁၃ | – |
| ကြက်သွန်ဖြူ (ကြူကုတ်) | ပိဿာ | ၃၆၀၀ | – |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၂၄၀၀ | တက် |
| ကြက်သွန်ဖြူ (မြေပြန့်) | ပိဿာ | ၂၅၀၀ | – |
| **စားသုံးဆီ** | | | |
| မြေပဲဆီ | ပိဿာ | ၇၃၅၀ | – |
| နှမ်းဆီ | ပိဿာ | ၇၀၀၀ | – |
| စားအုန်းဆီ | ပိဿာ | ၁၆၅၅ | ကျ |

## မော်လမြိုင်ဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၂၁-၈-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန်** | | | |
| ရာဘာ(RSS-3) | ၁ပေါင် | ၈၂၀ | |
| **ဆန်** | | | |
| ပေါ်ဆန်း (ရွှေဘို ) | တစ်တင်းခွဲ | ၆၂၀၀၀ | တက် |
| ပေါ်ဆန်း (ဒေသ) | တစ်တင်းခွဲ | ၃၈၀၀၀ | |
| ဧည့်မထ | တစ်တင်းခွဲ | ၂၀၅၀၀ | |
| ကမာကြည် (အလတ်စ) | တစ်တင်းခွဲ | ၃၁၀၀၀ | |
| ကောက်ကြီး (အလတ်စ) | တစ်တင်းခွဲ | ၃၂၀၀၀ | |
| **ပဲမျိုးစုံ** | | | |
| မတ်ပဲ | ပိဿာ | ၁၂၄၀ | ကျ |
| ပဲတီစိမ်း | ပိဿာ | ၁၆၂၅ | တက် |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၆၃၀၀ | ကျ |
| စားအုန်းဆီ (ရိုးရိုး) | ပိဿာ | ၁၈၀၀ | |
| ပုဇွန်ကြောင်ပုံး | ၁၀ ပိဿာ | ၂၅၀၀၀ | ကျ |
| အခြားတံဆိပ်ပုံးများ | ၁၀ ပိဿာ | ၁၈၅၀၀ | ကျ |
| **စားဖိုဆောင်သီးနှံ** | | | |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၅၄၅၀ | ကျ |
| ကြက်သွန်နီ (အလတ်) | ပိဿာ | ၈၇၅ | တက် |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၂၃၀၀ | ကျ |
| ကြက်သွန်ဖြူ (ကြူကုတ်) | ပိဿာ | ၃၂၀၀ | တက် |
| အာလူး (အိုကေ) | ပိဿာ | ၉၃၀ | တက် |
| အာလူး (အေဝမ်း) | ပိဿာ | ၉၀၀ | တက် |
| **ဟင်းသီးဟင်းရွက်** | | | |
| ခရမ်းချဉ် (ရှမ်း) | ၁၈ ပိဿာ | ၁၀၈၀၀ | ကျ |
| ပန်းဂေါ်ဖီ (ရှမ်း) | ပွင့် | ၆၀၀ | ကျ |
| ဂေါ်ဖီထုပ် (ရှမ်း) | ၂၀ပိဿာ | ၇၀၀၀ | ကျ |
| မုန်လာဥနီ (အောင်ပန်း) | ပိဿာ | ၁၂၀၀ | |
| မုန်လာဥနီ (မြဝတီ) | ပိဿာ | ၁၄၆၂ | ကျ |
| ချင်း | ပိဿာ | ၂၃၅၀ | |
| **သစ်သီးဝလံ** | | | |
| ကျွဲကောသီး(ပန်းရောင်) | ၁၀ လုံး | ၁၈၀၀၀ | |
| ကျွဲကောသီး(အဖြူ) | ၁၀ လုံး | ၈၀၀၀ | |

## မုံရွာမြို့ ကုန်စည်ဒိုင်

| သီးနှံ | ရေတွက်ပုံ | ၂၁-၈-၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| မနောသုခ | တစ်တင်းခွဲ | ၂၆၀၀၀ | |
| ဧရာမင်း | တစ်တင်းခွဲ | ၄၀၅၀၀ | |
| အိုင်အာ – ၇၄၇ | တစ်တင်းခွဲ | ၂၀၀၀၀ | |
| **ဟင်းသီးဟင်းရွက်** | | | |
| ခရမ်းချဉ် (ရှမ်းတောင်) | ၂၀ ပိဿာ | ၁၄၀၀၀ | ကျ |
| **စားသုံးဆီ** | | | |
| မြေပဲဆီ | ပိဿာ | ၇၃၀၀ | |
| နှမ်းဆီ | ပိဿာ | ၆၅၀၀ | |
| စားအုန်းဆီ | ပိဿာ | ၁၆၂၀ | ကျ |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲဆန် (လုံးဆံ) | ပိဿာ | ၄၀၇၅ | |
| မြေပဲဆန် (ဆီဆံ) | ပိဿာ | ၃၆၀၀ | |
| နှမ်းဝါ | ၁၅ ပိဿာ | ၅၁၀၀၀ | တက် |
| နှမ်းနီ | ၁၅ ပိဿာ | ၄၉၀၀၀ | |
| နှမ်းနက် | ၁၅ ပိဿာ | ၈၆၅၀၀ | |
| ပန်းနှမ်း | ၁၅ ပိဿာ | ၂၂၀၀၀ | |
| မုန်ညင်းစေ့ | ၁၆ ပိဿာ | ၂၃၅၀၀ | |
| **နံ့စားသီးနှံ** | | | |
| အစေ့ထုတ်ပြောင်း | ၁၈ ပိဿာ | ၇၈၀၀ | တက် |
| ဂျုံဖြူသန့် | ၂၀ ပိဿာ | ၁၇၂၅၀ | |
| ဂျုံထွက်တိုး | ၂၀ ပိဿာ | ၁၅၂၀၀ | |
| **ပဲမျိုးစုံ** | | | |
| မတ်ပဲ | ၂၀ ပိဿာ | ၂၃၂၅၀ | |
| ပဲတီစိမ်း (ကြီး) | ၁၉ ပိဿာ | ၃၁၅၀၀ | တက် |
| ပဲပုပ် | ၂၀ ပိဿာ | ၂၀၀၀၀ | |
| ပဲစင်းငုံ (နီ) | ၂၀ ပိဿာ | ၃၀၅၀၀ | ကျ |
| ကုလားပဲလုံးဝါကြီး | ၁၉ ပိဿာ | ၂၅၀၀၀ | |
| ကုလားပဲလုံးဖြူကြီး | ၁၉ ပိဿာ | ၂၆၆၀၀ | ကျ |
| စားတော်ပဲ | ၂၀ ပိဿာ | ၂၃၅၀၀ | တက် |
| ပဲလွန်းပြာ | ၁၈ ပိဿာ | ၂၀၂၅၀ | |
| ပဲကြီး | ၁၈ ပိဿာ | ၃၁၀၀၀ | ကျ |
| နံနံစေ့ | ၁၈ ပိဿာ | ၁၃၀၀၀ | ကျ |

| သကြားဈေးနှုန်း | ရန်ကုန် ၂၁-၈-၁၉ | ရန်ကုန် ၁၄-၈-၁၉ | မန္တလေး ၂၁-၈-၁၉ | မန္တလေး ၁၄-၈-၁၉ |
|---|---|---|---|---|
| သကြား(အထက်စ)ပိဿာ | ၁၂၀၀ | ၁၂၀၀ | ၉၈၀ | ၉၈၀ |
| သကြား(အလတ်စ)ပိဿာ | ၁၁၅၀ | ၁၁၅၀ | – | – |
| သကြား(အောက်စ)ပိဿာ | ၁၁၀၀ | ၁၁၀၀ | ၉၆၀ | ၉၆၀ |

## ပုသိမ်ဈေးကွက်

ဆန်စက်ပိုင်များ၏ စပါးဝယ်ဈေးနှင့် ဆန်ကုန်သည်များ၏ ဆန်လက်ကားရောင်းဈေး

စပါးတစ်တင်း= ၄၆ပေါင်

| အမျိုးအမည် | ရေတွက်ပုံ | ၂၁-၈-၂၀၁၉ | တက်/ကျ | ရေတွက်ပုံ | ၂၁-၈-၂၀၁၉ | တက်/ကျ |
|---|---|---|---|---|---|---|
| **စပါး (ပထမတန်းစား)** | | | | **ဆန် (ထိပ်စ)** | | |
| ဧရာဝတီပေါ်ဆန်း | ၁၀၀ တင်း | ၁၀၉၅၂၃၈ | | တစ်တင်းခွဲ | ၄၃၀၀၀ | |
| ပေါ်ဆန်းရင် | ၁၀၀ တင်း | ၉၆၃၈၀၉ | | တစ်တင်းခွဲ | ၄၁၀၀၀ | |
| ကောက်ညှင်းဖြူ | ၁၀၀ တင်း | – | | တစ်တင်းခွဲ | – | |
| ဖျာပုံပေါ်ဆန်း | ၁၀၀ တင်း | ၉၆၃၈၀၉ | | တစ်တင်းခွဲ | ၄၂၀၀၀ | |
| **စပါး (ဒုတိယတန်းစား)** | | | | **ဆန် (အလတ်စ)** | | |
| ရွှေသွယ်လေး | ၁၀၀ တင်း | ၇၈၂၀၀၀ | | တစ်တင်းခွဲ | ၃၃၀၀၀ | |
| ဧရာမင်း | ၁၀၀ တင်း | ၇၈၂၀၀၀ | | တစ်တင်းခွဲ | ၃၃၀၀၀ | |
| မနောသုခ | ၁၀၀ တင်း | ၆၂၅၆၀၀ | ကျ | တစ်တင်းခွဲ | ၂၄၀၀၀ | ကျ |
| မီးကောက် | ၁၀၀ တင်း | ၆၂၅၆၀၀ | | တစ်တင်းခွဲ | ၂၇၀၀၀ | ကျ |
| သီးထပ်ရင် | ၁၀၀ တင်း | ၄၉၆၈၀၀ | | တစ်တင်းခွဲ | ၂၀၀၀၀ | ကျ |

## နေပြည်တော်ဈေးကွက် ရောင်းဝယ်ဖောက်ကားမှု အခြေအနေ

နေပြည်တော်ဈေးကွက်၏ ဆန်ဈေးနှုန်းများကို လေ့လာပါက ဆန်တစ်တင်းခွဲ တစ်အိတ်လျှင် ရွှေဘိုပေါ်ဆန်းမှာ ၅၇၀၀၀ ကျပ်မှ ၆၃၀၀၀ ကျပ်သို့လည်းကောင်း၊ မနောသုခ (ဒေသ)ဆန်မှာ ၂၈၀၀၀ ကျပ်မှ ၂၉၀၀၀ ကျပ်သို့ လည်းကောင်း ဈေးမြင့်ခဲ့ပြီး မနောသုခ(ရန်ကုန်)ဆန်မှာ ၂၇၀၀၀ ကျပ်၊ ဧယာဆန်မှာ ၂၅၅၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်ကို တွေ့ရသည်။ ရွှေဘိုပေါ်ဆန်းဆန်ဈေးမြင့်ရခြင်းမှာ မိုးတွင်းကာလသယ်ယူပို့ဆောင်မှုခက်ခဲခြင်း၊ ရေဘေးသင့်သူများအား လှူဒါန်းရန်အတွက် ဝယ်လိုအားရှိခြင်း၊ ဆန်သစ်များ ဝင်ရောက်မှုနည်းခြင်း၊ ဝယ်ယူစားသုံးမှု များခြင်းတို့ကြောင့်ဖြစ်ပြီး မနောသုခ(ဒေသ)ဆန်မှာ စားသုံးမှုကြိုက်နှစ်သက်မှုများခြင်း၊ ဈေးကွက်သို့ဝင်ရောက်မှု နည်းခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။

စားဖိုဆောင်သီးနှံတွင် ဒေသထွက် ငရုတ်ခြောက်အသစ်များဖြစ်၍ ဈေးကွက်သို့အရည်အသွေးကောင်းသော ငရုတ်ခြောက်များ ဝင်ရောက်လာသော်လည်း အစိုဓာတ်ရှိခြင်းကြောင့် ဝယ်ယူသိုလှောင်မှုနည်းခြင်း၊ စားသုံးမှုမှပုံမှန်ဝယ်ယူစားသုံးမှု သာရှိခြင်းတို့ကြောင့် ငရုတ်ခြောက် (ရှည်/လတ်) တစ်ပိဿာလျှင် ၇၀၀၀ ကျပ်၊ ငရုတ်ခြောက်(ပွ) တစ်ပိဿာလျှင် ၁၀၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်ကို တွေ့ရသည်။

ကြက်သွန်ဖြူ (ရှမ်း)မှာ အသစ်မထွက်ရှိသေးခြင်း၊ အဟောင်းလက်ကျန်နည်းလာခြင်းတို့ကြောင့်လည်းကောင်း၊ ကြက်သွန်ဖြူ (ကြူကုတ်)မှာ ယခင်နှစ်များထက် ပင်ရင်းဈေးမြင့်ခြင်း၊ စားသုံးသူကြိုက်နှစ်သက်မှုများသဖြင့် ဝယ်ယူသုံးစွဲမှုများခြင်းတို့ကြောင့် ကြက်သွန်ဖြူ(ရှမ်း)မှာ တစ်ပိဿာလျှင် ၃၅၀၀ ကျပ်မှ ၃၇၀၀ ကျပ်နှင့် ကြက်သွန်ဖြူ (ကြူကုတ်) တစ်ပိဿာလျှင် ၃၅၀၀ ကျပ်မှ ၄၀၀၀ ကျပ်သို့ ဈေးမြင့်ခဲ့သည်။

ကြက်သွန်နီဈေးနှုန်းမှာ မြင်းခြံ၊ မြစ်သား၊ ပခုက္ကူဈေးကွက်မှ ကြက်သွန်နီများ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရမှုနည်းခြင်းကြောင့် ဝယ်ဈေးနိမ့်လာခြင်း၊ နေပြည်တော် ဈေးကွက်အတွင်းသို့ ကြက်သွန်နီများ ဝင်ရောက်မှုများခြင်း၊ အစိုဓာတ်ရှိခြင်းကြောင့် ဝယ်ယူသိုလှောင်မှုမရှိခြင်းစသည်တို့ကြောင့် ယခင်အပတ်ထက်ဈေးနိမ့်ခဲ့ပြီး ကြက်သွန်နီ (ကြီး) တစ်ပိဿာလျှင် ၁၀၀၀ ကျပ်၊ ကြက်သွန်နီ (လတ်) တစ်ပိဿာလျှင် ၉၀၀ ကျပ်၊ ကြက်သွန်နီ (သေး) တစ်ပိဿာလျှင် ၈၀၀ ကျပ်ဈေးရှိခဲ့သည်ကို တွေ့ရသည်။

အာလူးဈေးမှာ ယခုအပတ်တွင် အာလူး(ကြီး)တစ်ပိဿာလျှင် ၁၅၀၀ ကျပ်၊ အာလူး(လတ်)တစ်ပိဿာလျှင် ၁၀၀၀ ကျပ်၊ အာလူး (သေး) တစ်ပိဿာလျှင် ၈၀၀ ကျပ်ဈေးရှိခဲ့သည်ကိုတွေ့ရပြီး ဈေးကွက်သို့ ရှမ်းအာလူးများသာမက တရုတ်အာလူးများလည်း ဝင်ရောက်လာကြောင်း၊ ရှမ်းအာလူးမှာ အဝါရောင်/အနီရောင်ရှိပြီး စေးသောအရသာရှိကာ တရုတ်အာလူးမှာ အဝါဖျော့ရောင်ရှိပြီး ဖွယ်သောအရသာရှိကြောင်း သိရှိရသည်။

ခရမ်းချဉ်သီးဈေးမှာ တစ်ပိဿာ ၁၀၀၀ ကျပ်မှ ၈၀၀ ကျပ်သို့ ဈေးကျခဲ့သည်ကိုတွေ့ရပြီး ထိုသို့ဈေးကျလာရခြင်းမှာ အင်းလေးခရမ်းချဉ်သီးများ ဈေးကျလာခြင်း၊ အောင်ပန်းသီးများလည်း ထွက်ရှိလာခြင်း၊ မြေပြန့်သီးများလည်း ထွက်ရှိလာခြင်းတို့ကြောင့် ဖြစ်ပါသည်။

စားသုံးဆီဈေးနှုန်းမှာ မြေပဲဆန်ကုန်ကြမ်းများ ဈေးမြင့်လာခြင်း၊ မြေပဲစိုက်ပျိုးဆဲကာလဖြစ်ခြင်း၊ အခြားစားသုံးဆီများထက် စားသုံးသူကြိုက်နှစ်သက်မှုများခြင်းကြောင့် မြေပဲဆီ (ရှယ်)ဈေးမှာ တစ်ပိဿာ ၇၀၀၀ ကျပ်ထိ ဈေးမြင့်ခဲ့ပြီး မြေပဲဆီ (ရိုးရိုး)မှာ ရောနှောမှုပေါ်မူတည်၍ တစ်ပိဿာ ၃၀၀၀ ကျပ်ရှိကြောင်း သိရသည်။ နှမ်းဆီမှာ ကုန်ကြမ်းအား ပြည်ပမှဝယ်လိုအားရှိခြင်းကြောင့် ဈေးမြင့်ခြင်း၊ ရာသီဉတုမမှန်မှုကြောင့် အထွက်နည်းခြင်းတို့ကြောင့် ယခင်လများထက် ဈေးမြင့်ခဲ့ကာ နှမ်းဆီ(ရှယ်) တစ်ပိဿာ ၇၂၀၀ ကျပ်၊ နှမ်းဆီ (ရိုးရိုး) တစ်ပိဿာ ၃၀၀၀ ကျပ်နှင့် စားအုန်းဆီ တစ်ပိဿာ ၁၉၀၀ ကျပ်ဈေးရှိခဲ့သည်။

မိုးတွင်းကာလသီးနှံထွက်ရှိမှုများကာ ဈေးကွက်သို့ သစ်သီးဝလံမျိုးစုံ ဝင်ရောက်လာသည်ကိုတွေ့ရပြီး စပျစ်သီး(ထိုင်ဝမ်) တစ်ပိဿာ ၈၀၀၀ ကျပ်၊ နာနတ်သီးတစ်လုံး ၄၅၀ ကျပ်၊ ပန်းသစ်တော် ၁၀ လုံး ၇၅၀၀ ကျပ်၊ မင်းကွတ်သီး ၁၀ လုံး ၂၀၀၀ ကျပ်၊ ပန်းသီး (ရှယ်)တစ်လုံး ၁၃၀၀ ကျပ်၊ ထောပတ်သီး ၁၀လုံး ၄၀၀၀ ကျပ်၊ လိမ္မော်သီး တစ်ပိဿာ ၃၀၀၀ ကျပ်၊ ရင်ကွဲသရက်သီး တစ်လုံး ၅၀၀ ကျပ်၊ သခွားမွှေး (ရှယ်) တစ်လုံး ၁၅၀၀ ကျပ်ဈေးရှိခဲ့သည်။

**အင်းလေး** ကောက်ယူချိန် ၁၀:၃၀မှ၁၁:၃၀နာရီ ကောက်ယူသည့်နေ့စွဲ ၁၇ - ၈ -၂၀၁၉

ယခုတစ်ပတ် ရွှေပြည်စိုး၊ ချယ်ရီပန်း၊ အောင်မြန်မာနှင့် နန်းဝင်းပွဲရုံများတွင် အင်းလေးခရမ်းချဉ် (ပင်သစ်) တစ်တင်း ပိဿာ ၃၀လျှင် ၁၅၀၀၀ ကျပ်၊ ခရမ်းချဉ် (ပုံမှန်) တစ်တင်း ပိဿာ ၃၀လျှင် ၁၃၀၀၀ ကျပ်၊ ခရမ်းချဉ် (ပင်ကျ) တစ်တင်း ပိဿာ ၃၀လျှင် ၁၁၀၀၀ ကျပ်၊ ညောင်ရွှေလေ့ဆိပ်တွင် အမှည့်တစ်ပိဿာလျှင် ၈၀၀ ကျပ် ဈေးရှိသည်။ ညောင်ရွှေမှ ရန်ကုန်သို့ နေ့စဉ် ၁၂ဘီးကား ၄ စီးခန့် တင်ပို့လျက်ရှိပြီး သယ်ယူစရိတ်ကားခမှာ တစ်သေတ္တာလျှင် ၁၄၀၀ ကျပ်၊ ရန်ကုန်ဈေးနှုန်းမှာ တစ်သေတ္တာ ၁၇ပိဿာလျှင် ၁၃၀၀၀ ကျပ်၊ မန္တလေးသို့ နေ့စဉ် ၁၂ဘီးကား ၅ စီး၊ သယ်ယူစရိတ်ကားခမှာ အသွားအပြန် ၁၁၀၀ ကျပ်၊ မန္တလေးဈေးနှုန်းမှာ တစ်သေတ္တာ ၂၀ပိဿာလျှင် ၁၆၀၀၀ ကျပ် ဈေးရှိသည်။ အင်းလေးခရမ်းချဉ် အထွက်နည်းလာခြင်းကြောင့် ဈေးတက်လာပါသည်။ ဒေသတွင်း လက်လီရောင်းဈေးမှာ တစ်ပိဿာလျှင် ၁၀၀၀ ကျပ် ဖြစ်သည်။

သားငါးဈေးကွက်အခြေအနေမှာ ဝက်သားတစ်ပိဿာ ၈၀၀၀ ကျပ်၊ ကြက်(အကောင်လိုက်ဈေး) တစ်ပိဿာ ၅၅၀၀ ကျပ်၊ အမဲသားတစ်ပိဿာ ၁၄၀၀၀ ကျပ်၊ ဆိတ်သားတစ်ပိဿာ ၂၂၀၀၀ ကျပ်၊ ငါးမြစ်ချင်းတစ်ပိဿာ ၇၁၅၀ ကျပ်၊ ငါးခြင်းဖြူ (ကြီး) တစ်ပိဿာ ၇၅၀၀ ကျပ်၊ ငါးတန် (ကြီး) တစ်ပိဿာလျှင် ၃၀၀၀ ကျပ်၊ ကကတစ် တစ်ပိဿာ ၁၁၀၀ ကျပ် ဈေးရှိကြောင်း သိရှိရသည်။

ဒေါ်သန်းသန်းနွဲ့ (နေပြည်တော်ဈေးကွက်)

# ပြည်တွင်း၊ ပြည်ပသီးနှံဈေးကွက်အခြေအနေ

## နေပြည်တော်ဈေးကွက်လယ်ယာထွက်ကုန်ဈေးနှုန်းများ

တနင်္ဂနွေနေ့တိုင်း ကောက်ယူသည်

| | | ပျဉ်းမနား | | တပ်ကုန်း | | လယ်ဝေး | |
|---|---|---|---|---|---|---|---|
| | | ၁၈-၈-၁၉ | တက်/ကျ | ၁၈-၈-၁၉ | တက်/ကျ | ၁၈-၈-၁၉ | တက်/ကျ |
| ဆန် (အလတ်စ) (တစ်တင်းခွဲပိဿာ၃၀) | ပေါ်ဆန်း | ၄၂၅၀၀ | | ၄၃၀၀၀ | | ၄၅၀၀ | |
| | မနောသုခ (ရန်ကုန်) | ၂၇၀၀၀ | | ၂၃၀၀၀ | | ၂၆၀၀၀ | |
| | မနောသုခ (ဒေသ) | ၂၉၀၀၀ | တက် | ၂၄၀၀၀ | | ၂၆၀၀၀ | |
| | သုခထွန်း (ဒေသ) | | | ၂၁၀၀၀ | တက် | ၂၃၀၀၀ | တက် |
| | ဧယာ | ၂၅၅၀၀ | | ၂၃၀၀၀ | | ၂၅၀၀၀ | |
| စားဖိုဆောင်သီးနှံ (ပိဿာ) | ငရုတ်ခြောက် (ရှည်) | ၇၀၀၀ | | ၇၀၀၀ | | ၆၅၀၀ | ကျ |
| | ငရုတ်ခြောက် (မိုးထောင်) | ၇၀၀၀ | | ၆၅၀၀ | | ၆၅၀၀ | ကျ |
| | ငရုတ်ခြောက် (ပွ) | ၁၀၀၀၀ | | ၆၀၀၀ | | ၁၀၀၀၀ | |
| | ကြက်သွန်ဖြူ (ရှမ်း-လတ်) | ၃၇၀၀ | တက် | ၂၃၀၀ | | ၂၈၀၀ | |
| | ကြက်သွန်ဖြူ (ကြူကုတ်) | ၄၀၀၀ | တက် | ၃၂၅၀ | | ၃၂၀၀ | ကျ |
| | ကြက်သွန်နီ (ကြီး) | ၁၀၀၀ | ကျ | ၁၂၀၀ | | ၁၀၀၀ | ကျ |
| | ကြက်သွန်နီ (လတ်) | ၉၀၀ | တက် | ၁၀၀၀ | | ၈၀၀ | ကျ |
| | ကြက်သွန်နီ (သေး) | ၈၀၀ | တက် | ၇၀၀ | | ၇၀၀ | ကျ |
| | အာလူး (ကြီး) | ၁၅၀၀ | | ၁၆၀၀ | | ၁၅၀၀ | |
| | အာလူး (လတ်) | ၁၀၀၀ | ကျ | ၁၄၀၀ | | ၁၄၀၀ | |
| | အာလူး (သေး) | ၈၀၀ | | ၁၀၀၀ | | ၁၂၀၀ | |
| စားသုံးဆီ (ပိဿာ) | မြေပဲဆီ (ရှယ်) | ၇၀၀၀ | တက် | ၈၀၀၀ | | ၈၀၀၀ | တူ |
| | မြေပဲဆီ (ရိုးရိုး) | ၃၀၀၀ | | ၇၀၀၀ | ကျ | ၃၅၀၀ | |
| | နှမ်းဆီ (ရှယ်) | ၇၂၀၀ | တက် | ၈၀၀၀ | | ၇၅၀၀ | |
| | နှမ်းဆီ (ရိုးရိုး) | ၃၀၀၀ | | ၇၅၀၀ | | ၃၀၀၀ | |
| | စားအုန်းဆီ (ကန်ဆီ) | ၁၉၀၀ | တက် | ၁၆၅၀ | | ၁၈၀၀ | |
| ဟင်းသီးဟင်းရွက် | ခရမ်းချဉ် (ပိဿာ) | ၈၀၀ | ကျ | ၈၀၀ | | ၇၀၀ | ကျ |
| | ရွှေပဲသီး (ပိဿာ) | ၄၅၀၀ | တက် | ၄၂၀၀ | တက် | ၅၀၀၀ | တက် |
| | ဂေါ်ဖီထုပ် (ထုပ်) | ၂၅၀ | ကျ | ၃၀၀ | | ၃၀၀ | ကျ |
| | ပန်းမုန်လာ (ပွင့်) | ၄၅၀ | ကျ | ၄၀၀ | | ၄၀၀ | |
| | ဂျူးမြစ် (ပိဿာ) | ၁၆၀၀ | ကျ | ၁၈၀၀ | | ၁၈၀၀ | ကျ |
| | ဂေါ်ရခါးသီး (လုံး) | ၁၇၅ | ကျ | ၁၀၀ | ကျ | ၂၀၀ | |
| | မုန်လာဥနီ (ရှမ်း) (ပိဿာ) | ၂၀၀၀ | တက် | ၁၂၀၀ | ကျ | ၃၀၀၀ | တက် |
| | ဘိုစားပဲ (ပိဿာ) | ၁၂၀၀ | တက် | ၁၂၀၀ | | ၁၂၀၀ | |
| | ငရုတ်စိမ်းပွ (ပိဿာ) | ၁၂၀၀ | တက် | ၁၃၀၀ | | ၂၀၀၀ | တက် |
| | ချင်း (ပိဿာ) | ၂၉၀၀ | | ၂၅၀၀ | | ၃၀၀၀ | တက် |

## စစ်တွေဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၁၉-၈-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **လယ်ယာထွက်ကုန်** | | | |
| ပေါ်ဆန်းမွှေး(ရှယ်) | ၁ အိတ် | ၄၆၀၀၀ | – |
| ပေါ်ဆန်းမွှေး(ရိုးရိုး) | ၅၀ ကီလို | ၄၀၅၀၀ | – |
| မီးဒုံး(အသစ်) | ၅၀ ကီလို | ၂၇၀၀၀ | – |
| ညှော်မထ | ၅၀ ကီလို | ၂၆၀၀၀ | – |
| ငစိန် | ၅၀ ကီလို | ၂၅၀၀၀ | – |
| ကောက်ညှင်းဆန် | ၅၀ ကီလို | ၅၀၀၀၀ | – |
| ကုလားပဲ | ၁ပိဿာ | ၂၆၀၀ | – |
| ပဲနီလေး | ၁ပိဿာ | ၄၈၀၀ | – |
| မြေပဲဆန် | ၁ပိဿာ | ၃၆၀၀ | – |
| ပဲဆီ | ၁ပိဿာ | ၅၅၀၀ | – |
| စားအုန်းဆီ | ၁ပိဿာ | ၂၈၀၀ | – |
| ကြက်သွန်နီ (လတ်) | ၁ပိဿာ | ၁၅၀၀ | – |
| ကြက်သွန်ဖြူ | ၁ပိဿာ | ၂၇၀၀ | – |
| ငရုပ်သီး | ၁ပိဿာ | ၁၅၀၀ | – |
| နနွင်း | ၁ပိဿာ | ၂၇၀၀ | – |
| ဂျင်း | ၁ပိဿာ | ၂၄၀၀ | – |
| ခရမ်းသီး | ၁ပိဿာ | ၁၅၀၀ | – |
| ခရမ်းချဉ်သီး | ၁ပိဿာ | ၃၀၀၀ | – |
| အာလူး | ၁ပိဿာ | ၁၇၀၀ | – |
| သကြား (ဖြူ) | ၁ပိဿာ | ၁၅၀၀ | – |
| **အသား/ဥအမျိုးမျိုး** | | | |
| ဝက်သား | ၁ပိဿာ | ၁၁၀၀၀ | – |
| အမဲသား | ၁ပိဿာ | ၁၄၀၀၀ | – |
| ဆိတ်သား | ၁ပိဿာ | ၁၅၀၀၀ | – |
| ကြက်သား(အိမ်ကြက်) | ၁ပိဿာ | ၁၃၀၀၀ | – |
| ကြက်သား(ဥစားကြက်) | ၁ ကီလို | ၉၀၀၀ | – |
| **ရေထွက်ကုန်** | | | |
| ပုစွန်ခြောက်(အသေး) | ၁ပိဿာ | ၂၇၀၀၀ | တက် |
| ငါးနီတူခြောက်(ရှယ်) | ၁ပိဿာ | ၈၅၀၀ | – |
| ငါးနီတူခြောက် | ၁ပိဿာ | ၈၀၀၀ | – |
| ငါးဂျင်လိပ်ခြောက် | ၁ပိဿာ | ၁၀၀၀၀ | တက် |
| ငါးပိ | ၁ပိဿာ | ၃၉၀၀ | တက် |

## မြိတ်မြို့ရေထွက်ကုန် ဈေးကွက်အခြေအနေ

| အမျိုးအမည် | ရေတွက်ပုံ | ၁၈-၈-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| ကုလားကုတ် | ၁ ကီလို | ၇၀၀၀ | တူ |
| ကုလားကုတ် | ၁ ကီလို | ၇၅၀၀ | တူ |
| ငါးကွမ်းရှပ် (ကြီး) | ၁ ကီလို | ၆၂၀၀ | – |
| ငါးကွမ်းရှပ် (သေး) | ၁ ကီလို | ၄၂၀၀ | – |
| ငါးပါးနီ | ၁ ကီလို | ၆၅၀၀ | – |
| ကျောက်ငါး | ၁ ကီလို | ၅၀၀၀ | – |
| ကုလားငှ | ၁ ကီလို | ၅၈၀၀ | – |
| ဇာဗျက် | ၁ ကီလို | ၃၃၀၀ | – |
| ဇလုံး | ၁ ကီလို | ၇၀၀၀ | – |
| ကြိမ်မွေ့တောင်း | ၁ ကီလို | ၅၅၀၀ | – |
| ငါးရောင် (ကြီး) | ၁ ကီလို | ၄၀၀၀ | – |
| ငါးရောင် (သေး) | ၁ ကီလို | ၂၀၀၀ | – |
| ငါးသဲတိုး | ၁ ကီလို | ၃၀၀၀ | – |
| ကဏ္ဍုရုံ | ၁ ကီလို | ၁၅၀၀၀ | – |
| ကကတစ် | ၁ ကီလို | ၇၀၀၀ | – |
| ငါးလိပ်ကျောက် | ၁ ကီလို | ၆၀၀၀ | – |
| ငါးမုတ်မဲ | ၁ ကီလို | ၆၅၀၀ | – |
| ငါးမုတ်ဖြူ | ၁ ကီလို | ၁၃၅၀၀ | – |
| သဲကဏန်း | ၁ ကီလို | ၁၆၀၀၀ | – |
| ကင်းမွန် (ကြီး) | ၁ ကီလို | ၁၂၅၀၀ | – |
| ကင်းမွန်(သေး) | ၁ ကီလို | ၆၀၀၀ | – |
| **ရေငန်ပုစွန်** | | | |
| ရေငန်ပုစွန်ကျား (Tiger) | ၁ ကီလို | ၃၀၀၀၀ | – |
| ရေငန်ပုစွန် (Pink) | ၁ ကီလို | ၁၂၀၀၀ | – |
| ရေငန်ပုစွန်မီးနီ (White) | ၁ ကီလို | ၁၃၀၀၀ | – |
| မျှင်ငါးပိ | ၁ ကီလို | ၃၅၀၀ | – |
| ပုစွန်ခြောက် (ကြီး) | ၁ ကီလို | ၃၅၀၀၀ | – |
| ပုစွန်ခြောက် (လတ်) | ၁ ကီလို | ၂၇၀၀၀ | – |
| ပုစွန်ခြောက် (သေး) | ၁ ကီလို | ၂၂၀၀၀ | – |

## တောင်သူထံမှဝယ်ယူသောလယ်ယာထွက်ကုန်ဈေးနှုန်းများ

| ပျဉ်းမနား | | |
|---|---|---|
| ပဲမျိုးစုံ (သုံးတင်းအိတ်) | ၁၈-၈-၁၉ | တက်/ကျ |
| မတ်ပဲ (၆၀ ပိဿာ) | ၇၄၀၀၀ | တူ |
| ပဲတီစိမ်း (၆၀ ပိဿာ) | ၉၈၀၀၀ | – |
| ပြောင်း (၅၄ ပိဿာ) | ၂၂၅၀၀ | – |
| ဆီထွက်သီးနှံ | | |
| နှမ်းနက် (၄၅ ပိဿာ) | ၂၁၀၀၀၀ | ကျ |
| နှမ်းနီ (၄၅ ပိဿာ) | ၁၅၀၀၀ | – |
| မြေပဲ (ဆီဆန်) (ပိဿာ) | ၃၇၅၀ | ကျ |
| မြေပဲ (လုံးဆန်) (ပိဿာ) | ၄၁၀၀ | – |
| တပ်ကုန်း | | |
| ပဲမျိုးစုံ(တစ်တင်း) | | |
| မတ်ပဲ (၂၀ ပိဿာ) | ၂၃၀၀၀ | – |
| ပဲတီစိမ်း (၂၀ ပိဿာ) | ၃၀၀၀၀ | ကျ |
| ဆီထွက်သီးနှံ | | |
| နှမ်းနီ (၁၅ ပိဿာ) | ၅၀၀၀၀ | – |
| နှမ်းနက် (၁၅ ပိဿာ) | ၈၀၀၀၀ | ကျ |
| မြေပဲ (လုံးဆန်) (ပိဿာ) | ၄၅၀၀ | – |
| မြေပဲ (ဆီဆန်) (ပိဿာ) | ၃၅၀၀ | တက် |
| မြေပဲ (အတောင့်) (ပိဿာ) | ၁၈၀၀ | – |
| နေကြာ (ပိဿာ) | ၁၈၀၀ | – |
| လယ်ဝေး | | |
| ပဲမျိုးစုံ | | |
| မတ်ပဲ (၂၀ပိဿာ) | ၂၃၀၀၀ | ကျ |
| ဆီထွက်သီးနှံ | | |
| နှမ်းနက် (၁၅ ပိဿာ) | ၈၀၀၀၀ | – |
| မြေပဲ (လုံးဆန်) (ပိဿာ) | ၄၅၀၀ | – |
| မြေပဲ (ဆီဆန်) (ပိဿာ) | ၃၄၀၀ | တက် |
| မြေပဲ (အတောင့်) (ပိဿာ) | ၁၈၀၀ | – |

## ပြည်မြို့မဈေးကြီး

| အမျိုးအမည် | ရေတွက်ပုံ | ၂၁-၈-၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| မနောသုခ | တစ်တင်းခွဲ | ၂၀၀၀၀ | |
| အင်းမရဲဘော် | တစ်တင်းခွဲ | ၂၃၀၀၀ | |
| ရွှေဝါထွန်း | တစ်တင်းခွဲ | ၁၉၀၀၀ | |
| **ပဲမျိုးစုံ** | | | |
| ဘိုကိတ် | ၂၀ ပိဿာ | ၂၂၆၆၇ | တက် |
| မတ်ပဲ | ၂၀ ပိဿာ | ၂၅၀၀၀ | ကျ |
| ပဲပုပ် (မြန်မာ) | ၂၀ ပိဿာ | ၂၁၆၆၇ | ကျ |
| ပဲစင်းငုံ (အနီ) | ၂၀ ပိဿာ | ၃၀၅၀၀ | ကျ |
| ပဲလွမ်းဖြူ | ၂၀ ပိဿာ | ၂၁၅၀၀ | |
| ကုလားပဲ (လုံးဝါကြီး) | ၂၀ ပိဿာ | ၂၈၃၀၀ | တက် |
| ကုလားပဲ (လုံးဖြူကြီး) | ၂၀ ပိဿာ | ၂၇၂၀၀ | |
| ပဲကြီး (ကြီး) | ၂၀ ပိဿာ | ၃၆၁၆၇ | ကျ |
| ထောပတ်ပဲ (သေး) | ၂၀ ပိဿာ | ၃၂၃၃၃ | တက် |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲ (လုံးဆန်) | ပိဿာ | ၄၁၆၇ | ကျ |
| မြေပဲ (ဆီဆန်) | ပိဿာ | ၃၇၀၀ | တက် |
| နှမ်းနက် | ၄၅ ပိဿာ | ၂၃၁၆၆၇ | ကျ |
| နှမ်းနီ | ၄၅ ပိဿာ | ၁၅၅၀၀၀ | ကျ |
| **စားဖိုဆောင်သီးနှံ** | | | |
| ငရုတ်ခြောက် (ရှည်) | ပိဿာ | ၅၄၀၀ | ကျ |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၅၇၀၀ | |
| ငရုတ်ခြောက် (ပွ) | ပိဿာ | ၆၈၀၀ | တက် |
| ကြက်သွန်နီ (ကြီး) | ပိဿာ | ၈၇၅ | တက် |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၈၀၀ | |
| ကြက်သွန်နီ (သေး) | ပိဿာ | ၆၀၀ | |
| အာလူး (အိုကေ) | ပိဿာ | ၁၀၀၀ | တက် |
| အာလူး (အေဝမ်း) | ပိဿာ | ၉၅၀ | တက် |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၂၅၀၀ | တက် |
| ကြက်သွန်ဖြူ (ကြူကုတ်) | ပိဿာ | ၃၅၀၀ | တက် |
| ချင်း | ပိဿာ | ၂၇၀၀ | တက် |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၇၀၀၀ | |
| မြေပဲဆီ (ရိုးရိုး) | ပိဿာ | ၆၅၀၀ | |
| နှမ်းဆီ (ရှယ်) | ပိဿာ | ၇၆၀၀ | |
| နှမ်းဆီ (ရိုးရိုး) | ပိဿာ | ၇၄၀၀ | |
| စားအုန်းဆီ | ပိဿာ | ၁၅၉၀ | ကျ |

## တောင်ကြီး

| အမျိုးအမည် | ရေတွက်ပုံ | ၂၁-၈-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| ရောဝတီပေါ်ဆန်း | တစ်တင်းခွဲ | ၄၇၅၀၀ | ကျ |
| ဖျာပုံပေါ်ဆန်း | တစ်တင်းခွဲ | ၄၆၅၀၀ | တက် |
| ပေါ်ကျွဲ | တစ်တင်းခွဲ | ၃၃၅၀၀ | တက် |
| ဧယာ | တစ်တင်းခွဲ | ၂၆၁၆၇ | တက် |
| မနောသုခ | တစ်တင်းခွဲ | ၃၂၀၀၀ | တက် |
| အင်းမရဲဘော် | တစ်တင်းခွဲ | ၂၂၅၀၀ | ကျ |
| ခေါက်နှမ်းခမ်းဆန် | နှစ်တင်း | ၆၄၂၅၀ | ကျ |
| **နံ့စားသီးနှံ** | | | |
| အစေ့ထုတ်ပြောင်း | ပိဿာ | ၄၂၀ | တက် |
| ဂျုံစေ့ (ရှမ်း) | ပိဿာ | ၈၀၀ | |
| **ပဲမျိုးစုံ** | | | |
| ပဲပုပ် (ရှမ်း) | ပိဿာ | ၁၁၁၇ | ကျ |
| **စားဖိုဆောင်သီးနှံ** | | | |
| ကြက်သွန်ဖြူ (ဥလတ်) | ပိဿာ | ၁၁၀၀ | |
| ကြက်သွန်ဖြူ (ရှယ်) | ပိဿာ | ၁၂၅၀ | တက် |
| ကြက်သွန်ဖြူ (ကြူကုတ်) | ပိဿာ | ၁၉၁၇ | တက် |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၄၀၁၇ | တက် |
| နှမ်းဆီ (ရိုးရိုး) | ပိဿာ | ၅၀၀၀ | |
| စားအုန်းဆီ (ရိုးရိုး) | ပိဿာ | ၁၉၀၀ | |
| **ဆီထွက်သီးနှံ** | | | |
| ပန်းနှမ်း | ပိဿာ | ၁၄၅၀ | တက် |

## ငါးရက်တစ်ဈေး အောင်ပန်းဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၁၉-၈-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **နံ့စားသီးနှံ** | | | |
| အစေ့ထုတ်ပြောင်း | ပိဿာ | ၄၀၀ | |
| ဂျုံစေ့ (ရှမ်း) | ပိဿာ | ၆၈၀ | |
| **ဆီထွက်သီးနှံ** | | | |
| ပန်းနှမ်း | ပိဿာ | ၁၄၀၀ | |
| နေကြာ | ပိဿာ | ၈၅၀ | |
| **စားဖိုဆောင်သီးနှံ** | | | |
| အာလူး (အိုကေ) | ပိဿာ | ၉၅၀ | တက် |
| အာလူး (အေဝမ်း) | ပိဿာ | ၈၀၀ | တက် |
| ချင်း (အစို) | ပိဿာ | ၂၅၀၀ | ကျ |
| ကြက်သွန်ဖြူ (အလတ်) | ပိဿာ | ၂၀၀၀ | ကျ |
| **ပဲမျိုးစုံ** | | | |
| ပဲပုပ် | ပိဿာ | ၁၂၀၀ | |
| **ဟင်းသီးဟင်းရွက်** | | | |
| ခရမ်းချဉ် (ရှမ်း) | ပိဿာ | ၂၂၀ | ကျ |
| ဂေါ်ဖီထုပ် | ထုပ် | ၁၅၀ | တက် |
| ပန်းမုန်လာ (ရှမ်း) | ပွင့် | ၁၅၀ | ကျ |
| မုန်လာဥနီ | ပိဿာ | ၉၅၀ | |
| ဂေါ်ရခါးသီး | လုံး | ၈၀ | ကျ |
| ဂျူး | ပိဿာ | ၇၇၅ | ကျ |
| ရွှေပဲသီး | ပိဿာ | ၂၅၀၀ | ကျ |
| ဘိုစားပဲ | ပိဿာ | ၇၅၀ | တက် |
| **သစ်သီးဝလံ** | | | |
| နာနတ်သီး | လုံး | ၃၅၀ | ကျ |
| သစ်တော်သီး | ပိဿာ | ၈၀၀ | တက် |

## ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ် ဝက်ပုတ်ဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၂၁-၈-၁၉ | တက်/ကျ |
|---|---|---|---|
| **ဟင်းသီးဟင်းရွက်** | | | |
| ခရမ်းချဉ် (မြေပြန့်) | ပိဿာ | ၇၀၀ | |
| သခွါးသီး | ၁၀၀ လုံး | ၆၃၃၃ | တက် |
| ခရမ်းသီး (လတ်) | ၁၀၀ လုံး | ၅၀၀၀ | တက် |
| ငရုတ်သီးစိမ်း (ရှည်) | ပိဿာ | ၅၀၀ | ကျ |
| ငရုတ်သီးစိမ်း (ပွ) | ပိဿာ | ၇၀၀ | ကျ |
| ရုံးပတီသီး | ၁၀၀ တောင့် | ၂၅၀ | တက် |
| ကြက်ဟင်းခါးသီး | ၁၀၀ တောင့် | ၄၀၀၀ | |
| ရွှေဖရုံသီး | လုံး | ၅၃၃ | တက် |
| ပဲတောင့်ရှည် (တိုင်) | စည်း | ၅၀၀ | တက် |
| ကျောက်ဖရုံ | လုံး | ၂၅၀ | |
| ပဲစောင်းလျားသီး | စည်း | ၂၅ | တက် |

## မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ရရှိသောဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ၁၉-၈-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **လယ်ယာထွက်ကုန်** | | | |
| ညှော်မထ(၂၅%) | တန် | ၁၇၉၀ယွမ် | ကျ |
| ပဲတီစိမ်း | တန် | ၅၉၀၀ယွမ် | – |
| ပဲပုပ် | တန် | ၃၇၅၀ယွမ် | ကျ |
| ပဲလွမ်းဖြူ | တန် | ၅၂၅၀ယွမ် | ကျ |
| အစေ့ထုတ်ပြောင်း | တန် | ၁၁၅၀ယွမ် | – |
| မြေပဲဆန် | တန် | ၁၂၅၀၀ယွမ် | – |
| နှမ်း | တန် | ၁၁၇၅၀ယွမ် | – |
| ကြက်သွန်နီ | တန် | ၃၂၄၁ယွမ် | ကျ |
| ကြက်သွန်ဖြူ(ရှမ်း) | ပိဿာ | ၁၆၀၀ကျပ် | – |
| ဖရဲသီး | တန် | ၁၅၀၀ယွမ် | – |
| RSS 3 | ပိဿာ | ၈၇၅၀ယွမ် | – |
| **ရေထွက်ကုန်** | | | |
| ကဏန်း (အမာ) | တန် | ၂၆၀၀ဒေါ်လာ | – |
| ငါးရှဥ့် | တန် | ၃၂၀၀ဒေါ်လာ | – |
| **နိုင်ငံခြားငွေလဲလှယ်နှုန်း** | | | |
| အမေရိကန်ဒေါ်လာ | ၁ဒေါ်လာ | ၁၅၀၉ကျပ် | – |
| ယွမ် | ၁ ယွမ် | ၂၁၆ကျပ် | တက် |

## လားရှိုးဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၂၁-၈-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန်** | | | |
| ဇော်တိကပေါ်ဆန်း | တစ်တင်းခွဲ | ၄၉၀၀၀ | |
| ရွှေဘိုပေါ်ဆန်း | တစ်တင်းခွဲ | ၅၈၀၀၀ | |
| လုံးသွယ်မွှေး | တစ်တင်းခွဲ | ၃၉၀၀၀ | |
| ညှော်မထ | တစ်တင်းခွဲ | ၂၆၀၀၀ | |
| **စားသုံးဆီ** | | | |
| မြေပဲဆီ | ပိဿာ | ၂၇၀၀ | တက် |
| စားအုန်းဆီ (ပုစွန်နှစ်ကောင်) | ပိဿာ | ၂၀၀၀ | |
| **စားဖိုဆောင်သီးနှံ** | | | |
| ကြက်သွန်နီ (ကြီး) | ပိဿာ | ၁၂၀၀ | တက် |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၁၁၀၀ | တက် |
| ကြက်သွန်နီ (သေး) | ပိဿာ | ၁၀၀၀ | တက် |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၂၅၀၀ | တက် |
| ကြက်သွန်ဖြူ (တရုတ်) | ပိဿာ | ၃၄၀၀ | ကျ |
| အာလူး (အိုကေ) | ပိဿာ | ၉၅၀ | |
| **ကုန်စည်ဒိုင်** | | | |
| အစေ့ထုတ်ပြောင်း | ပိဿာ | ၃၅၀ | |

တရုတ်ငွေကြေး ၁ ယွမ်နှင့် ညီမျှသော မြန်မာငွေကျပ် လဲလှယ်နှုန်း = ၂၁၂ နယ်စပ်ပြောင်းအရောင်းအဝယ်မရှိပါ။

## အိန္ဒိယနိုင်ငံ မွန်ဘိုင်းဈေးကွက်၏ ပဲမျိုးစုံ ဈေးနှုန်းများ

US$/MT FAQ =Fair Average Quality

| နေ့စွဲ | ပဲစင်းငုံ(အကျား) Tur (Pigeon Pea) FAQ/SQ | မတ်ပဲ Urad(Black Mape) FAQ |
|---|---|---|
| ၁.၈.၂၀၁၉ | ၈၀၄ | ၆၄၉ |
| ၂၁.၈.၂၀၁၉ | ၆၅၃ | ၇၇၆ |

## ပြည်တွင်းဓာတ်မြေသြဇာဈေးနှုန်းများ

၅၀ ကီလိုအိတ်

| အမျိုးအမည် | ၂၁-၈-၂၀၁၉ ရန်ကုန် | မန္တလေး |
|---|---|---|
| **ယူရီးယား** | | |
| ယူရီးယား(တရုတ်) | ၂၆၅၀၀ | ၂၆၈၀၀ |
| **ကွန်ပေါင်း** | | |
| အာမို(၁၆း၁၆း၈း၁၃)(၄-ရောင်ခြယ်) | ၃၇၅၀၀ | ၃၉၂၀၀ |
| အာမို(၁၅း၁၅း၁၅း၇) | ၄၀၅၀၀ | ၄၄၄၀၀ |
| ရွှေခြင်္သေ့(၁၅း၇း၈) | | ၂၅၀၀၀ |
| ရွှေခြင်္သေ့(၁၀း၁၀း၅) | | ၁၇၀၀၀ |
| တိုးပွားမန်း(လှည်းယာဉ်)(၁၀း၁၀း၅း၅) | ၁၉၂၀၀ | ၁၈၂၀၀ |
| တိုးပွားမန်း(လှည်းယာဉ်)(၁၅း၁၅း၁၅း၁၀) | ၄၀၀၀၀ | ၃၉၀၀၀ |
| **တီဆူပါ** | | |
| GTSP ၄၆% | ၂၄၆၀၀ | ၁၈၁၀၀ |
| တိုးပွားမန်း(လှည်းယာဉ်) $N+P_2O_5>50\%$ | ၂၅၃၀၀ | |
| တိုးပွားမန်း(လှည်းယာဉ်) $N+P_2O_5>37\%$ | | ၂၄၃၀၀ |
| **ပိုတက်ရှ်** | | |
| ပိုတက်ရှ် (အိန္ဒိယအနီ) | ၂၈၅၀၀ | ၂၉၀၀၀ |
| မြန်မာ့သြဘာဓာတ်မြေသြဇာမှ ကိုယ်စားလှယ်ဆိုင်လက်ကားဈေးများ | | |
| Gပုလဲအလုံးကြီး (၄၆ %) | ၂၈၀၀၀ | ၂၉၀၀၀ |
| ရွှေကောမက် (၂၀း၁၂း၁၂) | ၃၇၀၀၀ | ၃၈၂၀၀ |
| ကောမက်သီးစုံ | ၂၇၇၀၀ | ၂၈၉၀၀ |
| Premo lite (၁၆း၁၆း၁၆) | ၄၂၀၀၀ | ၄၄၇၀၀ |

## US$/MT စက်မှုကုန်ကြမ်းဈေးနှုန်းများ

| | | |
|---|---|---|
| သကြား | ၂၁. ၈. ၂၀၁၉ | ၁၃. ၈. ၂၀၁၉ |
| Refined sugar | ၃၀၈ | ၃၀၅ |
| Raw | ၂၆၉ | ၂၇၁ |
| ကော်ဖီ | ၂၁. ၈. ၂၀၁၉ | ၁၃. ၈. ၂၀၁၉ |
| Columbia Mild | ၂၇၉၁ | ၂၈၈၃ |
| Brazilian Natural | ၂၀၆၄ | ၂၁၃၅ |
| Robustas | ၁၅၅၇ | ၁၅၅၉ |
| ရာဘာ | ၂၁. ၈. ၂၀၁၉ | ၁၃. ၈. ၂၀၁၉ |
| RSS - 1 | ၁၅၇၄ | ၁၅၄၇ |
| RSS - 2 | ၁၅၅၄ | ၁၅၂၈ |
| RSS - 3 | ၁၅၃၆ | ၁၅၁၀ |
| RSS - 4 | ၁၅၂၇ | ၁၅၀၀ |
| RSS - 5 | ၁၅၁၂ | ၁၄၈၅ |
| စားအုန်းဆီ | ၂၀. ၈. ၂၀၁၉ | ၁၃. ၈. ၂၀၁၉ |
| RBD P. OLEIN | ၅၂၉. ၅ | ၅၂၅ |

Source: LIFFE, CSCE, ICO, International Rubber Prices (Bangkok), www.cbot.com, Myanmar Kuok Oil & Grains Ltd.

## အမေရိကန် ၁ ဒေါ်လာနှင့်ညီမျှသော ငွေကြေးတန်ဖိုး

Source : exchangerate.com

| | | ၂၁-၈-၂၀၁၉ | ၁၄-၈-၂၀၁၉ |
|---|---|---|---|
| ဥရောပ | (ယူရို) | ၀.၉၀၀၇၀၂ | ၀.၈၉၄၅၇၉ |
| ဗြိတိန် | (ပေါင်စတာလင်) | ၀.၈၂၄၂၇၈ | ၀.၈၂၈၂၄၈ |
| ဩစတြေးလျ | (ဒေါ်လာ) | ၁.၄၇၆၆၆၆ | ၁.၄၈၀၁၆၈ |
| ဂျပန် | (ယန်း) | ၁၀၆.၄၇၃၁ | ၁၀၆.၀၅၉၃ |
| တောင်ကိုရီးယား | (ဝမ်) | ၁၂၀၄.၁၁၃ | ၁၂၁၃.၃၅၉ |
| တရုတ် | (ယွမ်) | ၇.၀၅၉၉၈၂ | ၇.၀၂၆၉၆ |
| အိန္ဒိယ | (ရူပီး) | ၇၁.၅၅၅၀၂ | ၇၁.၂၄၅၉ |
| ဟောင်ကောင် | (ဒေါ်လာ) | ၇.၈၄၂၂၃၈ | ၇.၈၄၆၁၀၄ |
| ဘင်္ဂလားဒေ့ရှ် | (တာကာ) | ၈၄.၅၁၇၉၉ | ၈၄.၅၁၇၉၉ |
| တိုင်ဝမ် | (ဒေါ်လာ) | ၃၁.၃၆၇၁၄ | ၃၁.၃၆၄၁၉ |
| စင်္ကာပူဒေါ်လာ | (ဒေါ်လာ) | ၁.၃၈၃၂၂၄ | ၁.၃၈၇၇၃၁ |
| အင်ဒိုနီးရှား | (ရူပီးယား) | ၁၄၂၆၇.၃၃ | ၁၄၂၉၃.၁၈ |
| ဖိလစ်ပိုင် | (ပက်ဆို) | ၅၂.၂၀၂၆၉ | ၅၂.၃၄၃၅၂ |
| ထိုင်း | (ဘတ်) | ၃၀.၇၇၆၆၆ | ၃၀.၈၃၆၈၂ |
| ဗီယက်နမ် | (ဒေါင်) | ၂၃၁၇၀.၆၆ | ၂၃၁၇၀.၆၆ |
| မလေးရှား | (ရင်းဂစ်) | ၄.၁၇၈၇၇၉ | ၄.၁၉၀၇၄၆ |
| ကမ္ဘောဒီးယား | (ရီးယဲ) | ၄၀၃၃.၁၇၉ | ၄၀၃၃.၁၇၉ |
| ဘရူနိုင်းဒါရုစလမ် | (ဒေါ်လာ) | ၁.၃၈၃၂၂၄ | ၁.၃၈၇၇၃၁ |
| လာအို | (ကစ်ပ်) | ၈၆၉၂.၉၁၃ | ၈၆၉၂.၉၁၃ |

## (US$/MT) ပြည်ပဆန်ဈေးနှုန်း

Source: riceonline.com

| | | ၂၁-၈-၁၉ | ၁၄-၈-၁၉ |
|---|---|---|---|
| ထိုင်း | 100%B | ၄၄၆ | ၄၄၆ |
| | 5% | ၄၂၉ | ၄၂၉ |
| | 25% | ၄၁၉ | ၄၂၀ |
| | Parboiled | ၄၃၉ | ၄၃၉ |
| ဗီယက်နမ် | | | |
| | 5% | ၃၃၅ | ၃၃၅ |
| | 25% | ၃၁၀ | ၃၁၀ |
| အိန္ဒိယ | | | |
| | 5% | ၃၈၀ | ၃၃၂ |
| | 25% | ၃၄၅ | ၃၄၅ |
| | Parboiled | ၃၃၅ | ၃၃၃ |
| ပါကစ္စတန် | | | |
| | 5% | ၃၆၅ | ၃၇၀ |
| | 25% | ၃၃၈ | ၃၄၀ |
| | Parboiled | ၃၉၅ | ၃၉၅ |

**ယုဇန** ဟု လူသိများကြသည့် အဆင်းရနံ့နှင့် ပြည့်စုံလှသည့် ပန်းပွင့်ဖြူလေးများပွင့်တတ်သည့် အပင်၏ အင်္ဂလိပ်အမည်မှာ Orange Jasmine ဟု လူသိများကြပြီး သိပ္ပံအမည်မှာ Murraya paniculata L.ဖြစ်ကာ မျိုးရင်း Rutaceae တွင် ပါဝင်၏။ ယုဇနပင်သည် သေးငယ်သော အမြဲစိမ်းချုံပင်ငယ်မျိုးဖြစ်ပြီး အရွက်များသည် ဘဲဥပုံသဏ္ဌာန်ရှိကာ ထိပ်ဖျားတွင်ချွန်သည့် ရွက်မွှာကလေးများ သုံးရွက်မှသည် ရှစ်ရွက်အထိ တစ်လှည့်စီထွက်ပြီး အရွက်၏အပေါ်ယံမျက်နှာပြင်မှာ အစိမ်းရောင်ပြောင်လက်လျက်ရှိ၏။ သင်းပျံ့သော မွှေးရနံ့ရှိသော အဖြူရောင်ပန်းပွင့်လေးများ ငါးပွင့်မှသည် အဆုပ်လိုက် ပွင့်တတ်ကြ၏။ ဘဲဥပုံသဏ္ဌာန်ခပ်ဆင်ဆင်တူသော အဝါ၊ လိမ္မော်မှသည် အနီရောင်အစရှိသည့် အရောင်များဖြင့် အသီးငယ်လေးများသီးကြပြီး ယင်းအသီးထဲတွင် အစေ့တစ်စေ့မှ နှစ်စေ့အထိ ပါတတ်၏။

ယုဇနပင်သည် အပူပိုင်းအမြဲစိမ်းအပင်မျိုးဖြစ်ပြီး တောင်အာရှနိုင်ငံများမှ စတင်စိုက်ပျိုးဖြစ်ထွန်းပြီး ထိုမှတစ်ဆင့် အရှေ့တောင် အာရှနိုင်ငံများ၊ တရုတ်နှင့် ဩစတြေးလျနိုင်ငံများတွင်လည်း စိုက်ပျိုးလာကြ၏။ ယုဇနပင်၏ အရွက်၊ သစ်ကိုင်းများ၊ အမြစ်၊ အပွင့်၊ ပင်စည်၊ အခေါက် ပဥ္စင်ါးပါးစလုံးကို ဆေးဖက်ဝင် အဖြစ် အသုံးပြုနိုင်၏။

အရွက်နှင့် သစ်ကိုင်းများကို လေပြွန်ရောင်ရမ်းနာဝေဒနာ၊ ဝမ်းစေ့ရောင်ရမ်းနာဝေဒနာ၊ ဆီးလမ်းကြောင်းပိုးဝင်ခြင်းဝေဒနာ၊ အမျိုးသားများတွင် ဖြစ်ပွားတတ်သည့် ဂနိုခေါ် ဆီးပူညောင်းကျခေါ် ကာလသားရောဂါ၊ အမျိုးသမီးများတွင်ဖြစ်ပွားတတ်သည့် အဖြူဆင်းခြင်း၊ ဓမ္မတာမမှန်ခြင်းရောဂါများ၊ ကိုယ်တွင်းအဆီများခြင်း၊ ကိုယ်တွင်းကိုယ်ပတွင် ဖြစ်ပွားတတ်သော ပြည်တည်နာများ၊ သွားနာခြင်းဝေဒနာနှင့် အရေပြားကြမ်းထော်ခြင်းဝေဒနာတို့အတွက် ကုထုံးအဖြစ် အသုံးပြုကြ၏။

ထိုမျှသာမက မတော်တဆထိခိုက်မှုများကြောင့် ခန္ဓာကိုယ်တွင် ပွန်းပဲ့ဒဏ်ရာရခြင်း၊ အဆစ်အမြစ်ရောင်ရမ်းကိုက်ခဲပြီး အဖျားတက်သောကူးစက်ရောဂါများ၊ အဆစ်လွဲခြင်း၊ အဆိပ်ရှိသော အင်းဆက်များအကိုက်ခံရခြင်း၊ မြွေကိုက်ခံရခြင်း၊ ပွေး၊ ဝဲ၊ နှင်းခူနှင့်ယားနာရောဂါများအတွက် ဆေးတစ်လက်အနေဖြင့် အသုံးပြုကြ၏။

ယုဇနပင်အခေါက်ကို သွားနာခြင်း၊ သွားကိုက်ခြင်း၊ အရေပြားရောင်ရမ်းနာဖြစ်ခြင်းတို့အတွက် ဆေးကောင်းအနေဖြင့် အသုံးပြုကြ၏။

မြန်မာနိုင်ငံတွင် ယုဇနပင်အမြစ်ကို ထိခိုက်ဒဏ်ရာရခြင်း၊ ပြည်တည်နာဖြစ်ခြင်း၊ အရေပြားရောင်ရမ်းနာဖြစ်ခြင်း၊ ဝက်သက်ရောဂါဖြစ်ခြင်းတို့အတွက် ဆေးဝါးအနေဖြင့် အသုံးပြုကြ၏။

ပြည်တည်နာအမျိုးမျိုး၊ ရောင်ရမ်းနာနှင့် အရေပြားတွင်ဖြစ်ပွားတတ်သော ဒဏ်ရာအနာတရများအတွက် ယုဇနအမြစ်ကို ကျောက်ပြင်တွင် သွေးပြီးရရှိလာသည့်အနှစ်ပျစ်ပျစ်ကို လိမ်းကျံနိုင်၏။ အဖျားရောဂါများအတွက်မူ ယုဇနအမြစ်ကိုသွေးပြီး ရရှိသည့် အနှစ်ထဲတွင် အိမ်သုံးဆားအနည်းငယ် ထည့်ဖျော်ကာ တစ်ကြိမ်လျှင် ၅ မှ ၁၀ မီလီလီတာခန့် သောက်သုံးခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်သည်ဟု မြန်မာနိုင်ငံကျန်းမာရေးဦးစီးဌာနက ထုတ်ဝေသည့် မြန်မာ့ဆေးဖက်ဝင်အပင်များစာအုပ်တွင် ဖော်ပြထားသည်ကို တွေ့ရှိရ၏။

ယုဇနပင်၏ ပဥ္စင်ါးပါးလုံးကို နိုင်ငံရပ်ခြားတွင် အသုံးပြုကြသည့် တိုင်းရင်းဆေးနှင့် အာယုဗေဒဆေးဝါးဆိုင်ရာ အသုံးပြုပုံနှင့် အကျိုးကျေးဇူးကောင်းများကို အောက်ပါအတိုင်း မျှဝေလိုပါသည်။




### အသားအရေချောမွေ့စေခြင်း

လတ်ဆတ်သည့် ယုဇနအရွက် ၃၀ ဂရမ်ကို ရေဖြင့် စင်ကြည်အောင်ဆေးပြီး ရေစစ်ကာ အနှစ်များရရှိသည်အထိ ကြိတ်ခြေပေးပါ။ ရရှိလာသည့်အနှစ်ကို ရေတစ်ဖန်ခွက်ဖြင့် ရောစပ်ပေးပါ။ ရရှိလာသည့် အနှစ်ကို ညဘက်ရေမချိုးခင် တစ်ကိုယ်လုံးအနှံ့လိမ်းကျံတိုက်ချွတ်ပြီး ရေချိုးသန့်စင်ပေးပြီးမှ ညအိပ်ရာဝင်ခြင်းဖြင့် နူးညံ့ချောမွေ့လှပသည့် အသားအရေကို ပိုင်ဆိုင်နိုင်မည်ဖြစ်၏။

### မီးယပ်သွေးမှန်စေခြင်း

လတ်ဆတ်သည့် ယုဇနအရွက် လက်တစ်ဆုပ်စာခန့်နှင့် လတ်ဆတ်သော ဒန်းရွက် လက်တစ်ဆုပ်စာခန့်၊ ချင်းလက်တစ်ဆစ်ခန့်တို့ကို သန့်စင်အောင် ဆေးကြောပြီး နုပ်နုပ်စဉ်းပေးပါ။ ရရှိလာသော အရွက်များကို ရေသုံးဖန်ခွက်ဖြင့်ရောစပ်ပြီး ပွက်ပွက်ဆူအောင် သုံးခွက်တစ်ခွက်တင် ကျိုချက်ပေးပါ။ ရရှိလာသောပြုတ်ရည်ကို အအေးခံပြီးမှ အဖတ်များကိုဖယ်ပစ်ကာ အရည်ကိုတစ်ခါသောက်လျှင် ဖန်ခွက်တစ်ဝက်နှုန်းဖြင့် တစ်ရက်လျှင် နှစ်ကြိမ်သောက်သုံးခြင်းဖြင့် အမျိုးသမီးများ လစဉ်မီးယပ်သွေးကိုမှန်စေပြီး သွေးသားကြည်လင်လှပစေမည်ဖြစ်၏။

### ဆီးလမ်းကြောင်းပိုးဝင်ခြင်းကို ကုသခြင်း

လတ်ဆတ်သည့် ယုဇနအရွက် ၃၅ ဂရမ်ကို ရေဖြင့်သန့်စင်အောင် ဆေးကြောပြီး ရေစစ်ပေးထားပါ။ ပြီးလျှင် ရေသုံးဖန်ခွက်ဖြင့်ရောစပ်ပြီး တစ်ဝက်ကျန်သည်အထိ ပွက်ပွက်ဆူအောင် ကျိုချက်ပေးပါ။ ရရှိလာသော ပြုတ်ရည်ကို အအေးခံပြီးမှ အဖတ်များကိုဖယ်ပစ်ကာ အရည်ကို တစ်ခါသောက်လျှင် ဖန်ခွက်တစ်ဝက်နှုန်းဖြင့် တစ်ရက်လျှင် သုံးကြိမ်သောက်သုံးပေးခြင်းဖြင့် ဆီးလမ်းကြောင်းပိုးဝင်ခြင်းဝေဒနာကို သက်သာ ပျောက်ကင်းစေနိုင်မည်ဖြစ်၏။

### ဝမ်းစေ့ရောင်ရမ်းနာ ကုသခြင်း

လတ်ဆတ်သည့် ယုဇနအရွက် ၆၀ ဂရမ်ကို သဘော်မည်းဖြူ (သို့မဟုတ်) ထားဝယ်မှိုင်းအရွက် ၃၅ ဂရမ်တို့နှင့်ရောစပ်ပြီး ရေဖြင့်သန့်စင်အောင် ဆေးကြောပြီး ရေစစ်ပေးထားပါ။ ပြီးလျှင် ရေသုံးဖန်ခွက်ဖြင့်ရောစပ်ပြီး ပွက်ပွက်ဆူအောင် သုံးခွက်တစ်ခွက်တင် ကျိုချက်ပေးပါ။ ရရှိလာသော ပြုတ်ရည်ကို အအေးခံပြီးမှ အဖတ်များကို ဖယ်ပစ်ကာ အရည်ကို တစ်ခါသောက်လျှင် ဖန်ခွက်တစ်ဝက်နှုန်းဖြင့် တစ်ရက်လျှင် နှစ်ကြိမ်သောက်သုံးခြင်းဖြင့် ဝေဒနာကို သက်သာပျောက်ကင်းစေနိုင်မည်ဖြစ်၏။

### ကိုယ်ခန္ဓာသေးသွယ်ပိန်လှီလှပစေခြင်း

လတ်ဆတ်သည့်ယုဇနအရွက်နှင့် ရဲယိုရွက်လက်တစ်ဆုပ်စာခန့်စီကို ကြိတ်ခြေပေးပါ။ ရရှိလာသည့်အနှစ်ကို ကျိုချက်ပြီးသား ရေကျက်အေး တစ်ဖန်ခွက်ဖြင့် ရောစပ်ကာ သမအောင် မွှေပေးကာ ပိတ်ပါးစဖြင့် အရည်ကိုစစ်ယူပြီး အဖတ်များကို စွန့်ပစ်ပါ။ နေ့စဉ်နံနက်စာမစားမီ ယင်းအရည်ကို သောက်ပြီးမှ အစားစားသုံးခြင်းဖြင့် သေးသွယ်လှပသည့် ကိုယ်ခန္ဓာကိုယ်ကို ပိုင်ဆိုင်နိုင်မည်ဖြစ်၏။

### သွားကိုက်သွားနာခြင်းဝေဒနာကို သက်သာစေခြင်း

လတ်ဆတ်သည့် ယုဇနပင်အခေါက်မှ ထွက်ရှိလာသည့် အဆီ (အစေး)ကို သွားပေါက်သည့်နေရာတွင် ဖိသိပ်ပေးခြင်းဖြင့် သွားကိုက်သွားနာခြင်းဝေဒနာကို သက်သာစေနိုင်၏။

### အဆစ်အမြစ်ရောင်ရမ်းနာဝေဒနာကို သက်သာစေခြင်း

ယုဇနပင်နှင့် စိန်နားပန်ပင်တို့၏ အမြစ်များကို ရေဖြင့် သန့်စင်အောင် ဆေးကြောပြီးလျှင် လက်တစ်ဆစ်ခန့်စီဖြတ်ထားပေးပါ။ သန့်စင်ပြီး ခုတ်ထားပြီးဖြစ်သော ကြက်ခြေထောက်သုံးစုံကို ပြင်ထားပေးပါ။ ပြီးလျှင်လည်း ယင်းတို့ကို အိုးတစ်လုံးထဲထည့်ပြီး ရေမြုပ်အောင်ထည့်ပြီး တည်ပေးပါ။ အားလုံးကျက်ပြီဆိုပါက အဖတ်များကို ဖယ်ပစ်ပြီး ယင်းပြုတ်ရည်ကို ခပ်နွေးနွေးအချိန်တွင် သောက်သုံးပေးခြင်းဖြင့် အဆစ်အမြစ်ရောင်ရမ်းနာဝေဒနာကို သက်သာစေနိုင်၏။

### ထိခိုက်ပွန်းပဲ့ဒဏ်ရာများကို သက်သာ စေနိုင်ခြင်း

လတ်ဆတ်သော ယုဇနအရွက်များကို သန့်စင်အောင်ဆေးပြီးလျှင် ကြိတ်ပေးပါ။ ရရှိလာသည့် အရွက်ကြိတ်ဖတ်အနှစ်ကို ကြွေပန်းကန်ပြားထဲ ထည့်ပြီးလျှင် မီးဖိုပေါ်တင်ပြီး ဝိုင်အနည်းငယ် ထည့်ပြီးမွှေပေးပါ။ ရရှိလာသည့် ယင်းအနှစ် နွေးနွေးကို ခန္ဓာကိုယ်ပေါ်ရှိ ထိခိုက်ပွန်းပဲ့ဒဏ်ရာများအပေါ်တွင် လိမ်းကျံပေးခြင်းဖြင့်ဝေဒနာကို သက်သာစေနိုင်၏။

### အနာစိမ်းနှင့် မွေးကျွတ်နာများကို သက်သာစေနိုင်ခြင်း

ယုဇနအမြစ် ၃၀ ဂရမ်ကို ရေဖြင့် စင်ကြယ်အောင်ဆေးပြီးလျှင် နုပ်နုပ်စဉ်းပေးပါ။ ပြီးလျှင် ရေသုံးဖန်ခွက်ဖြင့်ရောစပ်ပြီး သုံးခွက်တစ်ခွက်တင် ရရှိအောင် ကျိုပေးပါ။ ပြီးလျှင် အအေးခံပြီး အဖတ်များကို ဖယ်ထုတ်ပြီးလျှင် အရည်ကို တစ်ကြိမ်လျှင် ဖန်ခွက်တစ်ဝက်နှုန်းဖြင့် တစ်နေ့လျှင် နှစ်ကြိမ်



သောက်သုံးပေးခြင်းဖြင့် ဝေဒနာကိုသက်သာပျောက်ကင်းစေနိုင်၏။

### အဆိပ်ဖြေဆေးအဖြစ် အသုံးပြုခြင်း

လတ်ဆတ်သည့် ယုဇနအရွက်များကို သန့်စင်အောင်ဆေးပြီးလျှင် ကြိတ်ခြေပေးပါ။ ရရှိလာသည့် အရွက်ကြိတ်ဖတ်အနှစ်ကို မြွေ၊ ပျား၊ ကင်းမြီးကောက်အစရှိသည့် အဆိပ်ရှိသည့် သတ္တဝါများအကိုက်ခံရပါက ဒဏ်ရာပေါ်တွင် ချက်ချင်းအုံပေးခြင်းဖြင့် ရှေးဦးကုသမှုယူနိုင်၏။ ပြီးလျှင် နီးစပ်ရာဆေးရုံဆေးခန်းသို့ အမြန်ဆုံး သွားရောက်ပြသပြီး ကုသမှုကို ခံယူသင့်၏။

ယုဇနပန်း၏ သင်းပျံ့သည့် မွှေးရနံ့နှင့် ဖြူစင်လှပသည့်အဆင်းကြောင့် ယင်းကို အလှစိုက်အပင်အဖြစ် လူသိများပြီး အိမ်အတော်များများတွင် စိုက်ပျိုးကြ၏။ ယင်းအပင်သည် အစေ့မှ အပင်စတင်ဖြစ်ထွန်းသည့်အချိန်မှစတင်ပြီး အပွင့်ပွင့်နိုင်သည့်အတွက် အိုးငယ်လေးဖြင့်ပင် စိုက်ပျိုးနိုင်သည့်အတွက် မြေမရှိဘဲ အဆောင်နေရသူများ၊ အထပ်မြင့်တိုက်ခန်းနေရသူများအနေဖြင့်လည်း အလွယ်တကူ စိုက်ပျိုးနိုင်၏။ မြေရှိသည့်သူများအတွက်လည်း ယင်းအပင်ကို ခြံစည်းရိုးပတ်ပတ်လည်တွင် စိုက်ပျိုးထားခြင်းဖြင့် ခြံစည်းရိုးအဖြစ် ရရှိစေသည့်အပြင် တစ်ခြံလုံး ယုဇနပန်းပွင့်များဖြင့် ဖြူဖွေးသောအဆင်း မွှေးကြိုင်သောရနံ့ဖြင့် ကြိုင်လှိုင်သင်းပျံ့ နေစေမည်ဖြစ်၏။ ထိုကဲ့သို့ အဆင်းရနံ့နှင့်ပြည့်စုံသည့်အပြင် အထက်တွင်ဖော်ပြခဲ့သည့် ကျန်းမာရေးအတွက်

စာ - ၁၈ သို့

# သင့်အတွက်ကံကြမ္မာ

## စိုးဝင်းထက်

ဆ/၃၀၊ မယ်စီကုန်းလမ်း၊
၇-ရပ်ကွက်၊ လှိုင်မြို့နယ်။
ဖုန်း-၀၉-၄၄၈၀၃၆၄၉၅

**(၂၈-၈-၂၀၁၉) မှ (၁၀-၉-၂၀၁၉) ထိ**

**တနင်္ဂနွေ**



နိုင်ငံခြားနှင့်ပတ်သက်သည့်အလုပ်များ လုပ်ကိုင်အောင်မြင်မည်။ စိတ်လှုပ်ရှားလွယ်ပြီး လွတ်လပ်စွာနေထိုင်ရမည်။ သားသမီးဖျားနာတတ်သည်။ ခရီးရှည်သွားလာရမည်။ အချစ်ရေး၊ အိမ်ထောင်ရေး အဆင်မပြေပါ။ ငွေကြေးအဆင်မပြေသေးပါ။ အပူလောင်တတ်သည်။

**ယတြာ။ ။ ကိတ်မုန့် ဒါနပြုလိုက်ပါ။**

**တနင်္လာ**



ခဏတာအတွင်း လုပ်ငန်းမျိုးစုံလုပ်ကိုင်ရမည်။ ခရီးတို၊ ခရီးရှည်များ သွားရမည်။ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ယူရမည်။ အတိုအထွာငွေကြေးများသာ ဝင်လာမည်။ လူမှုဘဝအဆင့်အတန်း တိုးတက်မှု ရှိလာမည်။ ရောဂါမျိုးစုံ ဖြစ်တတ်သည်။

**ယတြာ။ ။ ကြက်၊ ငှက်များကို အစာကျွေးလိုက်ပါ။**

**အင်္ဂါ**



အိပ်ရာ၊ နေရာ မကြာခဏပြောင်းနေရမည်။ မည်သည့်ကိစ္စမဆို စိတ်များနေပြီး ဆုံးဖြတ်နေခက်နေမည်။ လယ်ယာစိုက်ပျိုးရေးကိစ္စများ အဆင်ပြေမည်။ အချစ်ရေး၊ အိမ်ထောင်ရေး ရှုပ်ထွေးသွားတတ်သည်။ ရန်ဖြစ်ရကိန်းရှိနေသည်။ မကြာခဏ ဖျားနာတတ်သည်။

**ယတြာ။ ။ ဆန်လှူပေးပါ။**

**ဗုဒ္ဓဟူး**



ဆရာသမားကောင်းများ၏ လမ်းညွှန်မှုကို ရမည်။ ပညာရေး၊ စာသင်ကျောင်းများပတ်သက်ရမည်။ နာမည်ကောင်းရမည်။ ခြံ၊ မြေ၊ ဥယျာဉ်ကိစ္စများ အဆင်ပြေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်ကူးများနေမည်။ ငွေများများသုံးစွဲရမည်။ လည်ချောင်းနှင့် ပတ်သက်သည့်ရောဂါ ဖြစ်တတ်သည်။

**ယတြာ။ ။ လက်ဖက်ရည် ဒါနပြုလိုက်ပါ။**

**ကြာသပတေး**



အရာရာတို့ဆိုင်းနေရာမှ ကြိုးစားမှုကြောင့် အောင်မြင်မည်။ မိတ်ဆွေအုပ်စုနှစ်စုကြား ဗျာများနေရမည်။ အချစ်ရေး၊ အိမ်ထောင်ရေး အဟောင်းဇာတ်လမ်းများ ပေါ်လာတတ်သည်။ ငွေကျပ်တည်းနေတတ်သည်။ တိုက်ခန်း၊ ယာဉ်ကားဝင်လာမည်။ ခါးနာတတ်သည်။

**ယတြာ။ ။ ကလေးများကို ဖိနပ်လက်ဆောင်ပေးလိုက်ပါ။**

**သောကြာ**



အလုပ်အလွန်ကောင်းပြီး မနိုင်မနင်းဖြစ်နေမည်။ မိမိအလုပ်နှင့်သဘာဝ မတူသောအလုပ်များ လုပ်ရမည်။ အချစ်ရေး၊ အိမ်ထောင်ရေး သာယာနေမည်။ မင်း၊ အစိုးရ၏ ကူညီစောင့်ရှောက်ခြင်း ခံရမည်။ ဝင်လာသောငွေများ သူတစ်ပါးကြောင့် ကုန်သွားမည်။ ဖျားနာတတ်သည်။

**ယတြာ။ ။ အင်္ကျီတစ်ထည် လက်ဆောင်ပေးလိုက်ပါ။**

**စနေ**



အိမ်၊ အလုပ်၊ နေရာအပြောင်းအလဲရှိနေသည်။ ခရီးသွားခြင်းအားဖြင့် စိတ်ချမ်းသာမှုရမည်။ နိုင်ငံခြားနှင့်ကူးသန်းရောင်းဝယ်ရေး အဆင်ပြေမည်။ အချစ်ရေး အလွန်စန်းပွင့်နေမည်။ ချက်ပြုတ်ရေးလုပ်ငန်းများနှင့် အကျိုးပေးနေသည်။ ငွေကုန်သွားတတ်သည်။ ကျန်းမာရေး ညံ့တတ်သည်။

**ယတြာ။ ။ ထီး လက်ဆောင်ပေးလိုက်ပါ။**

---

အတွေးနှင့် ရသ

# လွယ်အိတ်နှင့်လူ

**မောင်မြင့်အောင်**

**ပြောင်း** **လဲလာသော ၂၀၁၉ ၏ အမိုးအကာအောက်တွင် လူတိုင်းနီးပါးလောက် လက်ကိုင်ဖုန်းသုံးကြသလို ဖေ့စ်ဘွတ်သုံးသည်။ အင်တာနက်သုံးသည်။ ဖေ့စ်ဘွတ် သုံးသူတိုင်းမှာလည်း ‘လိုဂို’ဆိုသည့် အမှတ်အသားအမျိုးမျိုးရှိသည်။ တချို့က ကာယကံရှင်၏ပုံ၊ တချို့က သားသမီးပုံ၊ တချို့က ရှခင်းပုံ၊ တချို့က ဘုရားစေတီပုံ၊ တချို့က ပန်းချီကားပုံ ကိုယ့်ခံစားမှုနှင့်ကိုယ် ရွေးချယ်အသုံးပြုကြသည်။**

ကျွန်တော့်လိုဂိုက အလွန်ရိုးသည်။ ကျွန်တော် အနှစ်ခြိုက်ဆုံးဖြစ်သည့် “လွယ်အိတ်”အနက်လေး တစ်လုံး၏ ပုံဖြစ်သည်။ နာမည်ချင်းတူနေသည့်တိုင် ကျွန်တော်၏လိုဂိုက သူများနှင့်မတူသဖြင့် အလွယ်တကူရှာနိုင်သည်။ အဘယ်ကြောင့် လွယ်အိတ်လေးကို တင်ထားသလဲဆိုလျှင် ကျွန်တော်က စာရေးဆရာတစ်ယောက် ဖြစ်နေသောကြောင့် ဖြစ်သည်။

ထိုလွယ်အိတ်လေး ကျွန်တော့်ဘဝထဲရောက်လာသည်က နားလည်မှုနှင့် စေတနာတွေကတစ်ဆင့် စီးဆင်းလာခြင်း ဖြစ်သည်။ ဧည့်လမ်းညွှန်လုပ်နေသော မိတ်ဆွေအစ်မတစ်ယောက်က သူလက်ဆောင်ရထားသောလွယ်အိတ်ကို ကျွန်တော့်ရုပ်တည်ချက်နှင့် ကိုက်ညီသည်ဟု ဆုံးဖြတ်ကာ ပုဂံကနောက်ဆုံးအခေါက်အပြန်တွင် ပေးခဲ့ခြင်းဖြစ်သည်။

တိုက်ပုံအမြဲတမ်းဝတ်သော လူတစ်ယောက်၏ အမှတ်အသားသည် တိုက်ပုံဖြစ်သည်။ စာအုပ်တစ်အုပ် အမြဲကိုင်သွားသူတစ်ယောက်၏ အထိမ်းအမှတ်သည်လည်း စာအုပ်တစ်အုပ်ဖြစ်သည်။ ထိုသို့ဆိုလျှင် မောင်မြင့်အောင်ဆိုသော လူတစ်ယောက်၏အမှတ်အသားက လွယ်အိတ်တစ်လုံးဖြစ်နေသည်က သဘာဝကျပါသည်။

× × ×

ထိုလွယ်အိတ်လေးထဲမှာ ဖတ်စရာ စာအုပ်တစ်အုပ်ရေးသားပြီးသား စာမူတချို့၊ မိတ္တူတချို့၊ လက်ကိုင်ပဝါတစ်ထည်၊ ယပ်တောင်တစ်ချောင်း၊ ရေးစရာဘောပင်နှစ်ချောင်းတို့ အမြဲပါသလို ကျွန်တော်မည်သည့်နေရာသွားသွား လက်ကိုင်ဖုန်းနှင့်အတူ ထိုလွယ်အိတ်လေးက ပါနေမြဲဖြစ်သည်။ ထို့ကြောင့် ကျွန်တော့်အကြောင်း စာစီစာကုံးရေးမည်ဆိုလျှင် လက်ဖက်ရည်ကြိုက်သော၊ မြန်မာသံသီချင်းများကို နှစ်သက်သော၊ လွယ်အိတ်လွယ်သောဆိုသည့် နာမဝိသေသနများစသည်တို့ကို ရေးမှပြည့်စုံမည် ဖြစ်၏။ ထို့အတူ လွယ်အိတ် CRAZY ဟုလည်း ပြောလို့ရသည်။

× × ×

သို့သော် ထိုလွယ်အိတ်လေးကို ကျွန်တော်က ငယ်လင်ငယ်မယားလို သတ်မှတ်ထားသော်လည်း ကျွန်တော်နှင့်ပြက္ခဒိန်တစ်ခုစာလောက်တောင် ပေါင်းသင်းဆက်ဆံခွင့်မရခဲ့ပေ။ ကံကြမ္မာ၏ လျှပ်တစ်ပြက်ရိုက်ချက်အောက်မှာ ထိုလွယ်အိတ်လေး သွေးသံရဲရဲ ဖြစ်ခဲ့ရသည်။

ထိုနေ့က ဆရာကြီး သောကြာဦးမောင်ကလေး၏ နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်ရန် ဆရာကြီးနေအိမ်ကျောက်မြောင်းသို့ YBS စီးပြီး လာခဲ့သည်။ အချိန်က နံနက် ၈ နာရီဝန်းကျင် အခြေခံအလုပ်သမားများနှင့် အထည်ချုပ်အလုပ်သမများ၏ အစာရှာထွက်ချိန်မို့ ကားကကျပ်သည်။ လူအတိုးခံရသည်။

အဖြစ်အပျက်တစ်ခုကို မျက်ရည်များဖြင့် နိဂုံးချုပ်လိုက်သောအခါ ဓားစွမ်းပြသူ လူတချို့ကြောင့် ကျွန်တော့် လွယ်အိတ်လေး ဒဏ်ရာပြင်းပြင်းထန်ထန်ရသွားခြင်း ဖြစ်သည်။

ထိုအကြောင်းကို လက်ဖက်ရည်ဆိုင်မှာ ပြောဖြစ်သည်။

“တော်သေးတာပေါ့ စာရေးဆရာရယ် – ဘာမှုပါမသွားလို့”

“အင်းလေ– သူကစာရေးဆရာမှန်းသိရင် လုပ်မယ်မထင်ဘူး၊ စာရေးဆရာဆိုတာ အိတ်ကပ်မဖောင်းမှန်း သိကြပါတယ်ဗျာ”

“ဒါနဲ့ အဲဒီကောင်တွေကို သိလား”

“သိတယ်–သူတို့မဆင်းသေးဘူး၊ မီးပွိုင့်မိနေတော့ ဆင်းလို့မရဘူးလေ”

“ဒါဆို–ခါးပိုက်နှိုက်လို့ အော်ပေါ့ဗျာ”

ကျွန်တော်သူ့ကိုမည်သို့မျှ မတုံ့ပြန်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်လွယ်အိတ်လေးအနာတရဖြစ်သွားသလိုကျွန်တော့်ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုလည်း ဒဏ်ရာထပ်မရချင်သောကြောင့် ဖြစ်သည်။ ■

× × ×

---

**စာ ၁၇ – ဆေးဖက်ဝင် ယုဇနပင် မှ**

အထောက်အကူပြုစေမည့် ဆေးဖက်ဝင်အာနိသင်များရှိသည့်အတွက် အိမ်၏ တစ်ပိုင်တစ်နိုင်ပရဆေး ဥယျာဉ်လေးအတွက်လည်း အထောက်အကူဖြစ်စေမည့် အပင်လေးဖြစ်၏။

ယုဇနပန်းကို တရုတ်နိုင်ငံတွင် ***မွှေးပျံ့စေသည် မိုင်ပေါင်းကုဋေ*** ဟု တင်စားခေါ်ဝေါ်ကြပြီး ယင်း၏ အရွက်၊ အပွင့်နှင့်အသီးများကို ဟင်းလျာများ ချက်ပြုတ်ရာတွင်လည်းကောင်း၊ တိုင်းရင်းဆေးများ ဖော်စပ်ရာတွင်လည်းကောင်း တွင်တွင်ကျယ်ကျယ် အသုံးပြုကြ၏။

ယုဇနပွင့်ခြောက်ကိုလည်း အွန်လိုင်းမှတစ်ဆင့် အလွယ်တကူဝယ်ယူရရှိနိုင်၏။ လက်ဖက်ရည်ပန်းကန်လုံးထဲတွင် ယုဇနပွင့်ခြောက် ငါးပွင့်မှ ခုနစ်ပွင့်ခန့်နှင့် ရေနွေးပွက်ပွက်ဆူ ၁၀၀ မီလီလီတာထဲ ထည့်ပြီး ၅ စက္ကန့်မှ ၇ စက္ကန့်အကြာ အဖုံးအုပ်ပြီး ထားပေးပြီးမှ ဖွင့်လိုက်ပါ။ အဝါနုရောင် ကြည်လင်မွှေးပျံ့သော အခါးအရသာအနည်းငယ်ရှိသော ယုဇန ပန်းရေနွေးကြမ်းတစ်ဖန်ခွက်ကို ရရှိစေမည်ဖြစ်၏။ ယုဇနပန်းလက်ဖက်ရည်ကြမ်းကို သောက်သုံးပေးခြင်းဖြင့် သွေးအတွင်းရှိ သကြားဓာတ်ပမာဏကို မျှခြေဖြစ်အောင် ထိန်းပေးနိုင်ခြင်း၊ နှလုံးသွေးကြော ကျဉ်းရောဂါကို ကာကွယ်ပေးခြင်း၊ ဝမ်းပျက် ဝမ်းလျှောခြင်းမှ ကာကွယ်ပေးခြင်း၊ ခွန်အားကိုဖြစ်စေခြင်း၊ အစာခြေစနစ်ကို အားကောင်းစေခြင်း၊ ဓာတ်တိုးဆန့်ကျင်နိုင်ခြင်း၊ ဆီးချိုရောဂါကာကွယ်စေခြင်း အစရှိသည့် ကျန်းမာရေး အကျိုးကျေးဇူးကောင်းများကို ရရှိစေနိုင်၏။

**အခြားအသုံးများ**

– ယုဇနပင်စည်ကို ကြိမ်ကဲ့သို့ပင် လက်မှုပညာဖြင့် လူသုံးကုန်ပစ္စည်းများပြုလုပ်အသုံးပြုနိုင်၏။

– ယုဇနအရွက်များပါသည့် ပန်းခက်များကို ပန်းခွေ၊ ပန်းကုံး၊ လက်ကိုင်ပန်းများအဖြစ်ပြုလုပ်ပြီး မွေးနေ့နှင့် မင်္ဂလာအခမ်းအနားများတွင် အသုံးပြုနိုင်၏။

– ထိုင်းနှင့် မြန်မာနိုင်ငံတို့တွင် ယုဇနပင်စည်နှင့် အမြစ်တို့ကို အလှကုန်ပစ္စည်းများထုတ်လုပ်ရာတွင် အသုံးပြုကြ၏။ ပန်းပွင့်ကို ဆံကေသာတွင် လိမ်းကျံမည့် အဆီများထုတ်လုပ်ရာတွင်ထည့်သွင်း အသုံးပြုကြ၏။ ဂျာဗားတွင် ယုဇနပန်းပွင့်မှ မိတ်ကပ်အစရှိသည့် အလှကုန်ပစ္စည်းများထုတ်လုပ်ရာတွင် အသုံးပြုကြ၏။

– ယုဇနပန်းမှ ရရှိသည့်အနံ့ကို ရေမွှေးအဖြစ်လည်းကောင်း၊ အမျိုးသမီးများပါးပြင်တွင် လိမ်းကျံ သည့် ပေါင်ဒါများထုတ်လုပ်ရာတွင်လည်းကောင်း ထည့်သွင်းအသုံးပြုကြ၏။

ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များအနေဖြင့် ယုဇနကို ဆေးဖက်ဝင်ကုထုံးအဖြစ် အသုံးပြုလိုပါက ကျွမ်းကျင်သည့် ပညာရှင်များ၏ ညွှန်ကြားချက်အတိုင်းသာ လိုက်နာသင့်၏။ သတိပြုရမည့်အချက်မှာ ယုဇနပင်တွင်ပါဝင်သော အချို့သောဓာတ်ပစ္စည်းများသည် ပမာဏလွန်ကဲစွာ သောက်သုံးမိပါက ဘေးဖြစ်တတ်သည့်အတွက် တန်ဆေးလွန်ဘေးဆိုသည့်စကားအတိုင်း သတိပြုရန် လိုအပ်လှပေ၏။

**ကြေးမုံငယ်**

# အစိုးရနှင့် ပုဂ္ဂလိက သုတေသနလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အစီရင်ခံစာ တင်ပြ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၅

**စိုက် ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကနှင့်အစိုးရတို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း အစီအစဉ်ဖြင့် (Private Public Partnership - PPP) စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) နှင့် မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း (မေတ္တာ)တို့သည် ၂၀၁၈ ခုနှစ် စိုက်ပျိုးရာသီ (မိုးနှင့်ဆောင်း)အတွင်း သီးနှံမျိုးအလိုက်နှင့် စိုက်ပျိုး နည်းပညာသုတေသနလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ရာ အဆိုပါသုတေသနလုပ်ငန်းဆောင်ရွက်ပြီးစီးမှု တွေ့ရှိချက်ရလဒ်များ အစီရင်ခံစာတင်ပြခြင်း၊ လာမည့်စိုက်ပျိုးရာသီတွင် ဆက်လက်ဆောင်ရွက်သွားမည့် သုတေသနလုပ်ငန်းစဉ်များ နှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခြင်းကို ယနေ့နံနက် ၁၀ နာရီက စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ပုံ)**

အဆိုပါတွေ့ဆုံပွဲ၌ မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းအဖွဲ့မှ တာဝန်ရှိသူများက ၂၀၁၈ ခုနှစ် စိုက်ပျိုးရာသီ (မိုးနှင့်ဆောင်း) အတွင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ်များ၊ ကယားပြည်နယ်ရှိ ဖရူးဆို၊ ဘောလခဲ၊ ဖားဆောင်းမြို့များရှိ မြေပဲနှင့် နှမ်းသီးနှံများ၏ မျိုးယှဉ်ပြိုင်စမ်းသပ်မှု အခြေအနေများနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အိမ်မဲ၊ ဝါးခယ်မနှင့် ကန်ကြီးထောင့်မြို့နယ်များတွင် မတ်ပဲ အစားထိုး သီးထပ်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ ပဲပုပ်၊ နေကြာ၊ ပဲတီစိမ်းသီးနှံများအား မျိုးယှဉ်ပြိုင်စမ်းသပ်ပြီးစီးမှု အခြေအနေများ ကွင်းဆင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များ၊ သုတေသနတွေ့ရှိချက်များနှင့်ရလဒ်များကို တင်ပြဆွေးနွေးကြသည်။



စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း (မေတ္တာ)အဖွဲ့အနေဖြင့် တောင်သူအကျိုးပြု သုတေသနလုပ်ငန်းများကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရရှိလာသော သုတေသနတွေ့ရှိချက်များနှင့် ရလဒ်များအား အစီရင်ခံတင်ပြခြင်းအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနတွေ့ရှိချက်များကို ဝေးလံခေါင်သီသည့်ဒေသများရှိ တောင်သူများထံသို့ အရောက်ပို့ဆောင်ပေးရန်အတွက် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGO) နှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ နယ်သုတေသနခြံများဖြစ်သည့် ဇလုပ်သုတေသနခြံနှင့် အောင်ပန်းသုတေသနခြံတို့ကို ဒေသကိုယ်စားပြုဖွံ့ဖြိုးရေး စိုက်ပျိုးရေးသုတေသနဇုန်ဌာန (Regional Research Center - RRC) အဖြစ် တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ စစ်တမ်းများကောက်ယူမှုအပိုင်းတွင်လည်း မေတ္တာဖောင်ဒေးရှင်းအဖွဲ့များမှ ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း၊ ပြောင်းလဲလာမည့်ရာသီဥတုနှင့်လိုက်လျောညီထွေရှိသည့် သီးနှံမျိုးများနှင့် စိုက်နည်းစနစ်များကိုလည်း သုတေသနပြုဆောင်ရွက်နေပါကြောင်း၊ ယခုတင်ပြသွားသည့် အချက်အလက်များထဲမှ တောင်သူများအတွက် အမှန်တကယ်လိုအပ်သည့် လုပ်ငန်းစဉ်များကိုလည်း ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် သီးနှံမျိုးကောင်းမျိုးသန့်ထုတ်လုပ်ပေးနိုင်မည့် အခြေအနေများ၊ စိုက်ပျိုးရေးနည်းပညာတိုးတက်ရေးနှင့် ပတ်သက်သည်များကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စီမံကိန်းရှိ တာဝန်ရှိသူများက အပြန်အလှန်ဆွေးနွေးကြသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**



# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဘားအံ-ကမော့ကပို (မျိုးသန့်ခြံ) ပိုးမွေးမြူခြင်းနှင့် ပိုးချည်မျှင်ထုတ်လုပ်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှု အားပေး

ဘားအံ ဩဂုတ် ၂၀

**ကရင် ပြည်နယ်အစိုးရအဖွဲ့၊ JICA Daimatsu Co.Ltd နှင့် Japan Sericulture and Silk Industry Development Cooperative Association တို့ ပူးပေါင်း၍ စိုက်ပျိုးရေးဦးစီးဌာနက အကောင်အထည်ဖော်လျက်ရှိသော “ပိုးချည်ငင် လက်ရက်ကန်းထုတ်လုပ်နည်းနှင့် အရည်အသွေးမြင့် ပိုးချည်မျှင်ထုတ်လုပ်သည့် ဂျပန်နည်းပညာများကို ပုဂ္ဂလိကလုပ်ငန်းများအတွက် မိတ်ဆက်ဖြန့်ဖြူးပေးမှုလေ့လာရေးစီမံကိန်း” အစီအစဉ်ဖြင့် ဘားအံ-ကမော့ကပိုမျိုးသန့်ခြံ၌ ပိုးမွေးမြူခြင်းနှင့် ပိုးချည်ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် တာဝန်ရှိသူများ ဩဂုတ် ၁၀ မွန်းလွဲ ၂ နာရီက သွားရောက် ကြည့်ရှုအားပေး ကြသည်။ (ပုံ)**

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား ကမော့ကပို မျိုးသန့်ခြံ တာဝန်ခံ ဦးဇော်မြင့်နိုင်က ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံတိုင်းရင်းသားကိုယ်တိုင် တစ်ပိုင်တစ်နိုင် ပိုးမွေးမြူ၍ ပိုးချည်ထုတ်လုပ်နိုင်စေရေး နည်းပညာများ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဖြူးသွားကြရန် မှာကြားသည်။

ထို့နောက် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်မှ Internship Program ကျောင်းသား ကျောင်းသူများနှင့် ကရင်ပြည်နယ် လေးကေ့ကော်ဒေသ (KNU) နှင့် ထိုကော်ကိုးဒေသ (KNU KNLA - PC) ငြိမ်းချမ်းရေး ဒေသများမှ လက်တွေ့လေ့လာသင်ယူ နေကြသော တိုင်းရင်းသားဒေသခံ များအား ပြည်နယ်ဝန်ကြီးချုပ်က အားပေးစကားပြောကြားသည်။

**မြတ်သဉ္ဇာလှိုင်**

ကျောဖုံး – ကရင်ပြည်နယ် မှ

ပတ်က ဧရာဝတီမြစ်ရေ ရက် ၂၀ ခန့်ကြီးမြင့်ခဲ့ရာ စပါးအပါအဝင် သီးနှံစုံပျက်စီးထိခိုက်မှုအခြေအနေကို တိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဦးထွန်းရှိန်အား ဆက်သွယ်မေးမြန်းတင်ပြအပ်ပါသည်။

(အယ်ဒီတာ)

**မေး။ ။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လယ်ယာမြေများ ရေကြီးနစ်မြုပ်ခဲ့မှု အခြေအနေကို သိပါရစေခင်ဗျာ။**

**ဖြေ။** ။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဩဂုတ် ပထမပတ်ကစပြီး ၁၅ ရက်၊ ရက်၂၀ လောက် ဧရာဝတီမြစ်ရေလျှံမိုးခဲ့တဲ့အတွက် ခရိုင်ခြောက်ခုမှ မြို့နယ်ခြောက်မြို့နယ်မှာ လယ်ယာမြေဧကပေါင်း ၂၅၄၉ ဧက ထိခိုက်ပျက်စီးသွားခဲ့ပါတယ်။ အဲဒီပျက်စီးမှုထဲမှာ မိုးစပါး ၂၄၂၁ ဧက၊ နွေစပါးဧက ၃၀၊ ဖူးစားပြောင်း ၃၂ ဧက၊ မြေပဲ ၄၅ ဧက၊ နှမ်း ရှစ်ဧက၊ ပဲတီစိမ်းလေးဧကနဲ့၊ ပဲစင်းငုံကိုးဧက ထိခိုက်ပျက်စီးခဲ့ပါတယ်။

**မေး။ ။ အဲဒီထိခိုက်ပျက်စီးမှုတွေကို ဘယ်လိုပြန်လည်ထူထောင်ပါသလဲခင်ဗျာ။**

**ဖြေ။** ။ အခုအခါမှာ ဌာနဆိုင်ရာရဲ့ နည်းပညာပံ့ပိုးမှုတွေနဲ့ တောင်သူတွေဟာ အစားထိုးပြန်လည်ထူထောင်စိုက်ပျိုးမှုတွေ ဆောင်ရွက်နေကြပါပြီ။ ဒါပေမယ့် ယခင်နှစ်တွေရဲ့ အတွေ့အကြုံအရ လာမယ့် စက်တင်ဘာ၊ အောက်တိုဘာမှာ မမျှော်လင့်ဘဲ ရေဘေးထပ်မံကြုံလာရင် အပျက်အစီးမရှိအောင် ကြိုတင်စီမံမှုတွေ ပြုလုပ်နေပါတယ်။ ကြုံလာရင် အစားထိုးဖို့လည်း အရန်မျိုးစေ့၊ သွင်းအားစုတွေကို ကြိုတင်ပြင်ဆင်ထားပါတယ်။

**အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်ခင်ဗျာ။**

ကျောဖုံး – ပဲခူးတိုင်းဒေသကြီး မှ

ရေးမှူးချုပ် ဦးအေးကိုကိုက မွန်ပြည်နယ်အစိုးရအဖွဲ့သို့ ဆန်များကို လွှဲပြောင်းပေးအပ်ရာ မွန်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေးက လက်ခံရယူပြီး ကရင်တိုင်းရင်းသားဝန်ကြီး ဦးစောအောင်ခိုင်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောကျော်ဝင်းမောင်တို့ထံ ဆက်လက်ပေးအပ်သည်။

ယနေ့လှူဒါန်းသော ဆန်တန်ချိန် ၁၀ တန် (အိတ် ၂၅၀)ကို ကျိုက်မရောမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့လှူဒါန်းသွားမည်ဟု သိရသည်။

**MOALI ပြန်ကြားရေး**

# Power Weeder ကိုင်တွယ်မောင်းနှင်မှုသင်တန်းနှင့် သရုပ်ပြပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

**ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ် အုန္နဲကုန်းကျေးရွာရှိ တောင်သူ ဦးတင်ယု၏ စနစ်ကျလယ်ယာမြေရှိ Knowledge Center တွင် စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ Power Weeder ကိုင်တွယ်မောင်းနှင်မှုသင်တန်းနှင့် သရုပ်ပြပွဲအခမ်းအနားကို ယနေ့ကျင်းပသည်။**



စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်က စပါးပင်အတန်းလိုက် စိုက်ပျိုးပြုစုထိန်းသိမ်းနည်းစနစ်များ၊ ပေါင်းလိုက်တမန်းနှိုးလုပ်ငန်းစဉ်များကို မဖြစ်မနေဆောင်ရွက်ရန် ဆွေးနွေးသည်။ ဆက်လက်၍ စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးသောင်းထိုက်နှင့် အမှတ် ၁ လယ်ယာသုံးစက်ကိရိယာသုတေသနအလုပ်ရုံမှူး ဦးကျော်စိုးတို့က Power Weeder နှင့်ပတ်သက်၍ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းပုံများကို ရှင်းလင်းပြသသည်။

**စက်မှုလယ်ယာဦးစီးဌာန**

# ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရေဘေးသင့်ပြည်သူများအား အရန်ဆန်ရိက္ခာ ထောက်ပံ့လှူဒါန်း



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုအား ဂုဏ်ပြုလွှာပေးအပ်စဉ်။



ပဲခူးတိုင်းဒေသကြီး ဝန်ကြီး ဦးအောင်ဇော်နိုင်ထံ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဆန်အလှူပေးအပ်စဉ်။

နေပြည်တော် ဩဂုတ် ၁၉

**ပဲခူး တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့အတွင်း ရေဘေးသင့်ပြည်သူများအတွက် အာဆီယံအပေါင်း ၃ အရေးပေါ်အရန်ဆန်ရိက္ခာအစီအစဉ်အရ ဆန်လှူဒါန်းပွဲများကို ဩဂုတ် ၁၇ နှင့် ၁၈ ရက်တို့တွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ကျင်းပသည်။**

ပဲခူးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် အာဆီယံအပေါင်း ၃ အရေးပေါ်အရန် ဆန်ရိက္ခာအစီအစဉ် ၃ အလိုအလျောက် ခလုတ်ဆွဲစနစ်အရ ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသော ဆန်တန်ချိန် ၁၀ တန် (40 kg အိတ် ၂၅၀) လှူဒါန်းပွဲကို ဩဂုတ် ၁၈ ရက် နံနက် ၁၁ နာရီခွဲက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီး ဦးအောင်ဇော်နိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးကိုယ်စား စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ရွှေကျင်မြို့နယ် တိုင်းဒေသကြီးအမှတ် ၂ လွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်းနှင့် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ ညွှန်ကြားရေးမှူး ဦးကိုကိုကြီး၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးလှမြင့်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရေဘေးသင့်ပြည်သူများအတွက် APTERR အစီအစဉ်အရ လှူဒါန်းသောဆန်များကို ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဝန်ကြီး ဦးအောင်ဇော်နိုင်အား ပေးအပ်လှူဒါန်းပြီး ရေဘေးသင့်ပြည်သူများကိုယ်စား သက်ဆိုင်ရာ ကိုယ်စားလှယ်များထံ ဆက်လက်ထောက်ပံ့ ပေးအပ်သည်။

ကိုရီးယားသမ္မတနိုင်ငံမှ ယခု လှူဒါန်းသောဆန်တန်ချိန် ၁၀ တန် (အိတ် ၂၅၀) ကို ရွှေကျင်မြို့နယ် ရေဘေးသင့် အိမ်ထောင်စုပေါင်း ၁၉၅၈ ရှိ လူဦးရေ ၉၅၈၀ ဦးအား အညီအမျှ ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်သည်။

အလားတူပင် ညောင်လေးပင်မြို့နယ် မဒေါက်ဒေသရှိ သဘာဝရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီက ရုံအမ်းဘုံကျောင်းခန်းမတွင် ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက လွှဲပြောင်းပေးအပ်ရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဝန်ကြီးဦးအောင်ဇော်နိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ လှူဒါန်းသောဆန်တန်ချိန် ၁၀ (တန်အိတ် ၂၅၀) ကို မဒေါက်ဒေသရှိ ရေဘေးသင့် အိမ်ထောင်စုပေါင်း ၁၇၈၁ ရှိ လူဦးရေ ၉၂၄၄ ဦးအား အညီအမျှ ထောက်ပံ့လှူဒါန်းသွားမည်ဟု သိရသည်။

အလားတူပင် အာဆီယံအပေါင်း ၃ အရေးပေါ်အရန်ဆန်ရိက္ခာအစီအစဉ် ၃ အရ ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသောဆန်တန်ချိန် ၂၀ (ဆန်အိတ် ၅၀၀) ကရင်ပြည်နယ် သဘာဝဘေးသင့်ပြည်သူများသို့ ထောက်ပံ့လှူဒါန်းပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၈ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (ပြည်ထောင်စုဝန်ကြီးရုံး) ကိုယ်စား စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ်မှ APTERR (Asean Plus Three Emergency Rice Reserve) ကောင်စီဝင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသောဆန်များအား ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယခု လှူဒါန်းသော ဆန်တန်ချိန် ၂၀ (အိတ် ၅၀၀)ကို လှိုင်းဘွဲ့မြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၂၀၀၊ ကော့ကရိတ်မြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၁၀၀၊ ကြာအင်းဆိပ်ကြီးမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၁၀၀၊ ကျိုက်ဒုံမြို့ ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၁၀၀ တို့ကို အသီးသီးလွှဲပြောင်းပေးအပ်လှူဒါန်းသွားမည်ဟု သိရသည်။

အလားတူပင် ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသော ဆန်တန်ချိန် ၁၀(40 kg အိတ် ၂၅၀) မွန်ပြည်နယ် သဘာဝဘေးသင့်ပြည်သူများသို့ ထောက်ပံ့လှူဒါန်းပွဲကို ဩဂုတ် ၁၇ ရက်နံနက် ၁၁ နာရီက ကျိုက်မရောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်စိုက်ပျိုးရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေး၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောအောင်ခိုင်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောကျော်ဝင်းမောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးကိုယ်စား စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယညွှန်ကြား

စာ - ၁၉ သို့

# ပဲခူးခရိုင်အတွင်းရှိ ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာများ ဒုတိယညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

ပဲခူး ဩဂုတ် ၁၈

**ညောင် လေးပင်မြို့နယ် ပိန်းဇလုပ်နယ်မြေတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာရှိ မျိုးစေ့ထုတ်စိုက်ခင်း၊ ပျိုးသက်နုကောက်ကွက်ကြဲ (SRI)စိုက်ခင်း၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) နည်းပညာဖြင့် စိုက်ပျိုးထားသော စိုက်ခင်းများကို စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့်အဖွဲ့ ယနေ့သွားရောက်စစ်ဆေးသည်။**

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ကျောက်တံခါးမြို့နယ် အလယ်ခင် စိုက်ပျိုးပညာပေးစခန်းသို့ ဆက်လက်ထွက်ခွာပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အလယ်ခင် စိုက်ပျိုးပညာပေးစခန်းနယ်မြေအတွင်း တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်မှု၊ စံပြကွက်၊ စမ်းသပ်ကွက်များ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။ ■



# ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ရေလွှမ်းခံလယ်ယာများ ပြန်လည်ထူထောင်ရေး

တွေ့မေးတင်ပြ - ဖေအောင်ကျော် (ရက္ခဇေဒ)

**ကရင် ပြည်နယ်တွင် ပြီးခဲ့သည့်ဩဂုတ် ၂ ရက်မှ ၁၅ ရက်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ယင်းကိစ္စကြောင့် စိုက်ပျိုးပြီးလယ်မြေများထိခိုက်မှုရှိခဲ့ပြီး ရေပြန်ကျချိန်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသန်းထိုက်အား တွေ့ဆုံမေးမြန်းတင်ပြအပ်ပါသည်။ (အယ်ဒီတာ)**

**မေး။ ။ ပြည်နယ်ဦးစီးမှူးခင်ဗျာ၊ ရေကြီးရေလျှံမှုဖြစ်စဉ်ကြောင့် လယ်ယာများ ထိခိုက်ပျက်စီးမှု အခြေအနေ သိပါရစေ။**

**ဖြေ။** ။ ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့မှာ ဩဂုတ် ၂ ရက်မှ ၁၅ ရက်အတွင်း ရေကြီးရေလွှမ်းမှုဖြစ်ပေါ်ခဲ့ရာမှာ ပြည်နယ်တစ်ခုလုံး စပါးစိုက်ပျိုးပြီးဧက ၂၆၄၈၉၂ ဧကအနက် ကျေးရွာအုပ်စုပေါင်း ၁၆၉ အုပ်စု၊ ကွင်းပေါင်း ၅၆၇ ကွင်းမှာ တောင်သူပေါင်း ၅၆၈၆ ဦးတို့ရဲ့ လယ်ဧက ၂၃၅၂၈ ရေလွှမ်းခံခဲ့ရပါတယ်။ အဲဒီအထဲက ထိခိုက်ပျက်စီးမှုဧက ၇၀၈ ဧကရှိခဲ့ပါတယ်။ အဲဒါကို ဦးစားပေးပြီး ပြန်လည်ထူထောင်သွားရမှာ ဖြစ်ပါတယ်။

ပြည်နယ်အတွင်း မြို့နယ်ခုနစ်မြို့နယ်အနက် ကော့ကရိတ်မြို့နယ်က အများဆုံးရေလွှမ်းခံရပြီး ၈၂၇၈ ဧက ရေလွှမ်းခံရတဲ့အထဲမှာ ၇၀၈ ဧက ထိခိုက်ပျက်စီးသွားပါတယ်။ အနည်းဆုံး ရေလွှမ်းခံရတာကတော့ မြဝတီမြို့နယ်ပါ။ ၈၈ ဧကပဲ ရေလွှမ်းခံရပြီး ထိခိုက်ပျက်စီးမှုတော့ မရှိခဲ့ပါဘူး။

**မေး။ ။ မိုးစပါးအပြင် အခြားသီးနှံတွေကော ပျက်စီးခဲ့ပါသလား။**

**ဖြေ။** ။ မြဝတီမြို့နယ်မှာ စပါးပျက်စီးမှုနည်းခဲ့ပေမယ့် အစေ့ထုတ်ပြောင်းစိုက်ခင်းတွေ အများဆုံးထိခိုက်ပျက်စီးခဲ့ပါတယ်။



ကရင်ပြည်နယ် ဦးစီးမှူး ဦးသန်းထိုက်

ပြောင်းစိုက်ပျိုးပြီး ၅၀၉၉၅ ဧကရှိတဲ့အနက် မြဝတီမြို့နယ် ကျေးရွာအုပ်စုငါးခုရဲ့ကွင်း ၁၅ ကွင်း၊ တောင်သူ ၁၁၁ ဦးရဲ့ပြောင်းစိုက်ခင်း ၆၆၈ ဧက ရေလွှမ်းခံ ရပြီး ထိခိုက်ပျက်စီးမှု ၄၆၄ ဧက ရှိခဲ့ပါတယ်။

**မေး။ ။ အခုအခါ ရေပြန်ကျသွားပြီဆိုတော့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဘယ်လိုဆောင်ရွက်မယ်ဆိုတာ သိပါရစေ။**

**ဖြေ။** ။ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ညွှန်ကြားမှုနဲ့ မျိုးစပါး ၅၁၀၀ တင်း စုဆောင်းထားပြီးပါပြီ။ ဆင်းသုခမျိုးစပါး တင်း ၄၀၀၀၊ ရက် ၉၀ စပါးတင်း ၁၀၀၀ နဲ့ လုံးသွယ်မွှေးစပါးမျိုးတင်း ၁၀၀ စုစုပေါင်း ၅၁၀၀ တင်းရှိပြီးပါပြီ။

လုံးဝပျက်စီးသွားတဲ့နေရာတွေမှာတော့ အချိန်မီအောင် ရက် ၉၀ စပါးမျိုးနဲ့ အစားထိုးစိုက်ဖို့စီစဉ်ထားပါတယ်။ ဒီနှစ် ရေလွှမ်းကာလသိပ်မကြာလို့ ရေကျချိန်မှာ အချို့စိုက်ကွင်းတွေကို မြေဩဇာကျွေးပြီး ပြန်လည်ထူထောင်ရမှာ ဖြစ်ပါတယ်။ မြေဩဇာအိတ်တစ်သောင်းကိုလည်း သက်ဆိုင်ရာနယ်မြေတွေအရောက်ပို့ထားပြီးပါပြီ။

ရေပြန်ကျချိန်မှာ ကြုံရတတ်တဲ့ ပိုးမွှားရောဂါကာကွယ်ရေးအတွက်လည်း အဖွဲ့တွေ ကွင်းဆင်းဆောင်ရွက်နေကြပြီ ဖြစ်ပါတယ်။ ရွှေခရုအပါအဝင် ဖျက်ပိုးတွေကို ပိုးသတ်ဆေးတွေ၊ လူစွမ်းအားတွေနဲ့ ထိရောက်အောင် ကာကွယ်ကြရမှာ ဖြစ်ပါတယ်။

**အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ။**

---



စစ်ကိုင်းတိုင်းဒေသကြီးဒုတိယဦးစီးမှူး ဦးထွန်းရှိန်

အလားတူပင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြီးခဲ့သည့် ဩဂုတ် ပထမ

စာ - ၁၉ သို့